
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၀၀၇၈၂၆၀၆ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၇၅၁၁၆၀၇ |
| မျက်နှာဖုံးပန်းချီ | [illegible]း |
| ကွန်ပျူတာ | Asia Glory |
| ပထမအကြိမ် | |
| ဇူလိုင်လ | |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၂၃၀ ကျပ် |




BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ နည်းပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း — တစ်



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(တစ်)

'မမကြီး သတိုးကို မမကြီးပဲ ကျောင်းပို့မှာလား'

အဖြူထည်သည် ပင်ကိုယ်က ခပ်အေးအေးဖြစ်၍ အနုမြူခေတ်၌ မွေးဖွားလာသော မောင်အငယ်ဆုံး၏ ခြေလှမ်းကို လိုက်မမီအောင်ဖြစ်ရလေသည်မို့ အစ်မဖြစ်သူကိုသာ အကူအညီတောင်းလိုက်သည်။

'အေးလေ ဈေးသွားရင်း ဝင်ပို့လိုက်မယ်'

မမကြီးမိုးမြင့်ထည်ကတော့ ထောင်းတိ မောင်းတီနှင့် အားကိုကိုယ်တိုင်မောင်းကာ ကျွားကျားယားယားနှင့်ယောက်ျား တစ်ဦးပမာအားကိုးရလေသည်။

'သတိုး ပြီးပြီလား'

'မပြီးသေးဘူး မမကြီးရေ ဒီမှာ သနပ်ခါးလိမ်းပေးလို့ လည်း မရဘူး'

အဖြူထည်၏ခပ်ပျော့ပျော့လေသံလေးကြောင့် မိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com



ထည် စိတ်မရှည်နိုင်တော့။

'ထားခဲ့လိုက်.ငါလာမယ် နိုင် ဒီမှာထမင်းချိုင့်လာထည့်ပေးလိုက်တော့'

'ဟုတ်ကဲ့'

အဖြူသည် ဝမ်းသာသွားသည်။ ကျဉ်းထဲ ကျပ်ထဲက လွတ်မြောက်သွားသလိုမျိုး သတိုးကို မျက်စောင်းထိုးကာ

'ကောင်းတယ် မမကြီးနဲ့မှ နိုင်သိမယ်'

သတိုးဝင့်ထည်က မမှုသည့်ဟန်မျိုး မျက်နှာချိုကာ

'မမကြီးနဲ့သားက အမြဲတွေ့နေတာပဲဟာ'

'ဟင်း မမကြီးကို မကြောက်ဘူးလား'

'ဟင်းဆိုရင် ထမင်းနဲ့တွေ့သွားမှာ'

အဖြူထည် သတိုးဝင့်ထည်ခေါင်းကို ပုတ်လိုက်မိလေသည်။

'မမကြီးကိုလာခိုင်းရမလား မင်း မမလေးလိမ်းပေးတာ လက်ခံမလား'

'မမလေးပဲ လိမ်းပေးပါ မမကြီးလိမ်းပေးရင် ကျားကျားကြီး'

အဖြူထည် သတိုးဝင့်ထည်နှင့် နားလည်မှုရသွားလေပြီ။ ဒီကောင်က ဒီလိုပင်။ အနည်းငယ်တော့ ဂျီကိုက်ပိုက်ရမှ





သူ့ကိုနိုင်တာ မမကြီး တစ်ယောက်တည်းရှိလေသည်။

'ရပြီ မမကြီး ဖြူပဲ လိမ်းပေးလိုက်တော့မယ်'

'အေး အေး ငါ ကားထုတ်ထားလိုက်တော့မယ် သတိုး အမြန်ဆုံး ဆင်းလာခဲ့နော် ကိုယ့်ခြင်းတောင်း ကိုယ်ဆွဲ၊ ကိုယ့်လွယ်အိတ်ကိုယ်လွယ်ခဲ့ ကြားလား သတိုး'

'ဟုတ်ကဲ့ ခင်ဗျ'

သတိုးဝင့်ထည်က လူကြီးလေသံနှင့် လှမ်းဖြေလိုက်၏။ သတိုးဝင့်ထည်က ခုမှခြောက်နှစ်သားသာရှိသေးသည်။ အသက်အရွယ်အားဖြင့် သူတို့ မောင်နှမ (၃)ယောက် သိပ်ကွာခြားနေသည်။ မမကြီးမိုးမြင့်ထည်က အသက် (၃၂)နှစ်၊ အဖြူထည်က (၂၇)နှစ်၊ မောင် နီဝင့်ထည်က (၂၄)နှစ်ရှိပြီးမှ မိခင်ဒေါ် သက်သက်မာက သွေးဆုံးသားဆုံးဆိုသလို (နွားအိုနောက်ကျသား) သတိုးဝင့်ထည်ကိုမွေးပြီး နှစ်ခါလည်၌ မြန်မာအယူ နှလုံးရောဂါဖြစ်၊ အင်္ဂလိပ်အယူ ဟာတ်အတက်ခ်နှင့် ရုတ်တရက်ကွယ်လွန်သွားခဲ့လေတော့ သတိုးဝင့်ထည်၏တာဝန်သည် ဖခင်ကြီးဦးဝင့်ထည်နှင့် အဖြူထည်တို့မောင်နှမသုံးယောက်အပေါ်သို့ စုပြုံကျရောက်လာလေတော့သည်။ မိတဆိုးလေးမို့ မထိရက် မတို့ရက် မရိုက်ရက်။ အားလုံးက ပိုင်းပြီးချစ်ခင်ကာ အလိုလိုက်ထားခဲ့လေတော့ သတိုးဝင့်ထည်က အနည်းငယ်ဆိုးချင်လာသည်။ ဒီတော့

www.burmeseclassic.com



မမကြီးက အစ်မကြီးအမိအရာစီပီခေါင်းခံကာ အမာခံလုပ်က
ခပ်တင်းတင်းခပ်တည်တည် ဆက်ဆံရလေသည်။ ဒီလိုမှ မလုပ်
လျှင်လည်း မဖြစ်တော့။ ယောက်ျားကလေးများကို ငယ်စဉ်က
တည်းက နိုင်နိုင်နင်းနင်းအုပ်ချုပ်ထားနိုင်ကာမှ တန်ကာကျလေ
သည်။ အဖြူထည်က သတိုးဝင့်ထည်ကို သနပ်ခါး လူးပေးရင်း
သတိုးအကြောင်းကိုတွေးနေမိသည်။

'မမလေး သွားပွတ်တံလေးနဲ့ခြစ်ပေးဦးလေ'

'အေးပါ'

'ဆရာမက သားကို ပါးကွက်ကလေးနဲ့ သိပ်ချစ်စရာ
ကောင်းတယ်တဲ့ ဘယ်သူလိမ်းပေးတာလဲ မေမေလားတဲ့'

အဖြူထည်ရင်၌ နင့်ကနဲဖြစ်သွားသည်။ သတိုးဝင့်ထည်
မိခင်အကြောင်းမေးလာလေတိုင်း အဖြူထည်၏ရင်မှာ နင့်ကနဲ
နေအောင် နာကျင်တတ်လေသည်။

'ဒီတော့ သားက ဘာပြောလိုက်သလဲ'

'မေမေသေသွားပြီလို့'

သတိုးဝင့်ထည်ကို မခင်ဂျာ အမှန်တရားနှင့်လောကစံ
အကြောင်းသိစေရန်မှာဆိုကာ ကျောင်းစတက်ခါနီးကတည်းက
သင်ကြားပေးထားသည်။





သတိုးကလည်း သင်လျှင် သင်သကဲ့သို့ လိုက်နာနိုင်၏။

'သား အဖေနာမည်မေးရင် ဘာပြောရမလဲ သား'

'ဦးရင့်ထည်'

'အမေ့နာမည်မေးရင်ကော'

'ဒေါ်သက်သက်မာ'

'ဖခင်က ဘာလုပ်သလဲ'

'ပွဲရုံလုပ်တယ်'

'အမေ ကကော'

'အမေက သေသွားပါပြီ'

'ဟုတ်ပြီ ဘယ်တုန်းကဆုံးသွားသလဲ'

'သားကိုမွေးကတည်းကလို့ ပြောပါမယ် ဖေဖေ'

'အေး အေး'

'သားလိပ်စာကိုမေးရင်ကော'

'-----'

သတိုးဝင့်ထည်သည် သင်လျှင်သင်ကြားပေးသလောက်
နာခံလွယ်၊ တတ်လွယ်သောကလေးဖြစ်သည်။

ကျောင်းမှာလည်း သူငယ်တန်း၌ အဆင့်တစ်ကို ဒိုင်ခံ
ယူထားသကဲ့သို့ ပထမတန်း၌လည်း နှစ်ဝက်ထိ ပထမကိုဘယ်
သူမှမပေးသေးသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမောင်နှမ မပြီးသေးဘူးလား'

မမကြီးမိုးမြင့်ထည်၏ အသံသည် အိမ်အောက်ထပ်မှ နေ၍ဟိန်းထွက်လာလေသည်ဖြစ်ရာ အမြူထည်က

'ပြီးပြီးပါပြီ မမကြီး'

'လာပါပြီ မမကြီး'

မောင်နှမနှစ်ယောက်စလုံး အသံပြုလိုက်ကြသည်။

အမြူထည်က သတိုးဝင့်ထည်၏ ကော်လံကလေးကို ခေါက်ချိုးအတိုင်းချိုးပေးလိုက်ပြီးနောက် သတိုးဝင့်ထည်၏လက်ကိုဆွဲကာ အောက်ထပ်သို့ဆင်းခဲ့ကြလေသည်။

*





## အခန်း(၂)

သတိုးဝင့်ထည် ကျောင်းသွားသည်နှင့် သူတို့အိမ်ကြီးသည် မှင်းရိုခြောက်သွေ့ခြင်းနှင့် ကြီးစိုးသွားခဲ့လေသည်။ စခန်းသာမြို့၏ စီးပွားရေးက နယ်စပ်မြို့ဖြစ်သဖြင့် နယ်စပ်ကုန်သွယ်ရေးအချက်အချာကျလှသည်။ ထို့ပြင် လှပသောတောတောင်သဘာဝရှုခင်းများနှင့် ဥယျာဉ်ခြံလုပ်ငန်းများကလည်း ရှိနေသဖြင့် နေပျော်သောမြို့တစ်မြို့ဖြစ်သည်။ ဘွဲ့ရပြီးဖြစ်သော အစ်မနှစ်ယောက်စလုံးက မှခင်စီးပွားရေး၌ကူညီသည်။ နောက် မောင်တစ်ယောက်ကတော့ ဆေးတက္ကသိုလ်တက်နေသည်။ အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းပြီး ကျရာဒေသ၌ တာဝန်ထမ်းဆောင်မည်ဟုဆိုသော်လည်း သူတို့စခန်းသာမြို့ကိုတော့ ဦးစားပေးလျှောက်ထားသည်။ စခန်းသာသည် သူတို့ဇာတိမြို့မဟုတ်၊ စီးပွားရေးအတွက်အခြေချပြီး အိမ်ဝယ်၊ မြေဝယ်၊ ဥယျာဉ်ဝယ်နှင့် ပွဲရုံလုပ်ငန်းအခြေစာည်ကာ တိုးချဲ့နေထိုင်သည်မှာ သတိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်ဖြစ်သည်။ အဖြူထည် အကြောင်းအရာတချို့ကို မေ့နေသည်။ သူ မန္တလေးမှာ ဒုတိယနှစ်အဝေးသင်ပြန်တက်သည်။ ဘွဲ့တစ်ခုရခဲ့သည်။ ဒါကိုတော့ မှတ်မိသည်။

'မမလေး အိမ်ရှေ့မှာဧည့်သည်ရောက်နေတယ်'

'ဘယ်ကလဲ'

ဖခင်က အိမ်ကို လူအဝင်အထွက်များတာကို မကြိုက်ချေ။ ပွဲရုံသို့လည်း အဖြူထည်ကို မခေါ်။ အဖြူထည်ကို အိမ်မှုကိစ္စဟူသမျှလောက်ကိုသာ လုပ်စေသည်။ သတိုးကို စာသင်ပေး၊ ဤမျှလောက်ပင်။

'ရန်ကုန်ကတဲ့'

အဖြူထည် ရွှေမိန်းအတူ ခြံစည်းရိုးတံခါး ရှိရာသို့ လျှောက်ခဲ့လိုက်သည်။ ခြံတံခါးဝတွင် စူပါရှမ် ဗင်ကားတစ်စီး ရပ်ထားပြီး ကားနံဘေးကို မှီကာ သူတို့ထွက်အလာကို စောင့်ဆိုင်းနေပုံရသောလူတစ်ဦးကို လှမ်းတွေ့လိုက်ရသည်။

အဖြူထည်က သင်းသင်းကို တံခါးဖွင့်ခိုင်းလိုက်သည်။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ခန့်ညားသောလူတစ်ယောက်ကို တွေ့ရသည်။ သူကလည်း အဖြူထည်ကို စူးစူးစိုက်စိုက်ကြည့်နေလေသည်။

'ဦးဝင့်ထည်တို့အိမ် ဟုတ်ပါတယ်နော်'





ထိုသူက တခဏအကြည့်ကို ရုပ်သိမ်းပြီး စကား အစရင်းလိုက်သည်။

'ဟုတ် ဟုတ်ပါတယ်ရှင်'

'ဦးဝင့်ထည်ရှိပါသလား'

'ဖေဖေ ခရီးသွားပါတယ်ရှင်'

'ကျွန်တော့်ကို နီဝင့်ထည်လွှတ်လိုက်လို့ပါ။ ဒါနဲ့ ပစ္စည်းညီး ပေးရင်းပေါ့'

လူပုံစံကြည့်ရသည်မှာ လူကြီးလူကောင်းပုံစံပေါက်နေသည်ပဲ။ လူဆိုးဂျပိုးပုံမှမဟုတ်လေဘဲ။

'အိမ်ထဲဝင်ပါရှင်'

အဖြူထည်က သင်းသင်းကို လှမ်းကြည့်လိုက်သည်။

သင်းသင်းက ကားဝင်နိုင်စေရန် ဘီးတပ် ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။ အဖြူထည် အိမ်ဘက်သို့ ပြန်လျှောက်ခဲ့လေသည်။ တပြိုင်နက်ဆိုသလိုပင် အဖြူထည်လည်း အိမ်ရှေ့ပေါ်တီကိုအောက်အရောက် ဧည့်သည်၏ကားကလည်း ရောက်နှင့်ဆဲဆည်းမိကြသည်။

'အိမ်ထဲကြွပါရှင်'

'ဟုတ်ကဲ့'

အိမ်ရှေ့ဧည့်ခန်းရှိ ဆိုဖာဆက်တီသို့ညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါရှင်'

ဧည့်သည်ရှားပါးသောအိမ် ဖြစ်ခြင်းကြောင့် အဖြူထည် အတွက် ဧည့်သည်ကိုမည်ကဲ့သို့ဧည့်ခံရမည်ကို မသိအောင်ဖြစ် မိသကဲ့သို့ အဖေဆွမှာကိုလည်း စိုးရိမ်နေမိလေသည်။ မမကြီး မိုးမြင့်ထည်ကလည်း တော်တော်နှင့် ပြန်လာဦးမည်မဟုတ်။

'ကျွန်တော်က ဒေါက်တာစေယံမွန်ပါ။ စခန်းသာဆေး ရုံကို ဆေးရုံအုပ်အနေနဲ့ ရပြောင်းလာတာပါ နီဝင့်ထည်က ကျွန် တော်နဲ့ ညီအစ်ကိုလိုခင်တဲ့သူပါ နီဝင့်ထည်က စာပေးလိုက်ပါ တယ်'

'ဪ ဟုတ်ကဲ့ ဒေါက်တာ အားနာလိုက်တာ မျက်နှာ စိမ်းဧည့်သည်ဖြစ်နေပြီး အိမ်မှာကလည်း မိန်းမသားချည်းပဲဆို တော့'

'ပြဿနာမရှိပါဘူးခင်ဗျာ ကျွန်တော်နားလည်ပါတယ် ဒီမှာက နီဝင့်ထည်ပေးလိုက်တဲ့ပစ္စည်းတွေပါ'

ရည်မွန်သောဒေါက်တာစေယံမွန်က အပြုံးတဲလျှော့ဖြင့် သဘောထားကြီးကြောင်းပြသကာ ပြောလိုက်လေသည်။ နောက် ပလပ်စတစ်အိတ်ထုနှင့်ထည့်ထားသော ပစ္စည်းထုပ်ကို စားပွဲ ပေါ်သို့တင်ပေးလိုက်သည်။

'ကျွန်တော် ဆေးရုံကို သတင်းခွဲ့နှိုးလိုက်ပါဦးမယ်'





'ဟင် ဆေးရုံတောင်မသွားရသေးဘူးသား'

အဖြူထည် အံ့အားသင့်စွာဖြင့် မေးလိုက်လေသည်။

ဒေါက်တာစေယံမွန်က ပြုံးကာ

'ဒီကိုပဲ တန်းလာခဲ့တာပါ'

အဖြူထည်မှာ ဘာမှဆိုးဖြတ်ပိုင်ခွင့်မရှိ။ ဖခင် ဦးဝင့် ထည်သည် အိမ်သို့ဧည့်သည်များခေါ်လာလေ့မရှိသကဲ့သို့ သွား သမီးများကိုလည်း ဧည့်ခံခိုင်းခြင်းမရှိချေ။

အလုပ်ကိစ္စအတွက် ပြည်တွင်းပြည်ပဧည့်သည်များကို အသောက်ဆိုင်၌သာ လိုက်လံတည်ခင်းဧည့်ခံကျွေးမွေးလေ့ရှိ သကဲ့သို့ ညအိပ်ရန်အကြောင်းတိုက်ဆိုင်သည့်ဧည့်သည်မျိုးကို သည်း သူ့အဆင့်အလိုက်သူ တည်းခိုခန်း၊ ဟိုတယ်တို့၌တည်း စေနိုင်ရန် စီစဉ်ပေးသူဖြစ်သည်။

'ဒေါက်တာ ဘာရိတ်ဖတ်စ် သုံးဆောင်ပြီးမှ သွားပါလား ရှင် ကျွန်မ အခု ချက်ချင်းပြင်ဆင်လိုက်ပါမယ်'

အဖြူထည်က အားနာစွာဖြင့်ပြောလိုက်ပြီး ထိုင်ရာမှထ ခန်ပြင်လိုက်သည်။ ထို့အတူ ဧည့်သည်ကပါ လိုက်ထပြီး

'နေပါစေ ဒုက္ခမရှာပါနဲ့ အဖြူထည် ကျွန်တော် လမ်းမှာ သောက်ခဲ့ပြီးပါပြီ ခွင့်ပြုပါ ကျန်းမာရေးအတွက် အကူအညီလို အပ်ရင် ကျွန်တော့်ကိုအချိန်မရွေးဆက်သွယ်နိုင်ကြောင်း အဖြူ

www.burmeseclassic.com



ထည်ရဲ့ဖခင်ကိုပြောပေးပါ ကျွန်တော်လည်း အားရင်လာတွေ့ပါဦးမယ်'

အဖြူထည် အားနာစွာဖြင့် ခေါင်းကိုညိတ်ကာ

'ဟုတ်ကဲ့ ဖေဖေတို့ ဒေါက်တာ့ကိုလာတွေ့မှာပါ'

'ရပါတယ်ခင်ဗျာ လူကြီးနဲ့လူငယ် ကျွန်တော်ကပဲ လာတွေ့ရမှာပါ'

'ဘယ်ဟုတ်ပါ့မလဲ ဒေါက်တာရယ် ကျွန်မတို့က ဒေသ... တွေပဲ။ ဒေါက်တာက ကျွန်မတို့ဒေသခံတွေရဲ့ ကျန်းမာရေး... တာဝန်လာယူပေးတဲ့ဧည့်သည်ပေပဲ ကျွန်မတို့ဘက်က တာ... ကျေသင့်ပါတယ်'

ဒေါက်တာဝေယံဇွန်ကို အားနာစွာဖြင့် အဖြူထည်... လေပြေလေးသွေးလိုက်သည်။

'အချိန်တွေရှိပါသေးတယ် အဖြူထည် ကျွန်တော် ဒီ... သမှာ အနည်းဆုံးနှစ်နှစ်တော့ကြာဦးမှာပါ'

ယခုမှ သတိပြုမိလိုက်သည်။ 'အဖြူထည်'ဟု မည်သူ... မိတ်ဆက်မပေးပါဘဲလျက် ဒေါက်တာဝေယံဇွန်က သုံးစွဲသွား... လေသည်။

'ကျွန်မကိုအဖြူထည်မှန်း ဒေါက်တာက သိတယ်'

'နီဝင့်ထည်မှာ မိသားစုဓာတ်ပုံရှိနေတယ်မှတ်လား'





'ဟုတ်တယ်'

'နီဝင့်ထည် ပြထားလို့ ဓာတ်ပုံထဲက အဖြူထည်တို့မိ...အားစုနဲ့ကျွန်တော် ရင်းနှီးနေပြီးသားပါ'

'ဪ ဟုတ်လား'

သွားတက်ကလေးများပေါ်အောင် ပြုံးပြီးစကားပြော...တ်သောဒေါက်တာဝေယံဇွန်ကိုကြည့်ပြီး အဖြူထည်၏ရင်ထဲ... ရင်းနှီးသလိုခံစားလိုက်ရလေသည်။

'မြင်ဖူးသလိုလိုပါပဲ ဘယ်မှာပါလိမ့်'ဟု။

ဒေါက်တာဝေယံဇွန်က နှုတ်ဆက်ကာ ကားပေါ် ပြန်...တ် ကိုယ်တိုင်မောင်းကာ သူ့အားလက်တစ်ဖက်ပြကာထွက်...သွားသည်ကို မြင်ကွင်းမှပျောက်ကွယ်သည်အထိမျက်စိတစ်...ငေးကြည့်ပြီး အဖြူထည်ကျန်ရစ်ခဲ့လေသည်။ ဖခင်သိလျှင်...ပြောဦးမည်မသိ။ လောလောဆယ် မမကြီး ပြန်လာလျှင်...ဖြူထည်အရင်ပြန်ပြောရမည်။ အဖြူထည် အဂေးမှဧည့်သည်...ဦးကို ဖော်ရွေစွာဧည့်ခံမိခြင်းသည် အမှားတစ်ခုကိုကျူးလွန်...မဟုတ်ဘူးဟု ထင်ပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

'ညီမမမှားပါဘူး နီကလည်း တော်ရုံလူတို့အိမ်ကိုလွှတ်ရှာမဟုတ်ဘူးလေ ဖေဖေ့အကြောင်း သူသိနေတာပဲဟာ'

မမကြီးမိုးမြင့်ထည်၏ စကားကို ကြားလိုက်ရမှ အမြူသည် သက်ပြင်းချလိုက်နိုင်သည်။ ရင်ထဲမှ ပူပန်မှု အလုံးကြီးသည်း လျော့ပါးသွားလေသည်။

'ရုပ်ရည်ကကော'

'ချောတယ် ဆိုရမလား. . ယောကျ်ားပီသပြီး ခန့်ညားတယ်ဆိုရမလား မသိဘူး တော်တော်ကြည့်ကောင်းတယ် မမကြီး'

'အသက်အရွယ်ကကော'

'မမကြီးတို့အရွယ်လောက်ရှိလိမ့်မယ် ထင်တယ်'

'အင်း ဖြစ်နိုင်ပါတယ်'

'ဪ ဖေဖေနာမည်တစ်ထားတဲ့ နီ.စာတော့ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြူ မဖတ်ရဲဘူး'

'အေးလေ ဖေဖေလာမှပဲပေးလိုက်တာပေါ့ ညီမပဲ သိမ်းထားလိုက် မမကြီးက အလုပ်များတော့မေ့နေမယ်'

အဖြူထည်က သိမ်းထားသော စာကို ကမ်းပေးလိုက်ရာ မမကြီးမိုးမြင့်ထည်က လှမ်းမယူဘဲ အဖြူထည်ကိုပင် ပြန်သိမ်းထားခိုင်းလိုက်သည်။

'ဖြူလည်း အိမ်မှာနေရတာပျင်းတယ် မမကြီးရဲ့ ပွဲရုံမှာလည်း ဝိုင်းကူစရာမလိုရင် ဆရာမအလုပ် လျှောက်လွှာတင်ရရင် ကောင်းမယ်ထင်တယ်'

အဖြူထည်က မိုးမြင့်ထည် ဝယ်လာသော ဘုရားပန်းများကို အရွက်သင်ရင်း ပြောလိုက်လေသည်။

မိုးမြင့်ထည်က ပွဲရုံသို့ပြန်ထွက်ရန် လှမ်းနေသော ခြေလှမ်းသည် တုံ့ဆနဲ ရပ်ဆိုင်းသွားသည်။

ညီမဖြစ်သူ အဖြူထည်ကို လှမ်းကြည့်လိုက်သည်။ ရင်ထဲ၌ ယူကြုံးမရသောကရုဏာအိုင်လေးကစီးရစ်လေသဖြင့် သူ့အကြည့်တွင် ကရုဏာရိပ်တို့ယှက်သန်းသွားလေသည်။

အဖြူထည်သည် ထကယ့်ကို အဖြူရောင်သတ်သတ်။

အမည်နှင့်လိုက်ဖက်ညီစွာပင် အဖြူထည်သည်သက်သက်နှင့် စင်ကြယ်လွန်းသော ညီမအတွက် သာယာချမ်းမြေ့ခြင်းတို့ကို





ပေးဆောင်ချင်ပါသည်။ သို့သော် သားသမီးအပေါ် အချစ်ပိုကာ အုန်းဖူးသောစာသူငယ်ပမာဖြစ်နေသည့်ဖခင်က အဖြူထည့်ဆန္ဒကိုခွင့်ပြုလိမ့်မည် မဟုတ်ချေ။

ဒါကလည်း ဖခင်၏အပြစ် မဟုတ်။ သားသမီးအပေါ် အချစ်ပိုခြင်းကြောင့် စိုးရိမ်စိတ်လွန်ကဲခြင်းသည် အပြစ်မှမဟုတ်သဘဲ။

'မမကြီးပြောပေးပါလား'

'ဘာလုပ်မှာလဲ ညီမရယ် တာဝန်ကြီးပါတယ် သတိုးကို စာသင်ပေး၊ သတိုးတာဝန်ကိုပဲ ညီမယူပါ'

'သတိုး ကျောင်းသွားတဲ့အချိန်ဆို ဖြူ သိပ်ပျင်းတာပဲ'

'ဒီလိုဆို ပန်းစိုက်မလား၊ စက်ချုပ်မလား'

'ပန်းစိုက်တာ မာလီ ရှိနေတာပဲ စက်ချုပ်တာကလည်း အညောင်းမိပါတယ်'

'အေးပါ ညီမရယ် ဝန်ထမ်းတော့ မလုပ်ပါနဲ့ တာဝန်ကြီးတယ် ဖေဖေကလဲ ခွင့်ပြုမှာမဟုတ်ဘူး'

'ဖြူ့ဘဝကြီးကိုလည်း စဉ်းစားကြည့်ပါဦး မမရယ်၊ ရွှေအိမ်လှောင်ချိုင့်ထဲက ငှက်ငယ်လိုဖြစ်မနေဘူးလား အိမ်ထဲက အိမ်ပြင်မထွက်ရ ထွက်ရပြန်တော့လည်း အခြံအရံတွေနဲ့ ဖြူ တစ်ခါတစ်ရံတွေးကြည့်မိတယ် ဖြူ့ဘဝဝင်္ကြေးဟာ ဆရင်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်သူ့ကိုများ မျှော်ပိတ်ထား မိလို့လဲလို့ မသိပါဘူး မမ ကြီးရယ်'

အမြဲသည်က ပြောပြောဆိုဆိုငိုသံပါလာသောအခါ မိုး မြင့်ထည် စိတ်မကောင်းဖြစ်ရလေပြီ။

ဖခင်၊ ညီမနှင့် မောင်များတာဝန်သည် အစ်မကြီး အပေါ် အရာဖြစ်သော သူ့ခေါင်းပေါ်သို့ ပုံကျရလေသည့်နောက်ပိုင်း အချစ်ရေးသည် သူ့ဘဝ၌ ပျောက်ဆုံးသွားခဲ့လေသည်။

မိမိကိုယ်မိမိသနားရမည့်အစား ညီမအဖြူထည်ကိုသာ အသနားပိုနေမိသည်။

လောကကြီး၏အကြောင်းကို ဘာမှ မသိရှာဘဲလမ်း ပျောက်သလိုဖြစ်နေသော ညီမ၏ နောင်ရေးအတွက် သူ့ရင်၌ ရတက်မအေးနိုင်ရှာပေ။

'ကဲပါ ညီမရယ် ဘာကိုမှတွေးမနေပါနဲ့ ဖေဖေပြန်လာ တဲ့အခါ မမကြီး ညီမခံစားချက်ကိုဖွင့်ပြောပြပြီးခွင့်တောင်းကြည့် ပါဦးမယ်'

ထွက်ပေါက်မရှိတဲ့သူတစ်ယောက်အတွက် ချောင်ပိတ် အနိုင်ခံရသလိုများဖြစ်နေရှာပြီလားဟူသောအတွေးက မိုးမြင့် ထည်ခေါင်းထဲသို့ဝင်ရောက်လာလေတိုင်း အဖြူထည်အတွက် ရင်မှာထိရှရလေသည်။





'ခေါင်းထဲ ဘာမှမထည့်ထားနဲ့ ညီမ၊ ကိုယ်လုပ်စရာရှိ တာသာ လုပ်သွား၊ ဘာကိုမှ ပူပင်ကြောင့်ကြစရာမရှိဘဲနေရတဲ့ ညီမဘဝဟာ စက္ကူဖြူတစ်ချပ်လိုပါပဲ သန့်စင်တာပေါ့နော် ကိုင်း . . မမကြီး ပွဲရုံသွားလိုက်ဦးမယ် ကိစ္စရှိရင်ဖုန်းဆက် သတိုးကို မမကြီးပြန်ကြိုလာမှပဲ ရှမ်းခေါက်ဆွဲဝယ်လာခဲ့တော့မယ်'

မိုးမြင့်ထည်က နှစ်သိမ့်စကားလေးတွေပေးပြီး အိမ်မှ ပြန်ထွက်သွားလေသည်။

ပွဲရုံသွားတော့မည်။

နံနက် သတိုးကို ကျောင်းပို့တော့လည်း မမကြီး၊ ဈေး သွားတော့လည်း မမကြီး၊ ဈေးခြင်း ပြန်ပို့ပြီး ပွဲရုံပြန်ဖွင့်တော့ လည်း မမကြီး၊ သတိုးကျောင်းပြန်ကြိုတော့လည်း မမကြီး၊ ပြီး လျှင် ပွဲရုံပြန်သွား၊ ညနေခြောက်နာရီလောက်မှအိမ်သို့ပြန်လာ သည်။

ဒီလောက်တာဝန်တွေ များပြားသော မမကြီးထံမှ သူ့ အား အလုပ်တွေမျှဝေပေးမည်ဆိုပါက သူလည်း ပျင်းရိငြီးငွေ့ စရာမလိုတော့ချေ။

အကြောင်းပြချက်က အဖြူထည်မှာ ဖျတ်ကနဲ မူးမေ့ တား မေ့လဲတတ်သောရောဂါရှိသည်တဲ့။

ထိုရောဂါကြောင့် ပြင်ပအလုပ် မလုပ်စေဘဲ အိမ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါက်ရှိသောအိမ်၌ ညွန်ကြားပြီး နေခိုင်းခြင်းဖြစ်သည်။

မခိုင်လုံသောအကြောင်းပြချက်ဖြစ်သည်။

'အန်တီစိန်'

'ဘာလဲ ဖြူ'

လဲပြီးသားဘုရားပန်းအိုးများကို မိညိုက ယူဆောင်ကာ ဘုရားခန်းသို့သွားပို့နေစဉ် အဖြူထည်က အိမ်တော်ထိန်းဖြစ်နေသောဒေါ်စိန်အား ချဉ်းကပ်ကာ မေးခွန်းတွေ တစ်ခုပြီးတစ်ခု ထုတ်လိုက်လေသည်။

'အန်တီစိန် ဖေဖေတို့နဲ့နေတာ ကြာပြီလား'

'မိုးမြင့်တစ်သက်ပဲဆိုပါတော့'

'ဒါဆိုရင် ဖြူတို့အိမ်အကြောင်း ကောင်းကောင်းသိတာပေါ့နော်'

'သိတာပေါ့'

'ဒါဖြင့် ဖြူဘာဖြစ်ခဲ့လို့ ဒီလောက်တောင်ချုပ်ချယ်နေရတာလဲ'

'ဟော့တော် ဖြူကလည်း အထူးအဆန်းလုပ်နေပြန်ပါပြီ။ ဖြူကို အားလုံးက ဝိုင်းချစ်လို့ပေါ့ မောင်နှမလေးယောက်ထဲမှာ ဖြူက အလှဆုံး၊ အချောဆုံး၊ ဆရာကလည်း အချစ်ဆုံးမို့လို့ မျက်စိအောက်က အပျောက်မခံဘဲ ပြင်ပလေ့ပင်နှံ့ မခိုင်းတာကို





ချုပ်ချယ်တယ်လို့ ဖြူကတွေးမိနေသလား ဆရာသိသွားရင် စိတ်မကောင်းဖြစ်နေပါဦးမယ် ပေါက်ကရတွေ လျှောက်တွေးမနေပါနဲ့'

အဖြူထည် ရှေ့နေငှားကာမှ ထောင်လှုံးလုံးကျရသည့် အဖြစ်မျိုးကြုံနေသည်။

'ဖြူတို့ အရင်က ရန်ကုန်မှာနေခဲ့ပြီး မေမေ ဆုံးတာနဲ့ ဒီကို ရွှေ့ပြောင်းလာတာ ရန်ကုန်ကအိမ်ကြီးကို ဘာလုပ်ခဲ့သလဲ တင်'

'သုံးရှိုးကိုငှားထားခဲ့တယ်'

ထိုစဉ် ဘုရားပန်းအိုးထားပြီးပြန်လာသော မိညိုနှင့် အဝတ်လျှော်ပြီးဝင်လာသော သန်းသင်းပါ မီးဖိုခန်းသို့ ဝင်လာရာ ဒေါ်စိန်က

'လာ ဖြူ အပေါ်ထပ်မှာ ဘုရားပန်းသွားကပ်ရအောင်'

ဟု ခေါ်ထုတ်လာခဲ့လေသည်။

မိညိုနှင့်သင်းသင်းသည် ဤစခန်းသာရောက်မှ ခေါ်ထားရသော အိမ်ဖော်များဖြစ်လေသည်။

အမှန်တကယ်ဆို အိမ်တော်ထိန်းတစ်ပိုင်း အမှုတော်ပိုင်းလိုဖြစ်နေသော ဒေါ်စိန် ရှိနေသဖြင့် အဖြူထည်မှာ အိမ်၏ အတိမ်းအယိမ်း အလျှပ်အရှားများကိုမျှ ညွှန်ကြားရောမလိုဘဲ ဘာလေး

www.burmeseclassic.com



တစ်ယောက်လို သူစားချင်ရာ လုပ်ချင်ရာကို ဒေါ်စိန်အား ပြောလိုက်ရုံသာဖြစ်သည်။

ဒေါ်စိန်ရှိလျှင် အိမ်က ပြည့်စုံနေပြီးသားဖြစ်သည်။

အဖြူထည်မှာ သတိုးဝင့်ထည်ကိုတပြုံးပြုံးရှိသာ ရှိ၏။

'ဖြူက အိမ်မှာ လူပိုသက်သက်လိုဖြစ်နေမယ့်အတူတူ အပြင်အလုပ်ထွက်လုပ်ချင်တာပေါ့'

'မလုပ်ချင်ပါနဲ့ သမီးရယ်၊ လူ့လောကကြီးက အပြောကျယ်တဲ့ပင်လယ်ကြီးနဲ့တူပါတယ် ပရိယာယ်များတယ် အိမ်ထဲမှာအေးအေး ငြိမ်းငြိမ်းနေရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လားကွယ်'

'အန်တီစိန် ဖြူမူးလဲ တာ ဘယ်နှခါမြင်ဖူးလို့လဲ'

'ခဏခဏပါပဲ ဒီရောက်တော့မှ မဖြစ်တော့တာ တောင်ပေါ်မှာ သရာသီစုတုက သမီးရောဂါနဲ့ တဲ့တယ်ထင်ပါရဲ့ ဒီကို ရောက်မှမဖြစ်တော့ဘူး'

'ဪ'

သူ မူးလဲသောရောဂါအကြောင်း သူ့ဘာဖြစ်လို့ မမှတ်မိရသနည်း။

ကျန်တာတွေအားလုံး မှတ်မိနေသည်။

'ကပါ သမီးတွေမမေ့နဲ့တော့ ဘုရားပန်းကပ်လိုက်ဦး





မယ် သမီးလည်းကပ်လေ'

ဒေါ်စိန်က ပြောပြောဆိုဆို ဘုရားကို ဦးချလိုက်သဖြင့် အဖြူထည်ပြောစရာစကားစရှာမတွေ့ခင်မှာပင် စကားစ ပြတ်သွားရလေသည်။

ရင်ထဲမှာတော့ ခိုးလိုးခုလုနှင့်မကျေမနပ်ဖြစ်လျက်ပင်။

'မေနှဖ ငါ့ကို သိပ်ချစ်ချယ်တယ် အကြောင်းတော့ ရှိကို ရှိရမယ်'ဟူသောအတွေးက မပြယ်နိုင်သေးပေ။

*



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၄)

'သမီးဖြူက အိမ်ထဲမှာနေရတာ ပျင်းနေပြီဆို'

ဖခင် ပြန်ရောက်ပြီးသည့်ညနေ မိသားစုထမင်းစားဝိုင်း၌ အဖြူထည်အားကြည့်ပြီး ဖခင်ကအေးဆေးစွာမေးလိုက်သောအခါ အဖြူထည် ဖဲ့ပြုံးသာသွားသည်။

'ပျင်းတာထက် ငြီးငွေ့တာက ပိုတာပါ ဖေဖေ'

အဖြူထည် အရဲစွန့်ကာ ပြောလိုက်သည်။

ဖခင်သည် သူ့အပေါ်၌ ခဏတည်တည် ဆက်ဆံတတ်သည်။

မလိုအပ်လျှင် စကားမပြောဘဲ၊ လိုအပ်မှသာ စကားပြောသည်။

ပြောသည့်စကားများကလည်း စည်းကမ်းချက်များသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငြိုးငွေ့တယ် အင်းလေ ဖြစ်တတ်ပါတယ် ဒါပေမဲ့ သမီး တောင်းဆိုတဲ့ ဝန်ထမ်းအလုပ်တွေကိုတော့ ဖေဖေ ခွင့်မပြုနိုင်ဘူး ဝန်ထမ်းဆိုတာ နိုင်ငံတော်ကပဲ ပိုင်တယ် ဖေဖေ မပိုင်ဘူး ဒီတော့ မမကြီးနဲ့ဖြစ်စေ ဖေဖေနဲ့ဖြစ်စေ လိုက်ပြီး လုပ်ငန်းမှာ ကူနိုင်တယ် ကားမောင်းသင်ပေးမယ် သတိုးအကြိုအပို့တာဝန်ကို သမီးယူရမယ်'

အဖြူထည် အံ့အားသင့်ရာမှ ဝမ်းသာသွားလေသည်။

လုံးဝ မျှော်လင့်မထားသော ခွင့်ပြုချက်များ ဖြစ်လေသည်။

'ဪ် ဖေဖေ မောင်လေးက ဘာတဲ့လဲ'

'ကျန်းမာကြောင်းနဲ့ သူ့ဆရာသမားဖြစ်တဲ့ ဒေါက်တာဝေယံကိုလည်း လိုအပ်တဲ့အကူအညီပေးဖို့ရေးထားတာ'

အဖြူထည်အံ့အားသင့်သွားသည်။

ဟိုတစ်နေ့ကတွေ့ရသော ပြည်မမှကိုဧည့်သည်က နီဝင့်ထည်၏ဆရာဟု မပြောခဲ့ပါချေ။

ဂုဏ်ပုဒ်ကို ထုတ်ဖော်မပြောတာက လူတော်တစ်ဦး၏ အရည်အချင်းတစ်ရပ်ပေလား။

'ဖေဖေ သွားတွေ့ပြီး တစ်ရက်တော့ ထမင်းစား ဖိတ်လိုက်မယ် အိမ်သားအားလုံးနဲ့ မိတ်ဆက်ပေးပြီး သူလိုအပ်တဲ့





အကူအညီတွေလည်း ပေးရတာပေါ့ ဆရာဝန်တစ်ယောက်နဲ့ ရင်းနှီးထားတာ မိသားစုရဲ့ကျန်းမာရေးအတွက် စိတ်ချရတယ် အရှုံးမရှိပါဘူး'

ဖခင်သည် စီးပွားရေးသမားပီပီ လူမှုရေးဆက်နွယ်မှုအပါ ဈေးတွက်တွက်နေသလားဟုပင် အဖြူထည်က တွေးလိုက်မိလေသည်။

မည်သို့ဆိုစေကာမူ အဖြူထည်တို့၏အိမ်ဆီသို့ ပထမဦးဆုံး ထမင်းဖိတ်ကျွေးခြင်းခံရသောဧည့်သည်တော်မှာ ဒေါက်တာဝေယံဖွန် ဖြစ်ကြောင်းကိုတော့ အဖြူထည် ကောင်းစွာသတိမမိလေသည်။

'ဒီလိုဆို ဒီလာမယ့် ဥပုသ်ပိတ်ရက်မှာပဲ ကျွေးလိုက်ရအောင် ဖေဖေ၊ မနက်စာလား၊ ညစာလား'

'ညစာပဲ ကောင်းပါတယ် ဆရာဝန်ဆိုတော့ နေ့လည်နေ့ခင်းအလုပ်များနိုင်တယ် ဖေဖေ မနက်ဖြန်ပဲသွားတွေ့လိုက်မယ်'

'ဟုတ်ကဲ့ ဖေဖေ'

'ဖြူကို ကားမောင်းပြန်ကျင့်ပေးလိုက် သတိုးကော'

'အိပ်ပြီ ဖေဖေ'

ဖခင်၏စကားသံ ဆုံးသွားသည်နှင့် ထမင်းစားပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သွားလေတော့သည်။ ထမင်း စားသောက်ပြီးချိန်၌ ဖခင်နှင့်မမကြီးတို့က စီးပွားရေးအကြောင်းပြောနေသောအခါ အဖြူထည်က ဖျင်းလာလေသည်။

'ညီမ စိတ်ဝင်စားရဲ့လား'

အမှန်တော့ ငိုက်မြည်းစပင်ပြုနေသောအဖြူထည်သည် အစ်မဖြစ်သူ၏မေးခွန်းကြောင့် ရုတ်တရက် မျက်လုံးကျယ်သွားပြီးနောက်

'ဟင့်အင်း'

ဟုဖြေလိုက်ရာ ဖခင်နှင့်အစ်မဖြစ်သူက အရိုးခံမလေး အဖြူထည်ကိုကြည့်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်လေသည်။

'ပွဲရုံကိစ္စကော ဝါသနာပါရဲ့လား အိမ်မြှင်ထွက်ချင်တာ သက်သက်လားဖြူ'

ဟု ဖခင်က မေးလိုက်သောအခါ အဖြူထည်က ရှက်ပြုံးလေးပြုံးကာ

'နောက်တော့ စိတ်ဝင်စားလာမှာပါ'

ဦးဝင့်ထည်သည် အဖြူထည်ကိုကြည့်ပြီး သက်ပြင်းမော တစ်ခုကိုချလိုက်လေသည်။

အဖြူထည်အတွက် အဖြူထည်၏အနာဂတ်အတွက် ...





မသေခင် အစီအစဉ်တစ်ခုခုတော့ ချမှတ်သွားသင့်ပြီဟု သူယူဆမိလေသည်။

'ကဲ အိပ်ချင်သွားအိပ်တော့ ညီမ'

'ဟုတ်'

အဖြူထည်က ဇောင်းမှလွတ်သောမြင်းတစ်ကောင်နှယ် ညှိခန်းမှထွက်သွားလေတော့သည်။

ဦးဝင့်ထည်က သူ အားအထားရဆုံးနှင့် ယုံကြည်စိတ်ချရဆုံးသော သမီးကြီးမိုးမြင့်ထည်ကို ကြည့်ကာ

'သမီးညီမအတွက် အကောင်းဆုံး ဖြစ်နိုင်မယ့် အကြံဉာဏ်ရှိရင် ဖေဖေ့ကို ရဲရဲတင်းတင်းသာပြောသမီး'

'လောကကို ရှောင်ပုန်းခြင်းနဲ့ပဲ သေတဲ့အထိ နေသွားစေမယ်ဆိုရင် ဖြူ့အပေါ် ထားရှိတဲ့စေတနာဟာ မှန်ကန်ပါ့မလား လို့ သမီးတစ်ခါတစ်ရံတွေးမိတယ် ဖေဖေ'

မိုးမြင့်ထည်က ချင့်ချင့်ချိန်ချိန်နှင့် ပြောလိုက်လေသည်။ ဖခင်ဝေဒနာရသွားမှာကိုလည်း စိုးရိမ်လေသည်။

'ဖေဖေလည်း သမီး တွေးသလိုပဲ တွေးကြည့်ခဲ့ဖူးတယ် ကံတရားရဲ့စီမံချက်အတိုင်းပဲပေါ့ သက်တမ်းအရဆိုရင် ဖေဖေလည်း သေရက်ကို တဖြည်းဖြည်းနီးလာပြီ သားသမီးတွေထဲမှာ ဖြူ့အတွက်ပဲ နောက်ဆုံးတင်းရတယ် သတိုးကိုတော့ သမီးပဲတာ

www.burmeseclassic.com



ဝန်ယူသွားရလိမ့်မယ်ထင်တယ်'

'ဖေဖေကလဲ ခုမှ ဖေဖေ့အဲသက်က ၆၀ထဲ ဝင်ကာ ရှိ သေးတယ် သေစကားမပြောပါနဲ့ဦး'

မိုးမြင့်ထည်က ရင်ထဲထိခိုက်လာသဖြင့် ဖခင်အား ဟန့်တားလိုက်မိလေသည်။

'ဪ လူဆိုတာ ဆန့်သောလက်မကွေးမီ ကွေးသောလက်မဆန့်မီ သေသွားတတ်တာမျိုး ဖြစ်တဲ့အတွက် သေခြင်းတရားအတွက် ကြိုတင်ပြင်ဆင်ထားရတယ် ရော့ သမီးမောင်လေးရေးလိုက်တဲ့စာ ဖတ်ပြီး သိမ်းထားလိုက်တော့'

ဖခင်ဖြစ်သူက သူ့လက်ထဲသို့ စာတစ်စောင်ထည့်ပေးပြီး အပေါ်ထပ်သို့ တက်သွားလေတော့သည်။ မိုးမြင့်ထည်က ဖခင်နောက်ကြောပြင်ကိုငေးကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိလေသည်။ ဖခင်ဖြစ်သူသည် ချစ်ဇနီး ဆုံးသွားကတည်းက အပြုံးအရယ်တို့ ပျောက်ဆုံးကာ အလုပ်ထဲ၌သာ အာရုံနှစ်ထားလေသည်။ လူ့ဘဝတစ်ခု၏အတိတ်ဆိုတာကို ပြည်ဖုံးကားချထားလိုက်လို့ မည်မျှတာရှည်အောင် ဖုံးကွယ်ထားနိုင်မည်နည်း ဆိုတာကို မိုးမြင့်ထည်ကားလိုက်မတိုင်း ရင်မှာမောကျပ်လာသကဲ့သို့ခံစားရလေသည်။ သို့သော် ငေးငိုင်ချိန် တွေးတောချိန် မရအောင် သူသည်လည်း အလုပ်များလွန်းသူဖြစ်သည်။





လူ့ဘဝဆိုတာ အလုပ်လုပ်ဖို့အတွက်ဖြစ်ပေါ်လာတာ လားဟုတောင် သူ စိတ်ပေါက်လက်ပေါက်တွေးမိလေသည်။

ဒေါက်တာဝေယံဇွန်တဲ့။

ဒီလူ့ကို နီကလည်း သဘောကျသည်။ ထို့ကြောင့် ဖခင်ဆီခွင့်တောင်းကာ အိမ်ကိုဝင်ထွက်ခွင့်ပေးပါရန် စာရေးတောင်းဆိုထားလေသည်။ နီသဘောကျလောက်သောသူဆိုတော့ ဘယ်လိုလူမျိုးများလဲဟုလည်း တွေ့ချင်လာသည်။ တွေ့ရတော့မှာပါလေဟူသောအတွေး လျှပ်တစ်ပြက်ပေါ်လာပြီးနောက် တစ်နေ့တာ ငွေစာရင်းရှင်းရန်နှင့် ငွေသိမ်းရန် မီးခံသေတ္တာရှိရာ အခန်းသို့ဝင်လိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

ဒေါက်တာဝေယံဇွန်၏ အကြည့်ဟာ အဖြူထည်ထံသို့ ဆိုက်ရောက်သွားစဉ်၌ ရင်းနှီးသောအပြုံးရှိလေသည်။ သို့သော် မိုးမြင့်ထည်ထံသို့ဆိုက်ရောက်စဉ်၌ အကြည့်က တစ်မျိုးဖြစ်သွားသည်။

တဒင်္ဂတော့ ရှုးရှုးစိုက်စိုက်ပင်။

သိပ်ကြာကြာတော့မဟုတ်။ စက္ကန့်အပိုင်းအခြားမျှသာ ဖြစ်သည်။

ရုတ်ချည်းဆိုသလို အကြည့်ကို ရုပ်သိမ်းသွားသည်။

မည်သို့ဆိုစေကာမူ မိုးမြင့်ထည်ရင်ထဲ မခံစားစဖူး ထူးကဲသောဝေဒနာတစ်ရပ်ကိုတော့ ခံစားကျန်ရစ်လေသည်။ ရင်ထဲ လှုပ်ခတ်သွားခြင်း ဖြစ်သည်။ တစ်ဆက်တည်းဆိုသလို ရင်ထဲယ် နာကျင်ထိရှမှုကိုလည်း တစ်ပြိုင်နက်ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုထိရှုမှုသည် မိမိအတွက်လား၊

ညီမအဖြူထည်အတွက်လား

ဒေါက်တာဝေယံဖွန့်အတွက်လားဆိုတာကိုတော့ ကိုယ်တိုင်ပင် ကွဲကွဲပြားပြားနားမလည်နိုင်ပါချေ။

'သူက အန်ကယ့်သားအငယ်ဆုံး သတိုးဝင့်ထည်ပဲ'

ဒေါက်တာဝေယံဖွန့်၏အကြည့်က သတိုးဝင့်ထည်ပေါ်သို့ဆိုက်ဆိုက်မြိုက်မြိုက်ကျရောက်သွားသည်။ ချစ်စရာကောင်းသောကလေးတစ်ဦးဖြစ်သည်ထက်ပိုကာ သူချစ်ခင်မိသဖြင့်

'လာပါဦး သတိုး ဦးဆီလာပါဦး'

သတိုးဝင့်ထည်အကြည့်က မိုးမြင့်ထည်ဆီသို့ ရောက်သွားရာ မိုးမြင့်ထည်က

'သွားလိုက် သတိုး သွားလိုက်'

ဟူသောခွင့်ပြုချက်ရမှ သတိုးဝင့်ထည်က သူ့အနီးသို့ရောက်လာသည်။ သတိုးကို ပေါင်ပေါ်ထိုင်စေပြီး

'ကျောင်းနေသလား'

'ဟုတ်ကဲ့'

'ဘယ်နှတန်းရောက်ပြီလဲ'

'ဂရိတ်ဝမ်း ဦးဦး ဘောလုံးကန်တတ်သလား'

'ကန်တတ်တာပေါ့'





သူက ဖြေဆိုသူဖြစ်သွားသည်၊

'ဒါဆို သားနဲ့ကစားမလား'

'အားတော့ ကစားမှာပေါ့ကွ'

'ခု အားနေတာပဲ အားလို့ စကားပြောနေတာ မဟုတ်ဘူးလား'

'ဟုတ်ဟား'

သူက သဘောကျစွာပြုံးလိုက်မိစဉ် မိုးမြင့်ထည်က

'သတိုး လာတော့'

ဦးဝင့်ထည်ကလည်း မဟန့်တား၊ အဖြူထည်ကတော့ သူ့ထုံးစံအတိုင်း ငြိမ်ငြိမ်သက်သက်ကလေးရှိနေလေသည်။

'ခဏနေပါဦး ဦးဦးဆီက အဖြေမရသေးဘူး'

'ဟုတ်ပဗျာ ဦး အားတဲ့အချိန်က ခုအချိန်မဟုတ်သေးဘူး အားတဲ့အခါမှဦးက လာခေါ်ပေးမယ် သားနဲ့ဦး ကစားကွင်းတွေ လျှောက်သွားမယ် စကိတ်ကွင်းမှာ စကိတ်လည်း သွားစီးမယ်'

'ဟာ တကယ်လား ဦး ကတိပေးနော်'

ကလေးက လက်မနှင့်လက်သန်းထောင်ပြလာသည်။

သိတာပေါ့ ကိုရီးယားကားတွေကြည့်နေတဲ့သူဆိုတော့ သူကလည်း လက်မနှင့်လက်သန်းထောင်ကာ ကလေး၏လက်



www.burmeseclassic.com

www.burmeseclassic.com



သီးဆုပ်သေးသေးလေးနှင့်ထိကပ်လိုက်ချိန်၌ သူ့ရင်ထဲ နွေးထွေးသွားလေသည်။

'ကတိပေးပါတယ်ကွာ'

ဟုကယ်ဆို သူ့အရွယ်၌လည်း ဤသို့ချစ်စရာကောင်းသော သားသားကလေးသော်လည်းကောင်း၊ သမီးလေးသော်လည်းကောင်း ရှိသင့်လေပြီ။

သို့သော်. . .

'သတိုး လာ၊ မိညိုရေ သတိုးကို ခြံထဲခေါ်သွားတော့ မလဲစေနဲ့နော်'

မိုးမြင့်ထည်က သတိုးကိုလှမ်းခေါ်ပြီး အိမ်ဖော်မိန်းကလေးလက်ထဲသို့ ထည့်ပေးလိုက်သည်။

တစ်ဆက်တည်း သူ့အား

'ဘမင်းသုံးဆောင်လို့ရပါပြီ ဒေါက်တာ ကြွပါ'

'ဟုတ်တယ် ဒေါက်တာ ကျွန်တော်က စားသောက်ဆိုင်မှာလိုက်ကျွေးချင်ပေမယ့် အိမ်သားတွေနဲ့ရင်းနှီးရအောင်ရယ် အပတ်စဉ် ဒေါက်တာအားရက်တိုင်း လာစားနိုင်ဖို့အတွက် ဒီအိမ်ကလက်ရာတွေနဲ့ရင်းနှီးစေဖို့စမ်းသပ်ဖိတ်လိုက်တဲ့သဘောပဲ'

'ကျေးဇူးတင်ပါတယ် အန်ကယ်'





ထမင်းစားဝိုင်းပြစ်ဆင်ထားသည်မှာ ဟင်းအမယ်စုံလှလေသည်။ စားသောက်ရင်း မိုးမြင့်ထည်ကပင်

'နေ့ရေးထိုင်ရေးစားသောက်ရေးကအစ လိုအပ်သလို အကူအညီပေးဖို့ကို နီဝင့်ထည်ကပြောထားလို့ ဒေါက်တာ အာမှားအခက်အခဲရှိပါသလဲ'

'နေထိုင်ရေးကတော့ ဆေးရုံဝန်းထဲမှာပဲ ဆေးရုံအုပ်အိမ်ရှိနေတဲ့အတွက် အဆင်ပြေပါတယ် အိမ်သန့်ရှင်းရေးနဲ့ဘိကိစ္စလည်း ဆေးရုံသန့်ရှင်းရေးဝန်ထမ်းတွေရှိနေတော့ အခက်အခဲမရှိလှဘူး စားသောက်ရေးကတော့. .'

'အခက်အခဲရှိနေတယ်ဆိုပါတော့ ဟုတ်လားမောင်ရင်'

ဦးဝင့်ထည်ကပင် ကြားဝင်၍သူ့စကားကို ထောက်ပေးလိုက်လေသည်။

'အနည်းအကျဉ်းတော့ရှိပါတယ် ဆီရွှဲရွှဲ ရေတ်သီးများများကို ကျွန်တော်မစားတတ်ဘူးဖြစ်နေတယ် ဒါပေမယ့် အစားမရွေးပါဘူး'

'ဒီလိုဆို သမီးကြီးမိုးမြင့်'

'ဟုတ်ကဲ့ ပြောပါဖေဖေ'

'ဒေါက်တာကို ဘယ်လိုအကူအညီပေးနိုင်မလဲ ထမင်းချိုင့်ပို့ပေး. .'



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုပြန်တော့လည်း သူအားနာသွားသည်။

ထို့ကြောင့် ကြားဖြတ်၍ပင်

'ဟာ မလုပ်ပါနဲ့ မမိုးမြင့်မှာအလုပ်များရတဲ့အထဲ ကျွန်တော့်အတွက်တာဝန်တွေပိုနေမှာကိုမလိုလားပါဘူး'

'ကိစ္စမရှိပါဘူးဒေါက်တာ သွားရင်း လာရင်း ချိုင့်ပို့ပေးမယ် ညနေစာကို ဒေါက်တာအားရင် အိမ်မှာပဲ လာစားစေချင်တယ် အများနဲ့ဆိုတော့ ပိုပြီးစားဝင်စေချင်လို့ပါ မအားတဲ့နေ့ ဖုန်းကြိုဆက်ပါ လာပို့ပေးပါ့မယ်'

နယ်စပ်ကုန်သွယ်ရေးမြို့ ဖြစ်သဖြင့် ဆိုင်ကယ်များကလည်း ပေါများလှလေသည်။

'မပို့ခိုင်းပါနဲ့ လာယူခိုင်းရင်ကော'

'ဒါတော့ နားလည်ခွင့်လွှတ်ပေးပါ အိမ်ကိုလူစိမ်းအဝင်အထွက်သိပ်မခံချင်လို့ပါ'

ဘာကြောင့် လူစိမ်းတွေအဝင်အထွက်မခံဘဲ လျှို့ဝှက်စွာနေကြရသည်ကို ဒေါက်တာဝေယံလွန် နားမလည်နိုင်သေးချေ။ မှားယွင်းတတ်သော လူ့မှုရေးကိစ္စတစ်ခု ဂုဏ်သိက္ခာနှင့် ဘဝလုံခြုံမှုနှင့် ဤမျှလောက်အထိ ပတ်ဝန်းကျင်နှင့်ပဲခွာပြီး အထီးကျန်နေစရာ မလိုပေ။

'ဆောရီးခင်ဗျာ ဒါဖြင့် မမိုးမြင့်ရဲ့အစီအမံအတိုင်းပါပဲ'





'မစားတဲ့အစားအစာရှိရင်လည်းပြောထားပါ'

'လူဆိုတာ အစုံစားသတ္တဝါလေ သားကြီးသား ဆယ်မျိုးကလွဲရင် အကုန်စားပါတယ်'

ဒေါက်တာဝေယံလွန်က အရွှန်းလေးနှင့် ပြောလိုက်ပြီး သူ့အကြည့်က မိုးမြင့်ထည်ထံသို့ဆိုက်ရောက်သွားရပြန်သည်။

'ဟင်'

သူ့ရင်ထဲ အာမေဋိတ်သံမြည်ဟီးသွားရသည်။

ရော် ခက်နေပြီ။ မျက်လုံးကအစ စူးရှထက်မြက်မှုရှိပြီး ပါးရည်နပ်ရည်ရှိပုံရသော ဤမိန်းမချော၏မျက်လုံးအကြည့်က သူ့ရင်ကို ဒိန်းတာလိန်းနတ်ဖမ်းစားခြင်းကို ခံရစေသည့်အလား လှုပ်ရှားမှုက မူးဝေလောက်အောင် တုန်ခါမြည်ဟီးမြန်ဆန်လွန်းလှသည်မို့ သူကပင် အရင်ဦးအောင် မျက်နှာလွှဲလိုက်လေသည်။ အမှန်တကယ် သူ့ပစ်မှတ်က မိုးမြင့်ထည်ထက်ငယ်သော ဖြူစင်ချောမွတ်သော လျှို့ဝှက်သောအလှရှိသည့် အဖြူထည်ထံသို့သာ ဖြစ်သည်။ ထို့ကြောင့် သူ့အကြည့်သည် အဖြူထည်ထံသို့သာ များများရောက်သင့်ပါလျက် မိုးမြင့်ထည်ထံသို့သာ ဘာကြောင့် များ ခဏ ခဏ ဆိုက်ရောက်နေရသနည်းဟု ကိုယ့်ကိုယ်ကိုပင် မကျေမချမ်းဖြစ်မိလေသည်။

အဖြူထည်ကတော့ အမည်အရ ဆိုလျှင် ထကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖြူထည်သက်သက်ပင်။ သူ၏အကြည့်က အဖြူထည်ထံသို့ ရောက်သွားသော်လည်း အဖြူထည်က သူ့ကိုကြည့်မနေ၊ ထမင်းကိုသာ အတို့အမြုပ်ကလေးများနှင့်စားသုံးနေပုံက အပြစ်ကင်းစင်လွန်းလှသည်။

ဝေယံဌွန် ပင့်သက်မောတစ်ခုကို တိတ်တခိုးလေး ချလိုက်မိလေတော့သည်။

*





အခန်း(၆)

မိုးမြင့်ထည်ရင်ထဲ၌ စိုးထိတ်မှုတစ်ခုရှိနေသည်။

ဒေါက်တာဝေယံဌွန်၏မျက်လုံးနှင့် မထိတထိအပြုံးကို မကြိုက်။

လျှို့ဝှက်မှုနိုင်သော အပြုံးဟု သူသိနေသည်။

သူသည် ဘယ်လိုလူစားနည်း။

အသက်၃၀ ကျော်သည်အထိ အိမ်ထောင်မပြုသေး။ ရာထူးဂုဏ်ရှိန်ကလည်း ရှိနေဝါလျက်ကယ်နှင့် အိမ်ထောင်မပြုသေးတာ အကြောင်းရင်းတစ်ခုခုတော့ရှိနေနိုင်သည်။

ထိုမျှမကသေး။

အဖြူထည်ကိုကြည့်ပုံက စူးစမ်းမှုတွေပါဝင်နေသည်။

'သမီး ဒေါက်တာကို ဘယ်လိုမြင်သလဲ'

အားလုံး အိပ်ယာဝင်ကုန်ကြပြီး ဖခင်နှင့် သူသာ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စာည်း ကျန်ရစ်ချိန်တွင် ဖခင်က သူ့အား စတင်ကာ ဒေါက်တာဝေယံလွန်နှင့်ပတ်သက်၍ဆန္ဒခံယူလိုက်သည်။

သူ့ရင်ထဲ ဒိန်းကနဲဖြစ်သွားရသည်။ ရေရာသောအဖြေကို သူရှာ၍မရသေး။

'အခုမှပထမဦးဆုံးအကြိမ် တွေ့ဖူးတဲ့ သူတစ်ယောက်ကို အကဲခတ်ဖို့မလွယ်သေးပါဘူး ဖေဖေ'

'နို့စာအရတော့ ရုပ်ချော ဥစ္စာပေါ စာရိတ္တလည်း ပြောစရာမရှိတဲ့ယောကျာ်းကောင်းတစ်ယောက်ဖြစ်တဲ့အတွက် မမဖြူ့ရဲ့ဘဝလည်း တည်ငြိမ်သွားစေချင်တယ်လို့ပါတယ် ဖေဖေ စဉ်းစားတယ် ဒီကိစ္စဖြစ်ပါ့မလားလို့'

'သမီးတွေးမိတာတစ်ခုတော့ရှိတယ် ဖြူ့ကိုထွက်ပေါက်တစ်ခုခုကနေလွတ်မြောက်အောင် လုပ်ပေးချင်တယ်'

'သိပ်စိတ်ကူးယဉ်မဆန်ပါနဲ့သမီး လောကကြီးမှာနေသားကျနေပြီဖြစ်တဲ့ပုံစံခွက်ထဲမှာပဲ အေးအေးတည်ငြိမ်စွာနေသွားတာ စိတ်အချရဆုံးပါပဲ'

မိုးမြင့်ထည်ရင်ထဲက လက်မခံချင်။

သို့သော် ဖခင်၏ခံစားခဲ့ရသောဝေဒနာရုပ်ကို သူသာလျှင် နားအလည်ဆုံးနှင့်အခံစားရဆုံးဖြစ်ခဲ့သည်။

ဖခင်သည် ဆိုးရွားလွန်းသောဝေဒနာဖြစ်ရပ်ကြားမှ ရုန်း





ထွက်လာနိုင်သော်လည်း ထိုဝေဒနာမီး၏လောင်မြိုက်မှုဒဏ်ရာဒဏ်ချက်များ၏အနာရွတ်ကတော့ ကျန်ရစ်ဆဲဖြစ်နေမှာ ကျိန်းသေသည်။

ထို့ကြောင့် မယုတ်မလွန်ပင်

'ဒီလိုဆို ဒေါက်တာနဲ့ ဖြူ့ကို ဖေဖေ သဘောမတူဘူးလား'

'ဒီလိုလဲမဟုတ်သေးပါဘူး ဒါပေမဲ့ အစ်မကြီးအမိအရာဝဲ ဒီကိစ္စ ဖေဖေ သမီးကြီးကိုပဲလွှဲထားလိုက်တော့မယ် ဖုံးကွယ်သင့်တယ်ထင်ရင် ဖုံးကွယ်မယ် ဖုံးကွယ်ဖို့မသင့်ရင်လည်း ထုတ်ဖော်နိုင်တယ် သမီးကို ဖေဖေယုံကြည်တယ်'

ရင်ထဲ၌

'ဟင် အဲဒါမှဒုက္ခပဲ' ဟူသော အာမေဋိတ်သံနှင့်အတူ မိုးမြင့်ထည်ခေါင်းနားပန်းကြီးသွားရလေသည်။

'ဖြူ့ကို မြင်ပထွက်ခွင့်ဆိုတာကတော့ သမီး ဒီလိုစဉ်းစားတယ် ဖေဖေ'

'ဆိုပါဦး သမီး'

'သတိုးကို ကျောင်းကြို ကျောင်းပို့နဲ့ ဒေါက်တာ့ဆီကို ထမင်းချိုင့်ပို့ဖို့ကို သူ့ကိုပဲ လွှတ်ပြီးခိုင်းမယ် အဖော်အဖြစ်တော့ သင်းသင်းနဲ့ မိညိုတစ်လဲစီလိုက်စေမယ် ဖေဖေခရီးထွက်ရင် ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရုံကိုလိုက်လာပြီး အမျိုးနဲ့ ဝိုင်းကူလုပ်ခိုင်းလိုက်မယ်'

'သမီးကောင်းသလိုသာစိစဉ်ပေတော့ ဖေဖေကတော့ အငယ်သုံးယောက်စလုံးရဲ့ ကိစ္စကို သမီးလက်ထဲ ဝကွက်အပ်ထားလိုက်ပြီ ဟိုကောင် နီ ဒီမှာပို့စတင်ကျရင်ကောင်းမယ် ကိုင်း ဖေဖေ သွားအိပ်တော့မယ်'

'ဟုတ်ကဲ့ ဖေဖေ'

မိုးမြင့်ထည် တစ်ယောက်တည်းကျန်ရစ်ခဲ့လေသည်။

သူ့အာရုံထဲသို့ရစ်ဝဲဝင်ရောက်လာသူ၏ပုံရိပ်မှာ ဒေါက်တာဝေယံဖွန်ဖြစ်နေသည်။

ညီအစ်မနှစ်ယောက်အပေါ် ကြည့်သော အကြည့်က ထူးခြားမှုရှိသည်။ အကြည့်ချင်းကွဲပြားခြားနားနေသည်။ ထူးခြားချက်က အဖြူထည်ကိုကြည့်သော အကြည့်က စိမ်းနေသည်ဟု သူသတိပြုမိလိုက်သည်။

ဟုတ်ချင်မှလည်းဟုတ်မှာပါလေ။ ကိုယ်လိုရာများ ကိုယ်ဆွဲတွေးမိလေပြီလား။

ဒီကြားထဲ နီက ဖေဖေ့ထံရေးသောစာထဲတွင်

'မမဖြူအတွက်ဆိုတော့ လုံခြုံ ရွေးထွေးနိုင်မယ့် နားခိုရာတစ်ခုပါပဲလို့ ကျွန်တော်ယုံကြည်လို့ပါဖေဖေ အကယ်၍ မကြီးအပေါ် နစ်သက်သွားမယ် ဆိုရင်လည်း ကျွန်တော်တို့အားလုံး





အတွက် အစ်ကိုကြီးတစ်ယောက် တိုးပွားလာတယ်လို့မှတ်ယူရမှာပါ။ မမဖြူနဲ့မကြီး နှစ်ယောက်မှာ ယုန်သူငယ်လိုဖြစ်နေတဲ့ မမဖြူအတွက် ကျွန်တော်တို့အားလုံးက စိုးရိမ်မကင်းဖြစ်နေကြတယ် မှတ်လား။ အားမာန်အပြည့်နဲ့ ကျားသစ်မတစ်ကောင်လို ရဲရင့်တဲ့မကြီးအတွက်ကတော့ ဖူးစာကံအကြောင်းတရားကိုပဲ အလေးထားတာ အကောင်းဆုံးပါပဲ ဖေဖေ။ ကျွန်တော်မိသားစုအပေါ်ထားတဲ့မေတ္တာတရားနဲ့စေတနာကို နားလည်လက်ခံတယ်ဆိုရင် ကျွန်တော်ရဲ့ဆရာအစ်ကိုဖြစ်တဲ့ ဒေါက်တာဝေယံဖွန်ကို လက်ခံပေးပြီး သူ့ရဲ့စားဝတ်နေရေးကို ကူညီပေးပါလို့သား တောင်းပန်ပါတယ် ဖေဖေ'

စသည်ဖြင့်. . ။

မိုးမြင့်ထည် အလွှတ်ရနေသောစာသားများ အာရုံမှာ ထင်ဟပ်လာသည်နှင့်အမျှ ရင်ခုန်သံနှုန်းက မြင့်တက်လာသည်။

သို့သော် အဖြူထည်၏မျက်နှာကို မြင်ယောင်လာသဖြင့် ပင့်သက်အခါခါရှိုက်ကာ ခုန်နေသော နှလုံးသားပုစွန်ဆိတ်ကို ဥပေက္ခာပြုလိုက်လေသည်။

ဒေါက်တာဝေယံဖွန်အား မစားကောင်းသော အခါးသီးကို ပယ်သလိုပင် ပယ်ချလိုက်သည်။

မိမိရင်ခုန်စရာမလိုအပ်သောလူတစ်ယောက်ဟု။



www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က မိမိဘဝမှာလည်း ဘယ်သူစိမ်းယောက်ျားနှင့်မှ ရင်ခုန်ခြင်းတစ်ခါမှမရှိခဲ့လေဘဲ. . ထူးထူးခြားခြားသူနဲ့ကျမှပါလဲ. . ။

ပတ်သက်စရာ မရှိတော့ပါဘူး။ ရှောင်နေလိုက်တာကအကောင်းဆုံးပဲဟု ဆုံးဖြတ်လိုက်လေသည်။

*





အခန်း(၇)

ရက်ရက်စက်စက်လှပသော မိန်းမတစ်ယောက်က သူ့တံခါးဝရှေ့၌ ရောက်နေလေပြီ။

'ဒေါက်တာ ထမင်းချိုင့်လာပို့တာပါ'

မှုပ်ဟန်လေးကအပြစ်ကင်းစင်စွာဖြင့် စတီးချိုင့်များထည့်ထားသောခြင်းတောင်းကို မြှောက်ပြလိုက်သေးသည်။ ဒေါက်တာဝေယံ့ထွန်းက ပြုံးကာ

'မျှော်တုန်းမျှော်ဆဲရောက်လာတာပဲ အတော်ပဲ ဗိုက်ဆာနေတာ ခွဲခန်းထဲက ထွက်လာတာ ပင်ပန်းသွားတယ် ကျွန်တော့်အကျင့်ကလဲဗျာ ပင်ပန်းလေ ဗိုက်ဆာလေပဲ'

အမြူထည်က ကျေနပ်စွာပြုံးလိုက်သည်။ အိမ်ထဲသို့ဝင်ပြီးမှ ဝေ့ဝဲကာကြည့်ရင်း

'ထမင်းပွဲကော ပြင်ပေးမဲ့သူ ရှိပါသလား ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းကအဆိုက် ပန်းက အငိုက် ဖြစ်ချေပြီ။

အကဲခတ်ခွင့်ကြုံလေပြီ။

'ချိုင့်က ပြန်ယူသွားမှာလား'

'စားခဲ့လဲ ရပါတယ်'

'စားခဲ့ရင် ချိုင့်လိုက်ပဲစားလိုက်တော့မယ် ဆေးတာက သန့်ရှင်းရေးသမား လာဆေးပေးလိမ့်မယ်'

'ဒါဖြင့် ဖြူတစ်ခါတည်းဖြင့်ပေးခဲ့မယ် ချိုင့်လိုက်တော့ မစားနဲ့ ဆရာဝန်ကြီးတစ်ယောက်အနေနဲ့ လူမြင်လို့မကောင်းဘူး'

'သဘောတူပါဗျာ'

'သွင်းသင်း ဆင်းနဲ့ဦး'

'ဟုတ်'

တော်တော်ဟုတ်သည့် တပည့်ကျော်။ ကျေးပေါ်ကပင် မဆင်း။

သစ္စင်မကျ ထို့ပြင်ဆိုင်ချိုင့်လာပို့ပေးသည်။ ဒါကလည်း လေးစားသမှုပြုခြင်းဟု နားလည်လိုက်သည်။

အချိမရှောက်ဘဲ အရောဘော်ပါးလိုက်ပုံရသည်။

သူ့ဘာသာသူဆိုရင် ဤကဲ့သို့ ပြုလုပ်ချင်မှပြုလုပ်မည်။





ဝေယံလွန်၏မျက်ဝန်းဝယ် စူးရှထက်မြက်မှုရှိသောမျက်နှာ၊ နှင်းပိုင်ရှင် မိုးမြင့်ထဲည်ကို သွားသတိရလေသည်။

'ဟင်း'

ပင့်သက်မောကိုချလိုက်ပြီး အဖြူထည်တို့ဆရာတပည့်နှစ်ယောက် တောင်းဆိုသောပန်းကန်ခွက်ယောက်များကို ထုတ်ပေးရန်အတွက် စက္ကူဖာကိုဖြည်ရလေသည်။

'ဟော့တော် ဒေါက်တာက အခုမှ အထုပ်အပိုးဖြည်ရသေးသယ်'

'ဟုတ်ပါ့ဗျာ ဆိုင်ထမင်း ဟင်းနဲ့ပဲ နှစ်ပါးသွားနေသေးသာကိုး'

'နေနေ ဒေါက်တာ ကျွန်မတို့လုပ်လိုက်ပါ့မယ်'

သူ့အနားသို့ရောက်လာပြီး ပန်းကန်ခွက်ယောက်များကို ထိုင်းထုတ်ပေးစဉ် ကိုယ်သင်းနံ့တစ်မျိုးရလိုက်သည်။

အမျိုးသမီး၏ကိုယ်သင်းရနံ့မျိုးထင်သည်ဟု သူ သဘောတော်အတွေးမျိုးဝင်ဝင်လိုက်သေးသည်။

'သင်းသင်းဆေးလိုက် ဆပ်ပြာနဲ့စင်စင်ဆေးနော် ဒေါက်တာ ပန်းကန်သုတ်ရအောင် အဝတ်စုတ်သန့်သန့် ပေးပါလား'

'စွပ်ကျယ်စုတ်ဟာ ကျွန်တော့်မှာ စုတ်တာဆိုလို့ လုံးဝ

www.burmeseclassic.com



မရှိဘူး'

'ဘာဖြစ်လို့လဲ'

'အကျိုက စိတ်ရတယ်လို့မှ မရှိတာ တောင်းတာရှိရင် ပေးပစ်လိုက်ရတာကိုး'

'အို ဟုတ်လား ဒါဖြင့် လက်သုတ်ပဝါနဲ့ပဲ သုတ်တော့မယ် နော်'

'လုပ်ပါ အဖြူသဘောပါပဲခင်ဗျာ'

'ဒေါက်တာကလဲ ဖြူက ဒေါက်တာ့ထက် ငယ်တာကို အရှိအသေမလုပ်ပါနဲ့'

'ကောင်းပါပြီခင်ဗျာ'

'လာပြန်ပြီ ဒီခင်ဗျာကြီးက'

သူယောင်မယ်လေး၏ဖမ်းစားမှုနောက်သို့ စည်းချက်ညီညီလိုက်ရင်း သူပြုံးမိလေသည်။

သူ့အပြုံးကို ငေးကြည့်နေသူ့ အဖြူသည်အား သူထူးဆန်းသလိုဖြစ်သွားရသည်။

'ဟင် အဖြူ ကျွန်တော့်ကိုဘာဖြစ်လို့ကြည့်တာလဲ'

'မြင်ဖူးသလားလို့ပါ ဒေါက်တာကကော ဖြူ့ကို မြင်ဖူးသလားဟင်'

'ဟောဗျာ'





စကားတွေကလည်း ထူးဆန်းလှချည်လား။

'ဖြူမေးတာ ဖြေပါ'

'မမြင်ဖူးပါဘူး စခန်းသာမြို့ကို စတင်ရောက်မှ မြင်ဖူးတာပါခင်ဗျာ စခန်းသာမြို့မှာ နတ်မိမယ်ရှုံးလောက်အောင်လှတဲ့ လှကညာကိုစတင်မြင်တွေ့ခြင်းပါပဲ'

အဖြူသည်မျက်နှာ ရှက်သွေးဖြာသွားသည်။

ပါးမို့လွှင်ပြင်နှစ်ဘက် စတော်ဗယ်ရီရောင် သန်းသွားသည်ကလည်း အလှပေါ်တွင် အယဉ်ဆင့်ကာ ဂုဏ်တင့်နေပြန်သည်။

သူယောင်မယ်လှတစ်ပါးက ပုရိသတို့၏နှလုံးသားကိုကော ဦးနှောက်ကိုကော ဘယ်လိုအနေအထားမျိုးနှင့် ဖောက်စားဦးမှာလဲဟု ရင်တွင်း၌တွေးနေသော်လည်း

'ကျေးရွာတင်ပါတယ်အဖြူ ဟင်းတွေက များလိုက်တာဗျာ ကျွန်တော် တစ်ယောက်တည်းဘယ်စားကုန်မှာလဲ တစ်ခါတည်းစားသွားပါလား'

'မစားတော့ပါဘူး မမကြီးဆီကို ထမင်းသွားပို့ရဦးမယ် နောက်တောင်ကျနေပြီ သွားပြီနော် ပြော် ဒေါက်တာ'

'ဆို'

'ညနေ လာစားမှာလား ပို့ပေးရမှာလား'



www.burmeseclassic.com

'လာစားမှာ'

'ဒါဖြင့် သွားပြီနော်'

မဆေးရသေးသည့် ချိုင့်လွတ်ပါသွားသောခြင်းတောင်းကိုဆွဲကာ ထွက်သွားနှင့်သောသင်းသင်းနောက်သို့ အမြူ့ထည်က သုတ်ခြေတင်ကာလိုက်သွားလေသည်။ ဒီပါးစပ်နှယ် ဝိတ်ရိုက်ပစ်ဖို့ ကောင်းလိုက်တာ။ အမှန်တကယ်ဆို 'လာပို့ပေးရင် ကျေးဇူးတင်ရမှာပါ ကျွန်တော်မအားလို့ပါ'ဟုပြောမည်ဟု ကြိုတင်ရည်ရွယ်ထားပြီးဖြစ်ပါလျက် ယခုတော့...။

ညနေရောက်လျှင် စူးစမ်းသောအကြည့်နှင့်ကြည့်တတ်သည့် မျက်ဝန်းနက်ပိုင်ရှင် သခင်မတစ်ပါးနှင့် တွေ့ဆုံရမည့်အရေးအတွက် ရင်ဝယ်လှုပ်ခတ်သွားရလေသည်။

*





အခန်း(၈)

'ဒေါက်တာက ညနေ ထမင်းလာစားမယ်တဲ့ မမကြီး'

အမြူ့ထည်၏သတင်းပို့မှုကို သူ ရထားပြီးကတည်းက ညနေလုပ်ရမည့်အလုပ်ကို ကြံဖန်ရှာဖွေလိုက်သည်။

စားသောက်ဆိုင်၌ငွေစာရင်းကျာနေသဖြင့် ညနေဘက်ကောင်တာ၌သွားထိုင်ရင်း စာရင်းပြန်စစ်ရန်ဟု အကြောင်းပြရမလား၊ ကုန်ပစ္စည်းကားတွေရောက်လာမှာမို့ဟူ၍ အကြောင်းပြရမလား၊ အတွေးပေါင်းများစွာနှင့် ယောက်ယက်ခတ်နေသော မိုးမြင့်ထည်သည် အဖြေရှာမရသေးခင်

'မမကြီး ကျွန်နေသေးတာကိုး'

ပွဲရုံစောင့်ချာတိတ်က သူ့ရုံးခန်းသို့ရောက်လာပြီး ပြောလိုက်တော့မှ သူနာရီကြည့်ရန် သတိရလိုက်သဖြင့် တိုင်ကပ်နာရီကိုလှမ်းကြည့်လိုက်သည်။

'မြတ်စွာဘုရား ၆နာရီတောင်ရှိသွားပါပကောလား'

www.burmeseclassic.com



ထိုစဉ် သူ၏လက်ကိုင်ဖုန်းမြည်လာသဖြင့်ကောက်ကိုင်လိုက်သည်။

'ဟယ်လို'

'မမကြီး ဒေါက်တာရောက်နေပြီ ထမင်းစားဖို့ မမကြီးကိုစောင့်နေတယ်'

ရင်ထဲ ဒိန်းကနဲဖြစ်သွားသည်။

'မစောင့်နဲ့ မမကြီးစားသောက်ဆိုင်ဘက် သွားလိုက်ဦးမယ် အဲဒီမှာပဲ စားလိုက်တော့မယ် စားနှင့်ကြတော့။ သေသေချာချာနှုတ်ဆက်ခဲ့ကျွေးနော် ဖေဖေ့ကိုလည်း ဆေးသောက်ဖို့သတိပေးဦး'

နောက်ဆုံးတင်းသမျှကိုစွတို့ကို တစ်လက်စတည်း မှာကြားလိုက်ရသည်။

'ဘာတဲ့လဲ အဖြူ'

ခင်၏ လှမ်းမေးလိုက်သံကို ဖုန်းထဲက ကြားလိုက်ရသည်။

အဖြူထည်က မိမိပြောသည့်အတိုင်း ပြန်ပြောပြလိုက်သည်ကိုလည်း ကြားရရာ

'အတော်ပဲ ဖေဖေ့ကိုမေးစမ်း'

ဟုပြောသံကိုကြားလိုက်ပြန်ရာ မိုးမြင့်ထည် ရင်ထိတ်သွားရသည်။





'မမကြီး ဖေဖေက ပြောမလို့တဲ့'

ဟု အဖြူထည်ထံမှထွက်ပေါ်လာသောအသံနှင့် မရှေးမနှောင်း၌

'သမီးကြီး'

'ဟုတ်ကဲ့ ပြောပါဖေဖေ'

'အတော်ပဲ. . မောင်ဝေယံကို ဖေဖေတို့လုပ်ငန်းတွေအကြောင်းရှင်းပြနေတာ ဖေဖေတို့ရဲ့ ရသာမွန်ရက်စ်တော့ရင့်အကြောင်းရှင်းပြနေတုန်း သမီးကြီးဆီက ဖုန်းလာတာနဲ့ ညနေစာ အဲဒီမှာစားမယ် မောင်ဝေယံရယ် ဖေဖေရယ် သမီးကြီးရယ်ပဲပေါ့။ အဲဒီမှာပြင်ထားလိုက် ခုပဲဖေဖေထွက်လာမယ် ဒါပဲသမီး အဲဒီမှာပဲစောင့်နေလိုက်တော့'

'ဟင် အိမ်ကယောင်းတွေ'

မိုးမြင့်ထည်စကားဆုံးအောင်မပြောလိုက်နိုင်မီ ဖခင်ဘက်မှဖုန်းချလိုက်လေသည်။

မိုးမြင့်ထည် ဘာမှမတတ်နိုင်တော့။ ရုံးခန်းထဲမှထွက်၊ ညစောင့်ကိုမှာစရာရှိတာမှာပြီး ဆိုင်ကယ်နှင့် စခန်းသာမြို့လည်ရှိ သူတို့ပိုင် ရသာမွန်စားသောက်ဆိုင်သို့ထွက်လာခဲ့လေသည်။

သူ့စိတ်ထဲ ဖခင်အပေါ် သံသယဖြစ်မိသည်က ဖခင်သည် သူ့အား မြို့ထက်ပို၍ ဒေါက်တာနှင့်ပြေလည်စေချင်ပုံရ



www.burmeseclassic.com

www.burmeseclassic.com



နေတာလားဟု၍ပင်။

ဖခင်ဖြစ်နေ၍ ဒီလိုကိစ္စမျိုးမပြောသာ၍သာနေရမည်။ ဖခင်ဆန္ဒကိုမေးမြန်းကြည့်ရမလား။

အို. . တော်ပါပြီ။ ဘာမှမတွေးတာပဲကောင်းမည်။ သူ့ထက်စာလျှင် အေးချမ်းသော မျက်နှာလေးနှင့် ချောမော လှပသောအမြူထည်ကိုသာလျှင် ဘယ်ပုရိသမဆိုရွေးချယ်မည်ပေါ့။

မာင် ဒီလိုလည်းမဖြစ်သင့်။

မိမိတို့ညီအစ်မသည် အရွေးချယ်ခံ မဟုတ်၊ ရွေးချယ်သူသာဖြစ်ခဲ့ကြသည်။ ဒေါက်တာဝေယံစွန်နှမ့်ကျမှ ထိုအစွဲကိုဝယ်ဖျက်ပစ်ရမလား။

စားသောက်ဆိုင်ဖြစ်သည့်အတွက် အသောက်အစားများနှင့် လူစည်ကားနေသည်။ ကုန်သည်ပွဲစားများ အများစု၏သောက်စားရာဖြစ်သည်။

မိုးမြင့်ထက်က အတွင်းမိုင်း၌သီးသန့်ရှိနေသော ရုံးခန်းကျဉ်းအတွင်းသို့ ဝင်လိုက်သည်။ မန်နေဂျာက သူ့အား နေရာပေးလေသည်။

'ဖေဖေလာရင်မိုမယ် ညှသည် ပါမယ် ၃ယောက်ဆံ့သီးသန့်ဝိုင်းပြင်ပေးပါ ကိုကျော်ဝေ'

'ဟုတ်ကဲ့ ဒီမှာလယ်ချာတွေအဆင်ပါ'





'ရပါတယ် နောက်မှ ထုံးစံအတိုင်း အိမ်ကိုသာပို့ပေးလိုက်တော့'

အမှန်ကတော့. . စားသောက်ဆိုင်ကိစ္စတွင်လည်း အသောက်အစားဝါသဖြင့် အိမ်ထဲမှနေ၍သာစီမံခန့်ခွဲပြီး စိတ်ချရသော ယောက်ျားမန်နေဂျာတစ်ဦး၏အုပ်ချုပ်မှုအောက်တွင် ဒုမန်နေဂျာ၂ဦး ခန့်ထားပေးလိုက်သည်။ ကျန်ဝန်ထမ်းများကို သူတို့ကပင်အုပ်ချုပ်သွားသည်။ ဒါတောင် ဖခင်က စားသောက်ဆိုင်နှင့်တွဲကာ ဟိုတယ်ဖွင့်ချင်သေးသည်။

စီးပွားရှာဖွေမှုအပိုင်း၌ ဖခင်နှင့်သူသာ လုပ်နိုင်သည်။ နီကလည်း ဆေးပညာကိုသာဆည်းပူးချင်သည်။ အထူးကုပါရဂူဖြစ်သည်အထိ ကြိုးပမ်းရင်း သူ့ဘဝကိုကုန်ဆုံးချင်သည်တဲ့ ဆိုသည်။ ကောင်းသောအလုပ် မွန်မြတ်သောအလုပ်ပဲလေဟု ဆိုကာ ဖခင်နှင့် သူက လိုလိုလားလားပင် ခွင့်ပြုထားပြီး လိုအပ်သောငွေကြေးအတိုင်းအတာကို ပံ့ပိုးပေးပြီး အေးအေးချမ်းချမ်းပင် ပညာသင်စေသည်။

ဖခင်က သွေးတိုးရောဂါနှင့် နှလုံးရောဂါ ရှိနေသဖြင့် အစားအသောက်၊ ဆေးဝါး မှန်မှန်မှီဝဲမှုကအစ သူ ဂရုစိုက်ပေးရသည်။ အမြူထည်က ကလေးသာသာအတွေးနှင့် အေးအေးချမ်းချမ်းပင်နေသည်။ စီးပွားရေးကိုစိတ်မဝင်စား၊ ဝန်ထမ်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ လူ့လောကအလည်ထဲကို ဝင်စေဖို့ကို ဖခင်က ခွင့်မပြု။ အဖြူထည်ဆိုသည့်အတိုင်း ပညတ်သွားရာ မာတ်သက်ပါလေသည်ထင့်။ စွန်းထင်းလွယ်သည့်အတွက် လူ့လောကဇာတ်ခုံ၏ဆေးရောင်များ အဖြူထည်ကို မစွန်းထင်းစေချင်။

'မမိုး ဘာဟင်းလျာတွေပြင်ဆင်ခိုင်းရမလဲ'

'နေ နေ ကျွန်မပဲ စားဖိုမှူးနဲ့သွားတွေ့လိုက်ပါ့မယ်'

စားသောက်ဆိုင်တစ်ခု၌စားဖိုမှူးသည်လည်း မရှိမဖြစ်လိုအပ်သူအရေးကြီးသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် တစ်ပတ်တစ်ခါ သို့မဟုတ် ၃ရက်တစ်ခါလောက်ဖြစ်ဖြစ် ကြိုတင်ပြောဆိုထားခြင်းမရှိဘဲ သူ လျှပ်တစ်ပြက် ဝင်ရောက်ကာ စစ်ဆေးမေးမြန်းလေ့ရှိသည်။

မန်နေဂျာကအစ အောက်ခြေ သန့်ရှင်းရေးဝန်ထမ်းအဆုံးသူ တွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းလေ့ရှိသည်။ ပင်တော့ ပင်ပန်းသည်။ သို့သော် ဒီလိုမှမလုပ်ကိုင်လျှင်လည်း မိသားစု၏စားဝတ်နေရေးနှင့်သတို့၏အနာဂတ်အတွက် အရေးကြီးသည်။ Money made everything ဟူသောစကားကို လောလောဆယ်တော့ သူ လက်ခံထားသည်။ အရာရာကို ငွေနှင့်ဖြေရှင်းပြီး ဖုံးကွယ်ကာ အတိတ်ကို ပြည်ဖုံးကားချခဲ့ရလေသည့်အဖြစ်ကြောင့် ငွေကိုသာ ကုန်းရုန်းရှာခဲ့သည်။





အတိတ်လွင်ပြင်သို့ ပြန်မကြည့်ချင်၊ ကြည့်မိလျှင် မောတိုက်သလို ခံစားရပြီး ပင်ပန်းဆင်းရဲလေသည်။ စားဖိုဆောင်ရောက်ပြီး စားဖိုမှူးနှင့်ဆွေးနွေးနေစဉ်မှာပင်

'မမိုး. အန်ကယ်ကြီးရောက်နေပါပြီ'

'ဩော် အေး လာခဲ့မယ် ချယ်ရီခန်းမှာ ပြင်ထားတယ်မှတ်လား'

'ဟုတ်ကဲ့ပါခင်ဗျ'

မိုးမြင့်ထည်က သတင်းလာပေးသော ဝိတ်တာ(စားပွဲထိုး)လေး ပြန်ထွက်သွားမှ သူ ပင့်သက်ရှိုက်လိုက်မိသည်။ ထို့နောက် စားဖိုမှူးအားနှုတ်ဆက်လိုက်ပြီး လေးဟွဲ့သောခြေလှမ်းများဖြင့် စားဖိုဆောင်မှပင်မဧည့်ဆောင်ဘက်သို့ ကူးလိုက်လေတော့သည်။ ဒေါက်တာဝေယံဌွန်နှင့်ပတ်သက် ပြီး စိတ်လှုပ်ရှားခြင်းကင်းကွာစေရန် သူ့နှလုံးသားကိုကြိုတင်ပြင်ဆင်ထားမှဖြစ်မည်ဟု. . ။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၉)

ဝေယံလွန်၏အကြည့်က မိုးမြင့်ထည်ထံသို့ ဆိုက်ရောက်သွားသည်နှင့်ရင်ထဲ၌ ဒိန်းကနဲဖြစ်သွားရပြန်သည်။

'ဟာကွာ'

ဒီမျှော်ညှိတဲ့နှလုံးသားကို သူ ဘယ်လိုနည်းနှင့်များ ဖြစ်ဒဏ်ခတ်ရမည်ကိုမသိအောင်ဖြစ်မိသည်။

'လာ သမီးကြီး'

မိုးမြင့်ထည်၏အပြုံးက မျက်လုံးကဲ့သို့ပင် မာကြောနေသည်။

သူ့အားပြုံးပြပြီး ဖခင်ဘက်ကြည့်ကာ

'စားဖို့ဆောင်ဘက်ဝင်လို့ပါ ဖေဖေ'

'ပင်ပန်းပါတယ် သမီးရယ် ဒီကလူတွေအားလုံးက သူ့အဆင့်အလိုက် သူ စိတ်ချရပါတယ်' ကိုင်း မောင်ဝေယံ ဘာ



www.burmeseclassic.com

www.burmeseclassic.com



များစားတတ်သလဲ မေးပါဦး'

'သမီး အကောင်းဆုံးဟင်းတွေမှာထားပြီးပါပြီ'

'ဒါဖြင့် ဖေဖေ မောင်ကျော်နဲ့ ခဏသွားတွေ့လိုက်ဦးမယ် သမီး မောင်ဝေယံကိုဧည့်ခံထားနှင့်ပါဦး'

ဖခင်စကားကြောင့် မိုးမြင့်ထည်၏မျက်နှာပုံရိပ်ကလေးက ထူးထူးခြားခြားပြောင်းလဲသွားသည်။

တုန်လှုပ်သွားသည့်မျက်ဝန်း။

'ဟင် ဖေဖေကလဲ ဟင်းတွေရောက်တော့မှာ'

'ဖေဖေသိပါတယ် သြော် မောင်ရင် သောက်တတ်တယ်မဟုတ်လား စားဝင်အိပ်ပျော်ကလေးတော့ ဝမ်းပက် တူးပက်လောက် လုပ်လိုက်ကြရအောင် အန်ကယ် ချက်ချင်းပြန်လာခဲ့ပါ့မယ်'

သူ မိုးမြင့်ထည်ကို အားနာသွားသည်။

ရုတ်တရက် မျက်နှာပြင်စတော်ဗယ်ရီရောင်ပြေးသွားပြီး မျက်နှာလွှဲလိုက်သည်။

မိုးမြင့်ထည်သည် နီဝင့်ထည်ပြောသကဲ့သို့ဖြစ်နိုင်သည်ဟု သူကောင်းစွာလက်ခံမိလေသည်။

'ကျွန်တော့်မမကြီးက တကယ့်အပျိုကြီးစစ်စစ်ဗျ အချစ်နဲ့ပတ်သက်လို့ ရင်တောင်ခုန်ဖူးရဲ့လားသိပါဘူးဗျာ စီးပွားရေးနဲ့





ဓိသားစုတာဝန်တွေပိနေတာ'

ဟူသော စကားကို ပြန်လည်ကြားယောင်မိသည်။

ဖြစ်နိုင်သည်။

သူ့ရှေ့၌ အနေကျုံ့သလိုခံစားနေရသည့်ဟန်မှာ အပျိုစင်မြီးကောင်ပေါက်လေး၏ အနေအထားမျိုး။

'မမိုးမြင့်'

'ပြောပါ ဒေါက်တာ'

'အဲဒီဒေါက်တာကြီးကိုတော့ ပယ်သင့်ပါပြီ'

'ကောင်းပါပြီ ကိုဝေယံ'

ပါးနပ်ထက်မြက်သူပီသစွာပင် ချက်ချင်းနာမ်စားတစ်ခုကို လျှပ်တစ်ပြက်ရွေးချယ်သုံးစွဲလိုက်နိုင်သည်။

သို့သော် ထို့ထက် ပိုမိုရင်းနှီးသော နာမ်စားတစ်ခုကို တမ်းတမိသည်။

တစ်ဦးတည်းအတွက် မှုပိုင်ခေါ်ဝေါ်ခွင့်လေးဖြစ်သည်။

'မမိုးနဲ့ကျွန်တော်က သက်တူရွယ်တူပဲလို့ နီက ပြောတယ်'

'နီနဲ့ကိုဝေယံ တော်တော်ရင်းနှီးတယ်ထင်တယ် ကျွန်မတို့အိမ်သားတွေအကြောင်းကို ကိုဝေယံ တော်တော် သိနေပုံပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ သိနေပါတယ် ကျွန်တော်က စိတ်ဝင်စားလို့ လိုက်မေးနေတာကိုးဗျ နီကလည်း မိသားစုကိုတော်တော်လေး စိတ်ပူရှာပါတယ် ဒါပေမဲ့ သူက မိသားစုကိုအထောက်အကူသိပ် မပြုနိုင်ဘူးလို့ ဝမ်းနည်းစကားပြောလေ့ရှိပါတယ်'

'ပြည်သူ့အတွက်ဆရာဝန်ဖြစ်ရင်ပဲ မိသားစုကိုပေးဆပ်တာနဲ့ တူတူပါပဲလို့ ကျွန်မလည်း အားပေးထားပါတယ်'

'ဟုတ်ပါတယ် ကျွန်တော်လည်း ဒီလိုပဲခံယူတယ် ကျွန်တော့်မိသားစု အဲ. . မိသားစုဆိုတာ မိဘနှစ်ပါးပေါ့ဗျာ သူတို့ကိုရန်ကုန်မှာထားခဲ့တယ် လိုအပ်ရင် တော်မေ့ တတ်မေ့ ကျွမ်းကျင်ပါမေ့ဆိုတဲ့ သမားတော်ကြီးတွေနဲ့ အချိန်မရွေးကုသခွင့်ရအောင်အပ်နှံပေးထားရတယ် ကျွန်တော့်ကို မိဘကျေးဇူးမဆပ်နိုင်တဲ့ကောင်လို့ ပြောလို့ရမလား'

'ဘယ်ရနိုင်ပါ့မလဲ နိုင်ငံ့ဝန်ထမ်းဆိုတာ မိဘကလည်း မပိုင်ဘူး သားမယားလည်း မပိုင်ဘူး နိုင်ငံကပဲ ပိုင်တယ် နိုင်ငံရဲ့ ဘယ်ဒေသမဆို သွားရောက်ထမ်းဆောင်နိုင်ရမယ် နိုင်ငံ့တာဝန်ကျေပွန်ပြီး ပြည်သူမိဘတွေကိုလည်း စောင့်ရှောက်ပေးနိုင်သလို ကိုယ့်မိဘကိုလည်းသူလိုကိုယ်လိုဆရာဝန်တွေကပဲ အပြန်အလှန်သဘော စောင့်ရှောက်မှုပေးနိုင်မယ် ဒီသဘောတရားကို ဖေဖေကောကျွန်မပါ နားလည်လက်ခံနိုင်ပါတယ် ဒါကြောင့်





နဲ့ပညာရေးအတွက် နောက်ဆံမတင်းစေရအောင် ကျွန်မတို့ကြိုးစားနေရတာပေါ့'

မိုးမြင့်ထည်သည် သူနှင့်သက်တူရွယ်တူဖြစ်သလောက် ရင့်ကျက်မှုက သူ့ ထက်ပိုနေသလား။

'ဘာကြောင့်များ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေရပါသိမ့်။

သူ ရာခိုင်နှုန်းပြည့် စိတ်ဝင်စားမှုနှင့် ရင်းနှီးမှုပေးရမှာအ အဖြူထည် ဖြစ်သင့်ပါလျက် ရာခိုင်နှုန်းထက်ဝက်ကျော်က မိုးမြင့်ထည်ဖြစ်နေလေသည်။

အသက် ၄၀ကျော် ၅၀ကျော် ယောက်ျားသားကြီးများနှင့်အပြိုင် စီးပွားရှာနိုင်ရုံမက အိမ်ထောင်မှုရေးရာ၌လည်း အစ်မကြီးအမိအရာဆိုသကဲ့သို့ မိခင်ကိုယ်စား အိမ်ရှင်မတစ်ဦးသဖွယ်နှီးရပြန်သေးသည်။

ယောက်ျားတွေထက် မိန်းမတွေမှာ သာလွန်နေသောအချက်က ထိုအချက်ပင်။

ယောက်ျားသားကြီးများနှင့်အပြိုင် စီးပွားလည်း တန်းတူ ရင်ပေါင်တန်းရှာဖွေနိုင်သကဲ့သို့ မိသားစု၏ အိမ်ရှင်မတစ်ဦး၏တာဝန်ကိုလည်း မယိုမဖိတ်ရအောင် ထမ်းဆောင်နိုင်စွမ်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နီက ဒါကြောင့်လည်း သူ့မမကြီးအား တော်ကြောင်းတတ်ကြောင်း ချီးမွမ်းတတ်သည်ကိုး။

ဒို့ဌတွေ့မြင်ရသောအခါ နီပြောတာတောင် လိုနေသေးသည်။

အချစ်ရေးကလွဲ၍ စွယ်စုံတော်သောမိန်းမဟု သူလက်ခံမိလေသည်။

'နီ့ကိုယ်စား ကျွန်တော်ကပဲ မိုးတို့မိသားစုကို ကိုယ့်မိသားစုသဖွယ်စောင့်ရှောက်မှုပေးမှာပေါ့ဗျာ'

'ကျေးဇူးတင်ပါတယ် ကိုဝေယံ ဖေဖေ့ရဲ့ကျန်းမာရေးကိုသာ စစ်ဆေးပေးပါ'

'စိတ်ချပါ အန်ကယ်ကို ကျွန်တော်ပြောပါတယ် ဒါပေမဲ့ အန်ကယ်က သူ ကောင်းနေတာပဲ ဘာမှမဖြစ်သေးဘူးတဲ့ ဖြစ်တော့ပြောပါမယ်တဲ့ဗျာ ကျွန်တော်နားချတာထက် မိုး နားချပေးရင်ပိုကောင်းမယ်ထင်တယ်'

'ဟုတ်ကဲ့ ကျွန်မလည်း မယ်ဒီကယ်ချက်ကပ် လုပ်ဖို့တိုက်တွန်းထားပါတယ်'

'ဒီမှာကတော့ အထူးကုစက်ကြီးတွေ မရှိပေမယ့် အာထရာဆောင်းတို့ အီးစီဂျီတို့တော့ရှိပါတယ် လိုအပ်ရင် တရုတ်ပြည်ထဲသွားပြီး အဲဒီကဆေးရုံတွေမှာ စစ်လည်းရပါတယ် ကျွန်





တော် ကူညီပေးပါ့မယ်'

'ဟုတ်ကဲ့ ကိုဝေယံရောက်လာတဲ့အတွက် ကျွန်မတော့ ဖေဖေ့ဖြူနဲ့ တိုးတို့ကျန်းမာရေးအတွက် စိတ်ချရပါပြီ'

သူ့ရင်ထဲ၌ မကျေမနပ်ဖြစ်သွားသည်။

မိုးမြင့်ထည်က သူ့ကိုအားမကိုးတဲ့သဘောပေါ့။

အေးစက်နေသော သူ့နှုတ်ဖျားက ရင်ထဲက အတိုင်းလား။

မဖြစ်နိုင်။

မျက်လုံးများက စိမ်းကားမနေ။

ရှောင်ဖယ်ဖို့ကြိုးစားနေသော နွေးထွေးသည့်မျက်ဝန်းဖြစ်ပါလျက်. . .။

'အဲဒီအထဲ မိုးမပါဘူးလား'

'ကျွန်မက ဒေါင်ဒေါင်မြည်ပဲ တစ်ခါမှ ကြီးကြီးကျယ်ကျယ်ဖျားနာဖူးတာမျိုးမရှိခဲ့ဖူးဘူး'

'လူဆိုတာ သွေးနဲ့သားနဲ့တည်ဆောက်ထားတာပဲ စက်တွေတောင် အသုံးပြုပါများရင် ချွတ်ယွင်းသေးတာပဲ အသွေးအသား အကြောအရိုး အဆစ်အရေတွေနဲ့ တည်ဆောက်ထားတဲ့ခန္ဓာကိုယ်ကြီးက မွေးဖွားသည်ကနေ သေဆုံးသွားသည်ထိ တသမတ်တည်း ကောင်းသွားတာ ရှိလို့လား'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထည်က နားမလည်နိုင်သောမျက်ဝန်းကြီးနှင့် သူ့အား တအံ့တသြ ဖျတ်ကနဲကြည့်လိုက်လေသည်။

ဝေယံဠွန်ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။

အဘယ်ကြောင့် သူ့နှလုံးသားက လှုပ်လှုပ်ရှားရှားဖြစ်နေရတာလဲ။ ခံစားမှုအပိုင်းကလည်း ကြည်မွေ့နေသည်။

အချိန်ကုန်ဆုံးသွားမှာစိုးရိမ်သော ခံစားမှုမျိုး ဖြစ်ပေါ်နေရသည်။ ထိုစဉ်မှာပင် ဦးဝင့်ထည်ပြန်ရောက်လာသည်။

တစ်ဆက်တည်းဆိုသလို စားစရာ သောက်စရာတို့က ဆက်တိုက်ရောက်ရှိလာသဖြင့် သူ၏ရင်ထဲ လှုပ်ခတ်နေမှုတို့ကို ဥပေက္ခာပြုလိုက်ရလေတော့သည်။

'မင်း ခက်နေပြီ ဝေယံဠွန် အဖြူထည်ကော မိုးမြင့်ထည်ပါ မင်းနဲ့ မဆိုင်ဘူးလေ။ မင်းအလုပ်ကို မင်းလုပ်ရမယ်။ အခု မင်း... သုပ်နေတာလေ နှလုံးသားအနာတရဝေဒနာရှင်တွေအတွက် မင်း ရောဂါကိုပျောက်ကင်းအောင်ကုသပေးရမယ် ဒါ မင်းအလုပ်ပဲ'

ဟု အားတင်းရင်း မိုးမြင့်ထည်ထံသို့ရောက်ရှိနေသော တိတ်တခိုးအကြည့်သူ့ခိုးကို ပြန်လည်ပြီး ရုပ်သိမ်းနေရသည်ကလည်း အခါခါပင်။

*





## အခန်း(၁၀)

'အဖြူ အချိန်ရသလား။ ကျွန်တော် စကားနည်းနည်း ပြောချင်လို့ပါ'

'ဟင်'

အဖြူထည်ရင်ထဲ အာမေဋိတ်သံလေးထွက်သွားရလေသည်။

ဒေါက်တာဝေယံဠွန်နှင့်ပတ်သက်ပြီး သူ့ရင်ထဲ၌ မွေးထွေးသောခံစားမှုတစ်ရပ်တော့ ဖြစ်ထွန်းခဲ့သည်။

ဤသူကို မြတ်နိုးသလိုလို။

မြင်ဖူးတာမှ ရင်းရင်းနှီးနှီးကိုမြင်ဖူးခြင်းဖြစ်သလိုလို ခံစားနေရသည်။

သို့သော် ဘာဆိုဘာမှမမှတ်မိသော အတိတ်ကို သူပြန်လည်တူးဖော်ရန် မကြိုးစား။

ဝိုးတဝါးအိပ်မက်တို့က သူ၏ အတိတ်ဘဝက ဆိုတို့

www.burmeseclassic.com



တိုသာ လွှစ်ဟပြသလိုမျိုးဖြစ်နေသည်ဟု သူယူဆသဖြင့် အဖြူ ထည် အတိတ်ကိုပြန်လည်တူးဖော်ရန် မကြိုးပမ်းတော့ချေ။

'ဟင်. . အချိန်ရသလားလို့ ကျွန်တော် မေးနေတယ် လေဗျာ'

မမကြီးနှင့်ရွယ်တူဆိုတော့ သူနှင့် ၅နှစ်ခန့်ကြီးပုံရသော ဤဆရာဝန်ကြီးက မမကြီးလို ရင့်ကျက်ပုံလည်းမရချေ။

လူတွေအကြောင်း တော်တော်စိတ်ဝင်စားပုံရသည်။

သူ့မျက်ဝန်းက အမြဲ စူးစမ်းလေ့လာနေသောမျက်ဝန်း မျိုး။

မမကြီးကတော့ ကိုယ့်အလုပ် ကိုယ်လုပ်ကာ ခပ်အေး အေးပင် နေသွားတတ်သည်။ တော်ရုံတန်ရုံကိစ္စမျိုး၌လည်း တုန် လှုပ်မှုကင်းသူတစ်ယောက် ဖြစ်သည်။

ဒါကြောင့် ထင်ပါသည်။

ယောက်ျားတွေနှင့် ရင်ပေါင်တန်းကာ အလုပ်လုပ်နေ နိုင်သူ ဖြစ်သည်။

'ဟုတ်ကဲ့ ပြောပါ ဒေါက်တာ'

မည်သို့ဆိုစေကာမူ အဖေကောမမကြီးကပါ ဦးစားပေး ထားသော ဤဆရာဝန်ကြီးကို ယုံကြည်စွာနှင့်ပင် လိုက်လျော လိုက်မိသည်။





'ညှော်ခန်းထဲမှာ အေးအေးဆေးဆေး စကားပြောကြရ အောင်'

'ဟုတ်ကဲ့၊ မိညို ထမင်းပွဲ သွားပြင်ထားနှင့်လိုက်တော့'

'ဟုတ်ကဲ့ရှင့်'

မိညိုက ထမင်းစားခန်းဘက်သို့ ထွက်သွားသည်။

သူက ညှော်ခန်းဆိုဖာ၌ ဝင်ထိုင်လိုက်ရင်း ဒေါက်တာဝေ ယံမွန်ကို စူးစမ်းသောအကြည့်နှင့်ကြည့်ရင်း ပြောလာမည့်စကား များကို စိတ်ဝင်စားစွာနားစွင့်လိုက်လေသည်။

'အဖြူ တက္ကသိုလ်တက်တော့ ဘယ်မှာလဲ အဖြူ့ကိုတွေ့ ဖူးသလိုလိုပဲ'

အဖြူထည်၏မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားသည်။

'ဖြူ့ကိုယ် ဖြူလည်း အဲဒါပဲ စဉ်းစားနေတာ ဖြူ့အထင် တော့ ရန်ကုန်မှာပဲ ထင်တယ်'

'ဟင်'

ဒီတစ်ခါ အာမေဋိတ်ထွက်သွားရသူမှာ ဒေါက်တာဝေ ယံမွန်ဖြစ်သွားလေသည်။

'ဖြူ ပထမနှစ်အကြောင်းအရာကို မမှတ်မိဘူး ဒုတိယ နှစ်ကစပြီး အဝေးသင်နဲ့ ဘွဲ့တစ်ခုယူခဲ့တယ် ဒါက ဒီစနေသော ရောက်မှပါ အဲဒါပဲ မှတ်မိတယ်'



www.burmeseclassic.com

www.burmeseclassic.com



အဖြူသည်အနေနှင့် မိမိ ခံစားနေရသော ဝေဒနာကို မချွင်းမချန်ပြောလိုက်မိလေသည်။

အမှန်တကယ်လည်း မိမိခံစားနေရသည့် ဤမေ့လျော့နေမှုကိစ္စနှင့်ပတ်သက်၍ အိမ်သားများနှင့် ဆွေးနွေးတိုင်ပင်၍လည်း မရပါချေ။ သူတို့ပြောသလောက်ကိုသာ သိရှိရသောဘဝထက် ကိုယ်တိုင်ကွက်ကွက်ကွင်းကွင်းမှတ်မိချင်နေသည်။

ရေငတ်တုန်း ရေတွင်းထဲကျလေပြီမို့ ဒေါက်တာဝေယံရွှန်ကိုပင် အားကိုးတကြီးဖွင့်ဟတိုင်ပင်ရန် ဆုံးဖြတ်လိုက်သည်။

အံ့အားသင့်သော အရိပ်အယောင်များ ယှက်သန်းနေသည့် ဒေါက်တာဝေယံရွှန်တို ကြည့်လိုက်ပြီး

'ဖြူ့အကြောင်းကို အသာထားပြီး ဒေါက်တာပြောလိုတဲ့ကိစ္စကို အရင်ပြောပါ ပြီးမှ ဖြူလည်း ဒေါက်တာ့ကိုမေးစရာတွေ ရှိနေပါတယ်'

'ကျွန်တော်မေးချင်တာက ဖြူ့အကြောင်းပါ အဖြူ ဘာမေ့ရာနဲ့ပြီးတာလဲ'

'ဘော့တနီပါ'

'မှတ်မိသလောက် အဖြူ့အကြောင်းတွေကို ပြောပြနိုင်မလား'

'ဖြူမှတ်မိတာက မြို့လေးတစ်မြို့မှာ မေမေက သံတိုးကို





မွေးပြီး ဆုံးသွားတယ် အဲဒါကိုကြည့်ပြီး ဖြူထိတ်လန့်သွားတယ် နောက် အကြီးအကျယ်ကိုလန့်ဖျားဖျားတော့တာပဲ နောက် သတိရလာတော့ ဘာဆိုဘာမှမမှတ်မိတော့ဘူး မေမေ့ကိုသင်္ဂြိုလ်တာတောင် မသိလိုက်ဘူး။ လန့်ချိပြီးတော့ ဖျားနေတာလို့ မမကြီးတ ပြောတာပဲ'

'အင်း. . စိတ်ဝင်စားစရာကောင်းလာပြီ ဆက်ပါဦး'

'ဖြူ ကောင်းကောင်းကျန်းမာလာတော့ ဒီစခန်းသာကို ရောက်နေပြီ။ အဲဒီတော့မှ ဒုတိယနှစ်ကို အထက်မြန်မာပြည် အဝေးသင်ဌာနကိုပြောင်းပြီးဆက်တက်တာနဲ့ ဘွဲ့ရခဲ့တာ ဒါပေမဲ့ တစ်နှစ်လောက်တော့ အောက်သွားတယ်'

သူ့စကားအဆုံး၌ ဒေါက်တာဝေယံရွှန်၏ ရှုးစမ်းရှုသော အကြည့်နှင့်အတူ

'ဖြူ့တို့ ပိုစိတ်ဝင်စားသွားပြီ'

'ရှင်'

'ဖြူ ဒီထက်ပိုမပြောနိုင်တော့ဘူးလား'

'ဟုတ်ကဲ့ ဒီထက်ပိုပြောချင်လို့စဉ်းစားလိုက်တာ ခေါင်းက တအားမူးလာတယ် မခံမရပ်နိုင်အောင်လည်း ဦးခွံတစ်ခုလုံးနာကျင်လာတယ် အတော်ပဲ ဒေါက်တာရယ် အဲဒါ ဘာရောဂါလဲဟင် ဖြူ့ကိုကုပေးနိုင်မလား ဒီအကြောင်းတွေ မေ့ဖို့နဲ့ မမ



www.burmeseclassic.com

www.burmeseclassic.com



ကြီး မသိပါစေနဲ့၊ သူတို့က ဖြူ့အတွက် အစိုးရိမ်လွန်နေကြလို့ပါ'

'စိတ်ချပါ ဖြူ၊ ကျွန်တော် ဖြူ့ဝေဒနာကို သိအောင်ကြိုးစားပေးပါ့မယ်၊ ဖြူ သတိပြန်ရစေရမယ်'

ဒေါက်တာဝေယံဇွန်က ရဲရဲတင်းတင်းပင် အာမခံလိုက်သဖြင့် အဖြူထည် ဝမ်းသာအားရဖြစ်သွားရလေသည်။

ဖြူ့ဘဝ မျှော်လင့်ချက်ရောင်ခြည်လေးသန်းလာလေပြီ။ နှင်းဇာပါးပုဝါလွှမ်းခြုံထားသည့်နှယ် ဖြူ၏အကိတ်အာရုံတို့တစ်ခါး ဖုံးကွယ်ထားခံရမှုအောက်က လွတ်ကင်းတော့မည်။

'ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ် ဖြူဘာယ်လိုဝမ်းသာမှန်းမသိဘူး၊ ဟော မိညိုလည်း ထမင်းပွဲပြင်ပြီးသွားပြီ ဒေါက်တာသုံးဆောင်ပါ၊ ဖြူ့ကို မမကြီးမျှော်နေလို့မို့မယ်၊ ခွင့်ပြုပါဦး'

အဖြူထည်က မိညို ထွက်လာသည်နှင့် နေရာမှထကာ ခွင့်ပန်လိုက်သည်။

ဒေါက်တာဝေယံဇွန်ကပါ လိုက်ထ၍

'ကောင်းပြီ၊ ဖြူနဲ့ ကျွန်တော် ဒီထက်များပြားတဲ့အချိန်ပေးမှုရရင် ဖြူ့ရောဂါဝေဒနာဇစ်မြစ်ကို ကျွန်တော် တူးဖော်နိုင်မှာပါ၊ ကျွန်တော့်ကို အချိန်ပေးနိုင်ဖို့ကြိုးစားပါ'

'ဟုတ်ကဲ့ ဒေါက်တာ'





အဖြူထည်ရင်ထဲ၌ လွတ်လပ်ပျော်ရွှင်လာသလို ခံစားလိုက်ရသည်။

မျှော်လင့်ချက်ရောင်ခြည်သန်းပြီ။

မိမိအား ခြောက်လှန့်နေခဲ့သော အိပ်မက်ဆိုးကြီးများမှ လွတ်မြောက်ခွင့်ရတော့ မည်ထင့်။

ဒေါက်တာဝေယံဇွန်အား ယုံကြည်အားကိုးသော မျက်လုံးများနှင့်ကြည့်ပြီး ထွက်ခွာခဲ့လိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

ဝေယံဖွန် တွေဝေကာ ကျန်ရစ်ခဲ့သည်။

အဖြူထည်ဟူသောမိန်းမသည် တကယ်ပင် အဖြူရောင် သက်သက်လေးပေပဲလား။

သူ့ကို အရောင်ဆိုးထားသူများမှာ ဖခင်နှင့် အစ်မသာ ဖြစ်ပေလိမ့်မည်ထင်သည်။ အစ်မဟုတွေးလိုက်မိသည်နှင့် မိုးမြင့် ထည်ကို မြင်ယောင်လာသောအခါ ရင်ခုန်သံနှုန်း မြန်ဆန်လာ သည်။

'တောက်'

မိမိရင်ခုန်သံနှုန်းမြန်မှုအနေအထားကို သူ မကျေမနပ် ဖြစ်မိသည်။

ဘာမှမဆိုင်။

အဖြူထည်နှင့် မိမိသာ သက်ဆိုင်သောကိစ္စ၌ မိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com



ထည်ကိုလည်း ဝင်ရောက်ခွင့်မပေးနိုင်။ သို့သော် မိုးမြင့်ထည်၏ ပုံရိပ်က သူ့နှလုံးသားကြေးမုံကို အရိပ်ထင်ဟပ်၍နေလေပြီ။

ထမင်းစားပြီးသည်နှင့်ချက်ချင်းပင် ဆိုင်ကယ်ပေါ် တက်ကာ မောင်းထွက်ခဲ့လိုက်သည်။

စခန်းသာမြို့လေးသည် တောင်ပေါ်နယ်စပ်မြို့ကလေး ဖြစ်သည်။ ခပ်ကျဉ်းကျဉ်းပင်ဖြစ်သည့်အတွက် ဆိုင်ကယ်ကိုသာ လွယ်လွယ်ကူကူဝယ်ပြီး နီးနီးဝေးဝေး ဆိုင်ကယ်ပဲ အများနည်း တူသုံးလိုက်သည်။ သို့မှသာ ဆရာဝန်ကြီးဆိုသောဂုဏ်ပုဒ်သည် သူလိုလိုငါလိုလို ပြည်သူကြား၌ ပျောက်ကွယ်သွားရသည်။ ဒါ ကို သူသဘောကျသည်။

ယခုမှအသက်၃ဝကျော်ရုံရှိသေးသော သူ့ကိုယ်သူ လူ ငယ်ဘဝလိုလွတ်လွတ်လပ်လပ်နေချင်သေးသဖြင့် အိမ်ထောင် မြူဖို့ကို မိဘတွေ ဘယ်လိုပဲ နားချချ စပ်ပေးပေး သူလက်မခံခဲ့။

ယောကျာ်းတစ်ဦးအတွက် အိမ်ထောင်ပြုရန် အသက် အရွယ်မလိုဟု သူခံယူထားသည်။

'တိုး'ပွဲရုံသို့ သူဝင်ခဲ့လေသည်။

အဖြူထည့်ကားကို ပွဲရုံရှေ့၌ မတွေ့ရသဖြင့် သူ့ရင်ထဲ ပေါ့ပါးသွားသည်။

အဖြူထည်ကို ဘူ မတွေ့လို့။





အဖြူထည့်မျက်နှာကလေးနှင့် ဘဝအစိတ်အပိုင်းပုံရိပ် တစ်စွန်းတစ်စကို တွေ့မြင်ခွင့် ကြုံရပြီးနောက်ပိုင်း သူ့ရင်ထဲ၌ အစိုင်အခဲတို့သည် ပြေလျော့လာသည်။

'ဘာအလိုရှိပါသလဲရှင်'

'ဒေါ်မိုးမြင့်ထည်နဲ့တွေ့ချင်လို့ပါ'

'ကြွပါရှင် မမမိုး အခန်းထဲမှာရှိပါတယ်'

အဲယားကွန်းတပ်ထားသော ဆီးမှန်တပ်မှန်လုံခန်းသို့ ညွှန်ပြလိုက်သည်။

သူက ခပ်တည်တည်ပင်ဝင်ချလာခဲ့သည်။

'ဟင်'

သူ့ကို မြင်လိုက်သည်နှင့် မိုးမြင့်ထည်မျက်လုံးက ဝိုင်း ကော်သွား၏။ တစ္ဆေသူရဲတစ်ကောင်ကိုတွေ့လိုက်သည့်အလား ခံစားလိုက်ရသည်။

ဟုတ်သည်။

အချစ်ဆိုတာ တစ္ဆေတစ်ကောင်လိုပါပဲ။

တစ္ဆေကို ပုံသဏ္ဌာန်တိတိကျကျ ထုတ်ဖော်၍မရသကဲ့ သို့ အချစ်ကိုလည်း ပုံသဏ္ဌာန်အနက်အဓိပ္ပာယ် တိကျစွာဖော်ပြ ၍ မရနိုင်။ အချစ်နှင့်တစ္ဆေအလားသဏ္ဌာန်တူနေတော့ သူတစ် ယောက်က အချစ်ကိုတွေ့ဆုံလိုက်ရ၍လား။



www.burmeseclassic.com

www.burmeseclassic.com



'နေကောင်းရဲ့လား မိုး၊ မတွေ့တာ နှစ်ရက်ကျော်သွားပြီနော်'

'ကိစ္စရှိလို့ပါလား ဒေါက်တာ'

မိုးမြင့်ထည် စိတ်ရှုပ်စွာဖြင့် သူ့မေးခွန်းကိုမဖြေဘဲ သူ့ကိုသာ မေးခွန်းပြန်ထုတ်လိုက်သည်။

'ရှိတာပေါ့'

'ထိုင်ပါဦး ဒေါက်တာ ထမင်းကော စားပြီးပြီလား ဖျော်စဉ်ပေးတဲ့ဟင်းတွေ စားကောင်းပါရဲ့လား'

ဝေယံလွှန် စိတ်တိုသွားသည်။ အဓိကစကားကို ဘာဖြစ်၍များ ကွယ်ဝှက်ဖို့ကြိုးစားနေရပါလိမ့် မိုးမြင့်ထည်ရယ်။

'ကျွန်တော်မေးတာ မဖြေသေးဘူး'

'ရှင်'

မိုးမြင့်ထည်က မျက်ဝန်းနက်ကြီးနှင့် ဖျတ်ကနဲ သူ့အား ကြည့်လိုက်မှုကို ဝေယံလွှန်အသည်းတယားယားဖြစ်သွားရသည်။

'အ,ချင်ဟန်မဆောင်ပါနဲ့ မိုး၊ မိုးဟာ စီးပွားရေးလောကမှာ ဘုရင်မတစ်ပါးလိုပြောင်မြောက်တဲ့လူပါ။ ချက်ဆိုနားခွက်က မီးတောက်ပြီးသားပါ ကျွန်တော့်ကို ဘာဖြစ်လို့ရှောင်နေတာလဲ'

'နေပါဦး ဒေါက်တာ. . . ဒေါက်တာ့ကို ရှောင်ရအောင်





ဒေါက် တာနဲ့ကျွန်မရဲ့ပတ်သက်မှုက ဘာမှမရှိဘူးထင်ပါတယ်'

မိုးမြင့်ထည်က အခွန်းတင် မခံချင်သဖြင့် ချက်ချင်းပင် ရင်မှဝေဒနာကို ဥပေက္ခာပြုကာ ခပ်စိမ်းစိမ်းပင် တုန့်ပြန်လိုက်သည်။

'မိတ်ဆွေဆိုတဲ့အဆင့်ကိုတောင် လက်မခံဘူးလား. . ဒေါက်တာဆိုတာကြီးကို ပြင်ထားတယ်လေ'

'ကိုဝေယံ မိတ်ဆွေဆိုတဲ့အဆင့်က နေ့တိုင်းတွေ့ဆုံနေရမယ်ဆိုတဲ့အချက် ပါလို့လား'

ဝေယံလွှန် မိုးမြင့်ထည်၏မျက်ဝန်းကို စူးစူးစိုက်စိုက်ပင် ကြည့်ကာ အဖြေရှာလိုက်လေသည်။

ဒီအမျိုးသမီး မလွယ်ဘူးဟုလည်း တွေးလိုက်မိသည်။

မိုးမြင့်ထည် မျက်လွှာချ၍ မရှောင်လွှဲ။ တန်ပြန်ကြည့်လိုက်သည်။ နှုတ်ခမ်းကိုတင်းတင်းစေ့ထားလိုက်သည်။ ညီအစ်မနှစ်ယောက်က သူ၏ရွေးချယ်ခံအဖြစ် နေရမှာလား။

ဝေးသေး။

မိုးမြင့်ထည်၏မာနသည် သူနှင့်ကျမှ ခဝါချရမည်ဆိုတာ ရာဇဝင်ရိုင်းပေလိမ့်မည်။

'မိုး ကျွန်တော်မအားတဲ့ကြားက ညနေတိုင်း မိုးတို့အိမ်မှာ ထမင်းလာစားတာ ဘာကြောင့်လဲ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မသိချင်ပါဘူး'

'ကျွန်တော်က ပြောချင်တယ် အဲဒါ မိုးကြောင့်ပါပဲ'

မိုးမြင့်ထည် အံ့အားသင့်ဟန်မပြဘဲ ငြိမ်သက်နေလိုက်သည်။ ခုန်နေသောရင်အစုံကို ဆုံးမနေလိုက်သည်။ ဒေါက်တာဝေယံရွှန်သည် မိမိချစ်သင့်ချစ်ထိုက်သောသူမဟုတ်ဟု။

'မိုး'

မိုးမြင့်ထည် မထူး။

'ကျွန်တော် မိုးနဲ့ စကားတွေအများကြီး ပြောချင်တယ် မေးစရာစကားတွေရှိသလို ဆွေး နွေးစရာစကားတွေလည်း ရှိတယ်'

'ဟုတ်ကဲ့ ကျွန်မနားထောင်နေပါတယ် ဆွေးနွေးလို့ရပါ တယ်'

'တောင်ပေါ် ဆုတောင်းပြည့်ဘုရားမှာ ဒီညနေ ၅နာရီ ကျွန်တော်တို့တွေ့ကြရအောင်လား'

'မဖြစ်ဘူး ကိုဝေယံ'

'ဘာဖြစ်လို့မဖြစ်ရမှာလဲ'

'ဒီမြို့လေးက ကျဉ်းပါတယ် ဒါကြောင့် ကျွန်မနဲ့ဒေါက်တာတွေ့ဆုံမှုက ရိုးသားတယ်ထားဦး ဒီမြို့ရဲ့မြို့ခံလိုဖြစ်နေတဲ့ ကျွန်မက ကျွန်ရစ်သူ၊ ဒေါက်တာက ဧည့်သည်၊ ဧည့်သည်က





အချိန်တန်ရင်အိမ်ပြန်သွားမှာပဲ အိမ်သည်ကျွန်မပဲ နှစ်နာကျန်ရစ်ခဲ့ရမှာကို ကိုဝေယံတွေးမိရဲ့လား'

ဝေယံရွှန်ရင်ထဲ ထိသွားသည်။

အစစ အရာရာကို လေးလေးနက်နက်တွေးတတ်သော မိုးမြင့်ထည်ကို သူအရှုံးပေးရမလိုဖြစ်နေသည်။

'ဆောရီးပဲ မိုးရာ အပြန် ကျွန်တော့်ဆီခဏဝင်ခဲ့ပါလား'

မိုးမြင့်ထည်တွေဝေသွားရသည်။

'သိပ်အရေးကြီးနေလို့လား'

'ဟုတ်ပါတယ် အဖြူနဲ့ပတ်သက်နေလို့'

'ဟင်'

မိုးမြင့်ထည်ရင်ထဲ ဒိန်းကနဲဖြစ်သွားရသည်။

'ငါ့နှယ်နော် သူ့မျက်ဝန်းနက်နဲ့ မထိတထိစကားတွေကြောင့် ရင်ခုန်လှုပ်ရှားနေလိုက်ရတာ ဖြူ့အတွက်ကိုး ကောင်းပါတယ်လေ ဒါဟာ အဖြစ်သင့်ဆုံးကိစ္စပဲမဟုတ်လား'

ဟုတွေးမိကာ

'ဒါများ ကိုဝေယံရယ် ဖုန်းဆက်ပြောလည်းရရဲ့သားနဲ့ တကူးတကလာ ပြောရတယ်လို့'

'ကျွန်တော်အလေးအနက်ထားမိတဲ့ မိန်းမတစ်ယောက်ဆီကို လေးလေးစားစား လာတာ ကျွန်တော့်အမှား မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ် ကိုင်း . . မိုး နေ့လည်စာတောင် မစားရသေးဘူး ထင်တယ် စားပါ နောက်ကျနေပြီ ကျွန်တော်ပြန်တော့မယ်'

ဒေါက်တာဝေယံဖွန် ပြောပြောဆိုဆို နှုတ်ဆက်ကာ ထပြန်ခဲ့လေသည်။ မိုးမြင့်ထည် ယောင်ချာချာနှင့်ရပ်ကာ ကျန်ရစ်ခဲ့သည်။ ပွဲရုံအပြင်သို့လည်း လိုက်မပို့မိ။ ရင်ဝယ် လစ်ဟာမှုဝေဒနာက ဘာကြောင့်များဖြစ်ပေါ်လာရသည်ကိုမသိနိုင်သဖြင့် မိုးမြင့်ထည် သက်ပြင်းအခါခါချလိုက်မိလေတော့သည်။

*





အခန်း(၁၂)

'ဖြူ့ တိုးကို ထမင်းဂရုစိုက်ပြီးကျွေးလိုက်ဦး သင်းသင်းနဲ့ချည်းပဲ လွှတ်မထားနဲ့'

'မကြီးက ဒေါက်တာ့ကိုပဲ ထမင်းချိုင့်သွားပို့ခိုင်းနေပြီးတော့ ဖြူ့မှမအားတာ'

ဖြူ့အတွက် ရင်ထဲမှာ ကြိတ်၍မောခဲ့ရသော ဝေဒနာ အမောကြောင့် ပင့်သက်ရှိုက်လိုက်ပြီး

'သတိုး နည်းနည်းပိန်သွားတယ် တိုးကို ဂရုစိုက်ပါ ဖြူ ဖြူ့လောကမှာ ငါနဲ့နှီ့ကို ဂရုမစိုက်ချင်နေ၊ ဖေဖေနဲ့တိုးကိုတော့ အလေးအနက်ထားပြီး ဂရုစိုက်ပေးပါ ညီမရယ်'

မိုးမြင့်ထည် ရင်ထဲ၌ အောင်းထားရသော အောင်းလုံးကြီးများကို အခွင့်အခါသင့်ခိုက်တွင် တစ်စွန်းတစ်စဖွင့်ဟချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူထည်က သူ့ထုံးစံအတိုင်း အပြစ်ကင်းစင်သော လှန်သူငယ်မျက်လုံးမျိုးနှင့်ကြည့်ကာ

'မြူ ဖေဖေနဲ့တိုးအပေါ် ဂရုစိုက်မှု လျော့နည်းနေလို့လားတင် မမကြီး'

ဟု မေးခွန်းထုတ်လိုက်လေသည်။

ထိုစဉ် သတိုးပြေးဝင်လာပြီး အဖြူထည်ရင်ခွင်ထဲ တိုးကာ

'မမဖြူ မနက်ဖန် စကိတ်ကွင်းကို လိုက်ပို့ပေး။ ဦးဦးဒေါက်တာက ပို့ပေးမယ်ပြောတယ်'

မိုးမြင့်ထည်၏အကြည့်က အဖြူထည်နှင့် သတိုးထံသို့ ဆိုက်ရောက်သွားပြီး ရင်ဝယ် နင့်ကနဲခံစားလိုက်ရလေသည်။

ဒီတိတ်တခိုးရင်နာမှုဝေဒနာထုပ်ကြီးကို ဖြည်ချင်လှပြီ။ ဖခင်ကိုငဲ့ကွက်မှုသာမရှိဘဲ မိမိသဘောနှင့်မိမိသာဆိုလျှင် လောကကြီးကိုခါးစောင်းတင်ကာ စိန်ခေါ်ပြီး ရှင်းရှင်းလင်းလင်း ရင်ဆိုင်ပစ်လိုက်ချင်သည်။ ယခုတော့ ငဲ့ကွက်မှုတွေကြောင့် ရင်ထဲ၌ ဝေဒနာအောင်းလုံးကြီးကို ပိုက်ထားရလေသည်။ စိတ်ပင်ပန်းဆင်းရဲလိုက်ပါဘိ။

'နင့်မမကြီးကိုပြောလေ ဒီအိမ်မှာ မမဖြူက ရုပ်သေးရုပ်လေ သူများကြိုးဆွဲရာ ကနေရတဲ့ရုပ်သေးရုပ်'





သတိုးက ခြေကားယားလက်ကားယားမြှောက်ပြကာ

'ရုပ်သေးရုပ်ဆိုတာ ဒီလို ဒီလိုလုပ်တဲ့အရုပ်လေးလား'

အဖြူထည်က သတိုး၏ ဟန်ပန်ကြောင့် ကြည်မွေ့စွာ ခစ်ခစ်ရယ်မောလိုက်ပြီး အသည်းတယားယားဖြစ်ဟန်နှင့် သတိုးကို ပွေ့ပိုက်ဖျစ်ညှစ်ပြီး ပါးမို့မို့နှစ်ဘက်ကို ဘယ်ပြန်ညာပြန်မွှေးကြူလိုက်လေသည်။

ထိုကာလမှာပင် သတိုးက သူ့အား မျက်လုံးရွဲကြီးနှင့် မဝံ့မရဲလှမ်းကြည့်လေသည်။

သူ့ကိုမိန်းမကြမ်းကြီးအဖြစ် ကြောက်လန့်နေပုံရသော တိုးကိုကြည့်ကာ သူ ရင်ထဲစူးရှနာကျင်သွားရလေသည်။

မိုးမြင့်ထည် ပင့်သက်ရှိုက်ကာ သောကဝေဒနာအစုစုကိုရှင်းထုတ်လိုက်ပြီး

'တိုးကို ဦးဦးဒေါက်တာက တကယ်ပို့ပေးမှာတဲ့လား'

'ဟုတ်ကဲ့ တကယ်ပို့ပေးမှာတဲ့'

သတိုးမျက်နှာလေး ဝင်းပသွားလေသည်။

ပြီးတော့ ကလေးပီပီ ဟန်ဆောင်မှုကင်းမဲ့စွာဖြင့် 'မေမေ' ဟုအော်ကာ သူ့အား ချစ်ပြီးအလိုလိုက်သည့် အဖြူထည်ပါးကို နမ်းရှုပ်လိုက်လေသည်။

'ဒီနေ့ ဒေါက်တာ ထမင်းလာမစားနိုင်ဘူး တဲ့။ ငါ့ဆွဲဒီ

www.burmeseclassic.com



ဘက်သွားစရာရှိလို့ ချိုင့်ယူသွားပေးလိုက်မယ် အန်တီစိန်ရေ့ . ထမင်းပွဲပြင်ပေးပါ'

'အေး အေး'

မိုးမြင့်ထည် အဖြူထည်နှင့် သတိုးဝင့်ထည်ကို ခြုံငုံကာ တစ်ချက်ကြည့်လိုက်ပြီး

'ဖြူ ဒေါက်တာနဲ့ အချိန်ချိန်းပေးခဲ့မယ် အိမ်ကကားပဲ ယူသွားလိုက် ဖြူနဲ့တိုးနှစ်ယောက်တည်းပဲ သွားလိုက်'

သူ့စကားက ရိုးစင်းပါလျက် ဖြူက နားမလည်သည့် မျက်လုံးဝိုင်းနှင့် ကြည့်သည်ကို သူဥပေက္ခာပြုကာ ကြောခိုင်းခဲ့ပြီး အပေါ်ထပ်သို့တက်ခဲ့လိုက်လေသည်။

သတိုး၊ ဖြူနှင့်ဒေါက်တာကို ရင်းရင်းနှီးနှီးရှိစေချင်သည်။

မိမိစိတ်ဆန္ဒထက် ဖြစ်သင့်သည်ကို ဦးစားပေးရမည်။

မိုးမြင့်ထည် ရေချိုးလိုက်သည်။

ပွဲရုံမှာ ပစ္စည်းအဝင်နှင့်အထွက် တစ်ပြိုင်နက်ဆိုသလို ကျရောက်ခဲ့သဖြင့် အလုပ်ရှုပ်ကာ ငြီးစီစီနှင့်ပင်ပန်းခဲ့ရသမျှတို့သည် ရေချိုးကြွေဇလုံကြီးထဲ၌ ရေစိမ်ချိုးအပြီးတွင် လန်းဆန်းသွားလေတော့သည်။

အလှပြင် အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။





ဧည့်ခန်း၌ သတိုးအား ထမင်းခွံ့ကျွေးနေသောဖြူ့အား

'မကြီးကို ထမင်းစားမစောင့်နဲ့တော့ စားသောက်ဆိုင် ခဏဝင်ကြည့်ရင်း အဲဒီမှာ စားလိုက်တော့မယ်'

ဖေဖေက ခရီးထွက်သွားသည် ဆိုတော့ စားသောက်ဆိုင်တာဝန်ကို ဥပေက္ခာပြုထား၍ မရချေ။

ဒီတစ်ခါ ဖေဖေက ရန်ကုန်သို့ဆင်းသွားခြင်း ဖြစ်သည်။ ငွေသိမ်းစရာတွေရှိနေသည်။ ရန်ကုန်အိမ်ကို သံရုံးငှားထားသည့်ကိစ္စကလည်း နှစ်ချုပ်ပြည့်သွားပြီဖြစ်၍ အိမ်ကို တစ်ခေါက်ပြန်ကြည့်ပြီး လိုအပ်လျှင်ဆက်ငှားရန်ဖြစ်သည်။

'မမကြီး ထမင်းချိုင့် ကားပေါ်တင်ပြီးပါပြီ'

'အေးအေး'

မိညိုစကားကို 'အေး'လိုက်စဉ်မှာပင် အန်တီစိန်က

'တစ်ယောက်ယောက်ခေါ်သွားဦးမလား'

မလိုအပ်သောမေးခွန်းကို အမိုထုတ်လိုက်သည်။

သူ့အတွက် အဖော်မလို။ ဒီစခန်းသာ တစ်မြို့လုံး သူ့အား မသိသူမရှိ။ သူ့ခြေသူ့လက် တစ်ယောက်တည်းသွားလာနေကျဖြစ်သည်။

'မလိုပါဘူး အန်တီစိန်၊ အိမ်ကိုသာ ဂရုစိုက်ပါဦး ဘာမှာဦးမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မမှာတော့ပါဘူး'

'ဒါဖြင့် သွားပြီနော်'

သူ ကားလေးကို ပြည်သူ့ဆေးရုံရှိရာသို့ ဦးတည်လိုက်သည်။

ဒေါက်တာဝေယံဇွန်သည် ယခင်က ဆေးရုံအုပ်များလို မဟုတ်။ ဆေးရုံက ဂျူတီချိန်နှင့်ကင်းလွတ်ချိန်တွင်လည်း ဆေးခန်းမဖွင့်ချေ။ သူ့ဝါဒက 'ဆေးရုံက ရောဂါ သေးသေးကြီးကြီး လူမျိုးမရွေး ဘာသာမရွေး အချိန်နေရာမရွေး ကုသပေးနေတာပဲ ပိုက်ဆံရှိတဲ့လူလည်း ဆေးရုံသာလာခဲ့ စရိတ်မျှပေးကျန်းမာရေးကို ဆောင်ရွက်ထားပြီ။ ပိုက်ဆံခန်းတွေရှိနေတာပဲ ပူစရာ မလိုဘူး လူနာအားလုံးအတွက် အဆင်ပြေ စိတ်ချမ်းသာစေရမယ်'ဟု။

အားလပ်ချိန်များကို လွတ်လပ်ပေါ့ပါးစွာဖြင် တင်းနစ်ကစားသည်။ စောစောထပြေးသည်။ တစ်ခါတစ်ရံ ညဘက် ကာရာအိုကေဆိုင်၌သီချင်းသွားဆိုချင်ဆိုနေတတ်သည်တဲ့။ တစ်ခါတစ်ရံလည်း စာဖတ်ခြင်းနှင့်အချိန်ကုန်နေတတ်သည်တဲ့။ တစ်ခါတစ်ရံဂီတာတီးရင်း အပမ်းဖြေတတ်သည်တဲ့။

လွတ်လပ်ပေါ့ပါးစွာ နေတတ်သော ဒေါက်တာဝေယံဇွန်သည် သူတို့စခန်းသာသို့ရောက်လာသည့် တစ်လအတွင်း





မှာပင် ရေပန်းစားလာလေတော့သည်။ အထူးသဖြင့် အပျိုချောကလေးများအလယ်တွင် ပို၍ရေပန်းစားလာ၏။ ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင် ဖြစ်လာသည်။

မိုးမြင့်ထည်၏အတွေးမျှင်သည် ဆေးရုံဝန်းထဲရှိ ဆရာဝန်ကြီး၏အိမ်ရှေ့ပေါ်တီကိုအောက်အရောက်တွင် ကားသီးနှင့်အတူ တုန့်ကနဲရပ်ဆိုင်းသွားရလေတော့သည်။

အိမ်ကြီးမှာ ကိတ်ဆိတ်လျက်ရှိချေသည်။

လူပျိုလူလွတ်တစ်ဦးတည်းနေသော အိမ်သို့ အပျိုစင်တစ်ဦးတည်းလာခဲ့ခြင်းက မှားများမှားသွားပြီလား။

အို . . ဂုဏ်သိက္ခာဆိုတာရှိပါသေးသည်။

တစ်ပြည်တစ်ရွာသားဆရာဝန်ကြီးက သူ၏ဂုဏ်သိက္ခာနှင့်အကျင့်စာရိတ္တကို ချိုးဖောက်မှာမဟုတ်ပါဘူးလေဟု တွက်တာ ကားဟွန်းသံ ပေးလိုက်သည်။

ထွက်မလာသေး။

'တောက်'

အမြင်ကပ်စွာဖြင့် တက်တစ်ချက်ခေါက်လိုက်မိသည်။

စိတ်ပေါက်လက်ပေါက်နှင့်ပြန်ချသွားလိုက်ရဟု တွေးလိုက်မိသော်လည်း မြို့ကိစ္စတိုင်ပင်စရာရှိလို့ဟူသောစကားကို သတိရမိကာ ချိုင့်ဆွဲလျက် အိမ်ထဲသို့ပင်ခဲ့လိုက်မိသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



'အို'

မိုးမြင့်ထည် ရှက်မျက်နှာထူအမ်းသွားပြီး ဘယ်နားသို့ မျက်နှာထားရမှန်းမသိအောင်ဖြစ်သွားရလေသည်။

အကြောင်းမှာ တစ်ဦးတည်းနေသော လူပျိုသိုး ဆရာဝန်ကြီးက ရေစက်လက်များနှင့်ကိုယ်လုံးဗလာတွင်မျက်နှာသုတ်ပဝါတိုနံငယ်ပိုင်းသဖွယ်ပတ်ထားပြီး ရုတ်ချည်းထွက်လာသောကြောင့်ဖြစ်လေသည်။

*





## အခန်း(၁၃)

'ရှင်မြန်မြန်အဝတ်လဲ ကျွန်မ ချိုင့်လှယ်လိုက်ဦးမယ်'

စတော်ဗယ်ရီရောင်မျက်နှာကလေးနှင့် ရှက်သွေးကြွယ်ဘာ တုန်လှုပ်သွားပြီး ထစ်ထစ်ငေါ့ငေါ့ စကားဆိုလျက် သူ့ကိုကြည့်ဘဲ ထမင်းစားခန်းဘက်သို့ သုတ်ခြေတင်ဝင်သွားသောမိုးမြင့်ထည်ကို သူ အသည်းယားစွာကြည့်ကာ ရယ်မောမိလိုက်သည်။

သို့သော် စိတ်ထဲ၌သာဖြစ်သည်။

ဆတ်ဆတ်ကဲ့ဟုနာမည်ကြီးသော စခန်းသာ၏အချောဆိပ်ခေါင်စာရင်းဝင် မိုးမြင့်ထည်ကို သူ အထင်သေး၍မရ။

သူ့အိပ်ခန်းဘက်ပြန်ဝင်ကာ ကိုယ်ပေါ်မှရေစက်များကိုခင်အောင်သုတ်ရင်း ပြုံးမိလိုက်သည်။

ရ ှ က် သေ ွ း ဖြ ာ နေ သ ာ



www.burmeseclassic.com

www.burmeseclassic.com



ဘ်နှစ်တစ်ရက်လျှော့နှင့်တူသည့်အပျိုစင်၏ရုပ်သွင်လေးက သူ့နှလုံးအိမ်သို့ ထိမှန်ပြန်လေသည်။

ခက်နေပြီ။

နှလုံးသားကို အံတုနိုင်ဖို့ကိစ္စက အတော့်ကို ခက်ခဲနေသည်။

မည်သို့ဆိုစေကာမူ အချစ်နှင့်တွေ့ဆုံနေရခြင်းလောက် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသောအချိန်မျိုးမရှိနိုင်ဟု သူခံစားသိမြင်နေလေပြီ။

မိုးမြင့်ထည်နှင့် ပတ်သက်ပြီးတော့မှ အချစ် ဆိုတာကို နဖူးတွေ့ဒူးတွေ့ တွေ့မြင်လိုက်ရလေပြီ။

အချစ်ကြောင့် ရည်ရွယ်ချက်တို့ပြောင်းလဲသွားရ၏။

မာကြောကြံ့ခိုင်လှချည်ရဲ့ဟူသော သူ၏သံမဏိနှလုံးသားကြီး ယိမ်းယိုင်နဲ့လာကာ ချိနဲ့နဲ့ဖြစ်နေလေပြီ။

သူ၏ခန္ဓာကိုယ်အထက်ပိုင်း ဗလာကျင်းနေမှုကို မြင်တွေ့ကာ ရှက်သွေးကြွယ်ကာ ဗလောင်ဆူသွားပုံရသော မိုးမြင့်ထည်ကြောင့် အဝတ်အစားကမန်းကတန်းလဲလှယ်ပြီး အိမ်ခန်းမြင်ဘက်ထွက်ခဲ့သည်။

ထမင်းပွဲပြင်ပေးနေသူ လှကညာထံသို့ လျှောက်သွားတန်းနေအောင် ရောက်သွားပြီး





'မိုး ကျွန်တော် ထမင်းမစားသေးဘူးမိုး မခူးလိုက်နဲ့'

'ဟုတ်ကဲ့ ဒါဖြင့်အုပ်ထားခဲ့မယ်'

သူ့အား မကြည့်ဘဲ အဖြေပေးလိုက်သည်။

'စကားပြောရအောင်နေဦး မိုး'

သူက ထပ်ဆင့်ကာ ခယယကလေး တောင်းဆိုလိုက်သည်။ အချစ်မှာမာန မရှိဟု သူနားလည်လိုက်ပြီ။

'ဟုတ်ကဲ့'

ဟု ဆိုကာ လဲလှယ်ပြီးသော ဂတီးချိုင့်ကို ယူကာ အိမ်ရှေ့သို့ထွက်သွားသည်။

သူက ကော်ဖီနှပ်စက်မှကော်ဖီနှင့် သကြားခဲနှင့်နို့မှုန့်တို့ သင့်တင့်ရုံအနေအထားဖျော်လိုက်ပြီး ကော်ဖီနှစ်ခွက်ကိုဘန်းလေးထဲထည့်ကာ အိမ်ရှေ့သို့ယူခဲ့လိုက်သည်။

'အို ဒေါက်တာကလဲ ကျွန်မညွှန့်သည်မဟုတ်ပါဘူး'

အားနာဟန်နှင့် သူ့ထံမှဘန်းကိုလှမ်းယူကာ စားပွဲပေါ်တင်ပေးလိုက်သည်။

'ကျွန်တော်က မိုးတို့ကို ဒီထက်မက ပြုစုချင်ပါတယ် ကျွန်တော်အားတဲ့တစ်နေ့မှာ ကျွန်တော်ရဲ့တတ်စွမ်းသမျှသော ဝိဇ္ဇာလေးနဲ့ ပြုစုပြီး ကျေးဇူးတုန့်ပြန်ချင်ပါသေးတယ်'

'ကျေးဇူးတုန့်ပြန်မှုကိုခံယူချင်လို့မှ မဟုတ်ဘဲ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



ဘာ-အကျိုးလိုလို့ညောင်ရေလောင်းခဲ့တာမဟုတ်ပါဘူး'

မိုးမြင့်ထည်စကားကြောင့် သူ ရင်ထဲနင့်နင့်သီးသီးခံစားလိုက်ရလေသည်။

တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့။

ဦးဝင့်ထည်နှင့်မိုးမြင့်ထည်တို့၏ထမင်းလုပ်များက သူ့လည်ချောင်းကိုနင်စေပြီလား။

ခုရှုပ်မှနှောင်ရှင်း ပြဿနာကိုရှင်းလိုက်ချင်ပြီ။

'မိုး ကော်ဖီကြိုက်တတ်တယ် ဆိုလို့ပါ သုံးဆောင်ပါဦး မိုး'

'နီပြောတာထင်တယ်'

ရှက်သွေးစို့မှုလေးမပြယ်တပြယ်မျက်နှာလေးနှင့် ကော်ဖီပန်းကန်ကိုလှမ်းယူကာ တစ်ချိုက်မျှ သောက်လိုက်ပြီး

"ကိုဝေယံပြောမယ်ဆိုတာ ဘာများပါလဲ ဒေါက်တာ'

ဣန္ဒြေရရနှင့် ရဲရင့်သော ခေတ်အမျိုးသမီးပီသစွာပင် သူ့အားရင်ဆိုင်လိုက်ကာ မေးခွန်းထုတ်လိုက်သည်။

မျက်ကွယ်၌ တရှိုက်မက်မက် ငေးကြည့်နေသော သူ့အကြည့်ကို လွှဲဖယ်လိုက်ပြီးနောက်

'အဖြူနဲ့ပတ်သက်နေပါတယ်'

'ဟုတ်ကဲ့ အဖြူ့ကိစ္စဟာမိသားစုကိစ္စပါပဲ နီကများပြော





လိုက်လို့လား'

'နီကနေတော့ ရိုးတိုးရိပ်တိတ်ပဲ ပြောပါတယ် မမဖြူက ကျန်းမာရေးသိပ်မကောင်းလို့ အိမ်မှုကိစ္စလောက်ပဲ တာဝန်ယူရတယ်လို့ပြောပါတယ် ဘယ်လိုကျန်းမာရေးအခနေအထားမျိုးလဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောဝါလားခင်ဗျာ'

သူ တတ်နိုင်သမျှ စကားကို ထိန်းပြီး ပြောလိုက်ရလေသည်။

မိုးမြင့်ထည်တွေဝေသွားသည်။ တခဏတော့ ငြိမ်သက်နေပြီးမှ

'ကိုဝေယံအမြင်ကကော'

ဟု သူ့မေးခွန်းကိုမဖြေသေးဘဲ သူ့အား မေးခွန်းပြန်ထုတ်လေသည်။

'စိတ်နဲ့များပတ်သက်နေမလားလို့'

မိုးမြင့်ထည် မျက်လုံးပင့်ကာကြည့်လိုက်သောအကြည့်တာ သူ့ထင်မြင်ချက်ကို တအံ့တဩနှင့်လက်ခံလိုက်သည့်သဘောပါဝင်လေသည်။

ထို့နောက် မျက်နှာလွှဲလိုက်ပြီး စက္ကန့်အနည်းငယ်မျှငြိမ်သက်ကာ စဉ်းစားပြီးမှ

'မှန်ပါတယ် ကိုဝေယံ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု

www.burmeseclassic.com



ကြောင့် သွေးသည်းခြေပျက်လုမတတ်ခံစားလိုက်ရရှာတဲ့ ညီမလေးဟာ outlet ရှာလိုက်တယ်ထင်ပါတယ် ဝေဒနာဆိုးကိုခံစားခဲ့ရတဲ့ကာလအပိုင်းအခြားကိုသာ လုံးဝမေ့ပျောက်သွားတဲ့ ဝေဒနာသည်ဖြစ်နေရရှာပါတယ်'၊

မျက်နှာလေး၌ ကြေကွဲဝမ်းနည်းမှု အရိပ်အရောင်များ ယှက်နွယ်နေရှာသည်။

ဒေါက်တာဝေယံဗွန် ရင်ထဲ နင့်ကနဲဖြစ်သွားရသည်။

အတိတ်နာကျည်းချက်အားလုံးကို တစ်ထိုင်တည်းသင်ပုန်းချေပစ်လိုက်ချင်ပါသည်။

သို့သော် ဤမျှမကသောဝေဒနာဆိုးနှင့် ကြုံတွေ့ခဲ့ရသောသောကဒုက္ခဝေဒနာမီးလောင်မြိုက်မှုကိုခံစားခဲ့ရရှာသောမိသားတစ်စုကို ပြန်လည်မြင်ယောင်မိကာ ပင့်သက်ရှိုက်လိုက်မိလေသည်။

ထို့အတူ ကုလိုက်ပြန်ရင်လည်း ဘဝတစ်ခုလုံးကို ပျက်ပြုန်းနေတဲ့ နှလုံးသားဒဏ်ရာဒဏ်ချက်တွေနဲ့ ရင်ဆိုင်သွားရရှာပေတော့မယ်ဟူသောအတွေးက တစ်ဘက်၊ ရောဂါရှိနေမှန်းသိလျက်နှင့်ခွေးမြှုထားရခြင်းမှာကောအကူသိုလ်မဖြစ်စေဘူးလား။ ကျန်သက်ဆိုင်သူမိသားစုအား ဝေဒနာတိုးပွားစေခဲ့သည်ကို အမှတ်ရနေသော မိုးမြင့်ထည်ကလည်း အလေးအနက်စဉ်းစား





နေသည်။ တဒင်္ဂငြိမ်သက်နေမှုကြောင့် ပုစဉ်းရင်ကွဲလေးများ၏ အော်မြည်သံက တိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်လေသည်။

ဦးစွာအသက်ပြန်ဝင်လာသူမှာ ဒေါက်တာဝေယံဗွန်ဖြစ်သည်။

မိုးမြင့်ထည်ကိုလှမ်းကြည့်လိုက်သည်။

ဝေ့ဝဲအကြည့်နှင့်ဆုံဆည်းခိုက်

'နာကျည်း ကြေကွဲစရာကောင်းတဲ့ နှလုံးသားရေးရာဇာတ်လမ်းများလား မိုး၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပြပါလား အနာသိမှဆေးရှိနိုင်မှာပေါ့'

သူက အေးအေးဆေးဆေးပြောလိုက်သည်။

မိုးမြင့်ထည် ပင့်သက်ရှိုက်လိုက်သည်။

အဖြူထည်ကို ပြင်ပသို့လွှတ်ထားလိုက်ခြင်းသည် မှားများ မှားသွားပြီလား။

လောကကြီးကို အဖြူရောင်သက်သက်ဟု ထင်နေရှာသောညီမအတွက် ရတက်မအေးနိုင်ရှာဘဲ

'ပြောရရင် မိုးချုပ်သွားလိမ့်မယ် ဒေါက်တာ နောက်ပြီးဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေ့ကိုအသိမပေးချင်ဘူး ဖေဖေ့မှာနှလုံးရောဂါအခံလည်းရှိနေတယ် နည်းနည်းလေးမှ အမှားမခံနိုင်ဘူး ကျွန်မလည်း ဖြူ့ကို သတိပြန်ရစေချင်ပါတယ် ဒါပေမဲ့. .'

www.burmeseclassic.com



'ဒါပေမဲ့ ဘာဖြစ်လဲ မိုး ကျွန်တော့်ကိုပွင့်ပွင့်လင်းလင်း သာပြောပါဗျာ မိုးတို့မိသားစု ဂုဏ်သိက္ခာကျဆင်းရမယ့်အလုပ်မျိုး ကျွန်တော် လုံးဝမလုပ်ပါဘူး'

မိုးမြင့်ထည်ထံမှကြားရမည့်စကားက သူ့ရင်ထဲက ဝေဒနာအစိုင်အခဲကြီးကိုချေဖျက်နိုင်လိမ့်မည်ဟု မျှော်လင့်ချက်ကြီးကြီးထားမိလေသည်မို့ တိုက်တိုက်တွန်းတွန်းစကားဆိုလိုက်လေသည်။

'ကျွန်မကို တစ်ရက် နှစ်ရက်လောက်တော့ စဉ်းစားခွင့်ပေးပါလား ကိုဝေယံ'

'ဟင်'

စားရခါနီးအချိန်မှပုတ်ထုတ်ခံလိုက်ရသလိုမျိုး ဆန့်တငံ့ငံ့ခံစားလိုက်ရလေသည်။

မိုးမြင့်ထည်မျက်နှာမှာ သောကရိပ်များ ယှက်သန်းနေတော့ သူ့ရင်ထဲ၌ သို့လိုစိတ်ကိုချိုးနှိမ်ကာ အလျှော့ပေးလိုက်ရလေသည်။

'ကောင်းပြီလေ မိုးအဘောအတိုင်းပါပဲ ကျွန်တော့်ရဲ့စေတနာတွေကိုတလွဲမထင်စေချင်ဘူး မိုး ကျွန်တော်နဲ့ ညစာအတူစားပြီးမှပြန်ပါလားဗျာ ကျွန်တော်လိုက်ပို့ပေးပါ့မယ်'

မိုးမြင့်ထည် ပြန်သွားမှာကို သည်းမခံနိုင်သောစိတ်ဖြင့်





သူ လူနာ အိမ်မဲခြောက်တောင်းသလို တဖွဖွတောင်းဆိုလိုက်မိသည်။

မိုးမြင့်ထည်၊ ဆတ်ကနဲဖြစ်သွားသည်။

ရင်မှာလည်း တလှပ်လှပ်နှင့်။

ကျော်တော့လေ့သူကြီး ညားတော့လေ့ထိုးသားဖြစ်နေပြီလား။

မဖြစ်သင့်။

ထို့ကြောင့် သူ့ဆန္ဒကိုချိုးနှိမ်ကာ

'အိမ်သားတွေ ထမင်းစားစောင့်နေကြမှာမို့ပါ'

'အိမ်မှာ လူတွေက အများကြီးပဲ ကျွန်တော့်မှာသာ တစ်ယောက်တည်း'

ကလေးမုန့်ပူဆာသလို ပူဆာပြန်ပြီ။

ရော် ခက်နေပြီကောရှင်။

ဒီကနှလုံးသားက ခစ်နုနုမို့ ထိလွယ်ရှလွယ်ပါဘိ။ ဆိုင်ရာမှထလိုက်သည်။

'ဝုန်း'

'ဝေါင်း'

'အမေ့'

မိုးမြင့်ထည် ရုတ်တရက်မျက်လုံးပြာဝေသွားသည်။ ချွှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလည်း ယိမ်းယိုင်ကာ ဟန်ချက်ပျက်သွားလေသည်။

'အို'

ပို၍ ဆိုးသွားသည်က နွေးထွေးလှိုက်မောဖွယ်ကောင်းလောက်သော ရင်ခွင်ကျယ်ကြီးထဲသို့ သူ့တစ်ကိုယ်လုံး နစ်ဝင်သွားမှုဖြစ်သည်။

စက္ကန့်အနည်းငယ်မျှ မှင်သက်နေစဉ်

'ညောင် ညောင်'

ကြောင်နစ်ကောင်၏ခြေလှမ်းလိုက်မှုက သူတို့နှစ်ဦးအား ခန္ဓာကိုယ်ချင်းထိစပ်မှုပေးလိုက်သကဲ့သို့ဖြစ်သွားသည်ထင့်။

ဝေယံဗွန်၏စိတ်ရိုင်းက ချွန်းအုပ်၍မရ။

ဤမိန်းမနှင့်ပတ်သက်ပြီး နှလုံးသားတို့ ကခုန်နေချိန်၌ ရင်ခွင်ထဲသို့ ကြောင်နှစ်ကောင်၏ဖူးစာဖက်ပေးမှုကြောင့်ရောက်ရှိလာသော မိုးမြင့်ထည်ကိုယ်လုံးလေးကို စိတ်ရှိလက်ရှိဖျစ်ညှစ်ဖက်ထားလိုက်ပြီး နှခေါင်းချွန်ကာ အိထွေးမို့ညက်သော ပါးမို့လေးထဲ နစ်ဝင်အသွား

'ဟင် ရှင် ဒါ ဒါ'

မိုးမြင့်ထည် မာတ်လိုက်ခံရသလို တုန်လှုပ်ခြောက်ခြားသွားရာမှ သတိဝင်လာပြီးနောက် ကျားရဲအား တွန်းထုတ်လိုက်သည်။





ထို့နောက် ရှက်စိတ်မွန်ထူကာ လုပ်မိလုပ်ရာလုပ်လိုက်မိသည်က သူညာလက်သည် ဒေါက်တာဝေယံဗွန်၏ဘယ်ဘက်ပါးပြင်ပေါ်သို့ အရှိန်ပြင်းစွာထိကပ်မိတ်ဆက်လိုက်ခြင်းဖြစ်၏။

'ဖြန်း'

'ဟာ'

ဝေယံဗွန် မထင်မှတ်ထားသဖြင့် မျက်နှာ လည်ထွက်သွားပြီးမှင်သက်သွားစဉ်မှာပင် မိုးမြင့်ထည်သည် သူ့အပါးမှပြေးထွက်ပြီး ကားပေါ်သို့ တက်သွားသည်။ သတိဝင်လာသည်နှင့် ဝေယံဗွန်က ပြေးလိုက်သော်လည်း မိုးမြင့်ထည်ကားလေးက သူ့အိမ်ရှေ့မှထွက်ခွာသွားလေပြီ။

မရ။ ဝေယံဗွန်လောက၌ မတင်မကျနှင့်အရှုံးပေးလိုက်ရတာမျိုး အဖြစ်မခံနိုင်။ ချက်ချင်းပင် ဆိုင်ကယ်သော့ယူကာ ဆိုင်ကယ်စီး၍ မိုးမြင့်ထည်ကားနောက်သို့ အမှီလိုက်လိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

မိုးမြင့်ထည်၏ ညာဘက်ပါးပြင်ထက်၌ ပိုးကောင်တစ်ကောင်ကပ်နေသလိုခံစားမိသဖြင့် မကြာခဏ လက်ချောင်းကျဲလေးများနှင့် တဖွဖွစမ်းသပ်မိလေသည်။

အသက်ကသာ ၃၀ရှိပြီဖြစ်သော်လည်း ဖိုဆိုလျှင် ယင်ဖိုတောင်မသန်းဖူးသောမိမိကို ဧပါးကြီးမြွေတစ်ကောင်၏ ရစ်ပတ်မှုနှင့်ရစ်ပတ်ညှို့ငင်ယူသွားပြီး ညာဘက်ပါးပြင်ထက်သို့ ဖိုသတ္တဝါကြီးက အနမ်းဦးစိုက်ထူသွားပြီ။

လွှန်လွှန်းတယ်။ အင်း. တကယ်လွန်တယ်။

ဟွန်း... ရိုက်မိတာတောင် နည်းသေးတယ်။ လူကြီးက လက်ရဲဇက်ရဲနှင့်။ နီ့မျက်နှာနှင့် ဖခင်၏စကားကြောင့် သူ့အားအလေးပေးဆက်ဆံသည်ကိုများ တလွဲဆံပင်ကောင်းတာအထင်သေး၍ ဆက်ဆံလိုက်တာလား။ ဒါ လူကြီးလူကောင်းလုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



လား။ မဖြစ်ဘူး ဖြူနှင့် မိညိုကိုလည်း လွှတ်လို့မဖြစ်တော့ဘူး။

ထိုစဉ် အနားကပ်ပြီးတီးလိုက်သော ဆိုင်ကယ်ဟွန်းသံကြောင့် ငဲ့စောင်းကြည့်လိုက်သည်။

'ဟင်'

ဟဲလ်မက်ဆောင်းထားပေမဲ့ သိသည်ပေါ့။ ဒေါက်တာဝေယံဇွန်မှ ဝေယံဇွန်အစစ်။ ဆိုင်ကယ်က ကားရှေ့ကျော်တက်ကာ ကန့်လန့်ဖြတ်ရပ်လိုက်လေသည်။

'ကျွီ'

'တောက် သေတော့မှာပဲ'

မိုးမြင့်ထည်ကားကို မနည်းဘရိတ်အုပ်ရပ်လိုက်ရသည်။

ပညာတတ်ဖြစ်ပြီး ဒီလောက်တောင် မိုက်ရူးရဲဆန်ရသလား။ ဒေါသနှင့် ကားဟွန်းတီးကာ ဖယ်ခိုင်းလိုက်သည်။ မဖယ်ဘဲ ဆိုင်ကယ်ပေါ်မှဆင်းလာကာ သူ့ကားရှိရာ ကပ်လာပြီး

'တောင်းပန်ပါတယ် မိုး ကျွန်တော် ရုတ်တရက် သတိလက်လွတ်ဖြစ်သွားလို့ပါ'

မိုးမြင့်ထည်အတွက် ပိုဆိုးသွားရသည်။ အရှက်သိပ်သည်းဆသိပ်များနေသောမျက်နှာကို လွှဲပစ်ကာ

'လမ်းဖယ်ပေး'

'ခွင့်လွှတ်တယ်ပြောမှ'





အိုး. . လာလာချည်သေး။

အနမ်းဦး၏ကျူးကျော်ခြင်းကို လည်းခံရသေးသည်။ ခွင့်လည်းလွှတ်ရဦးမည်တဲ့။

တစ်သက်မှာ တစ်ယောက်တည်းကို ရည်စူးထားသော အချစ်ဦး၏အနမ်းဦးအတွက် ပါးမို့နေရာကို ဒင်း ကျူးကျော်စစ်ခင်းခြင်းကို ခွင့်လွှတ်သင့်သလား။

'မသိဘူး ဖယ်ပေး အခြားကားတွေလာရင် မကောင်းဘူးနော် ရှင့်ဂုဏ်သိက္ခာကိုလည်း ရှင်ငဲ့ဦး'

စိတ်ဆိုးခြင်းထက် ရှက်စိတ်ပိုခြင်းပါလားဟု ကိုယ့်စိတ်ကို ကိုယ် ကွဲကွဲပြားပြားခွဲခြားသိမြင်လိုက်သည်နှင့် ရင်ခုန်သံစည်းချက်များက ပရမ်းပတာ။

'ကောင်းပြီလေ မိုးခွင့်မလွှတ်မချင်း မိုးနောက်က တစ်ခေါက်မှမခွာဘဲ လိုက်နေမယ် ကိုယ့်ဂုဏ်သိက္ခာအတွက် မဟုတ်ဘူး မိုးဂုဏ်သိက္ခာအတွက် အလျှော့ပေးလိုက်တာ'

ဆင့်ခြေလျှောပိုင်းမှ ကားတစ်စီးတက်လာနေသည်ကိုလည်း နှစ်ဦးစလုံးမြင်တွေ့လိုက်ရသဖြင့် ဒေါက်တာဝေယံဇွန်က အမှတ်ယူစကားပြောပြီး ဆိုင်ကယ်ဆီပြန်သွားကာ ရှေ့မှမောင်းသွားပြီး အရှိန်လျှော့ကာ ဘေးကပ်မောင်းလိုက်သည်။

ကားတစ်စီးက သူတို့ကားနှင့်ဆိုင်ကယ်ကို ကျော်တက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးသည်နှင့် ဝေယံဇွန်ဆိုင်ကယ်က သူ့ကားနှင့် ယှဉ်လိုက်လာသည်။

ဘယ့်နှယ့် ဒီအရွယ်ကြီးရောက်မှ ကလေးကလား ဆယ်ကျော်သက်လေးတွေလို တစ်ဖောက်ကန်းပုံစံမျိုး လုပ်ပြနေလိုက်တာ။

ဒီဆရာဝန်ကြီးနဲ့တော့ ခက်ပြီ။

မိုးမြင့်ထည် ပြုံးလိုက်မိသည်။

စားသောက်ဆိုင်ဘက်သို့ သွားမည့်အစီအစဉ်ကို ပယ်ချကာ အိမ်သို့ပင် ပြန်လာလိုက်သည်။

အိမ်မှာပဲ ရင်ဆိုင်လိုက်တော့မည်။

ရင်ခုန်သံနှုန်းကို ငြိမ်းသတ်လိုက်သည်။

အဖြူထည်ကိစ္စနှင့် ပတ်သက်ပြီး ဒင်းကို ဖွင့်ပြောသင့် မပြောသင့် စဉ်းစားရတော့မည်။

ကြည့်ပါလား လုပ်နေပုံက လူကြီးလူကောင်းပုံစံမဟုတ်။ ကားကို ကျော်တက်လိုက်၊ ဘေးက ကပ်လိုက်လိုက်၊ နောက်ချန်နေခဲ့လိုက်နှင့် မြီးကောင်ပေါက်လေးတွေလုပ်သလို လိုက်လုပ်နေပြန်ပြီ။

အသက်က မိမိနှင့်ရွယ်တူ၊ လုပ်ကိုင်နေသည့်အလုပ်က စခန်းသာမြို့၏ဆေးရုံအုပ်ကြီး။





လုပ်နေပုံက ကလေးကလားအ ပုပ်မျိုး။

မိုးမြင့်ထည်ရင်ထဲက အပြုံးက မျက်နှာပြင်ပေါ်သို့ ကူးစက်သွားလေသည်။

ပြုံးယောင်သန်းသွားသည်။

သို့သော် ချက်ချင်းပင် ပြန်တည်လိုက်ရ၏။

ဆိုင်ကယ်ပေါ် မှပုဂ္ဂိုလ်မြင်တွေ့သွားမှ ပိုပြီး အကဲပါနေဦးမည်။

သို့နှင့် အိမ်သို့ရောက်လာသည်။

ခြံထဲဝင်လိုက်သည်နှင့်

'ဟော့တက် ငါနှယ် ပြောစရာရှိတာတွေမေ့ခဲ့ပြီ'

သတိုးနှင့်အဖြူထည်အား ကစားကွင်း၊ စကိတ်ကွင်းသို့ ပို့ပေးရန်ကိစ္စ ပြောရမည်ကိုမေ့သွားခဲ့သည်။

မေ့မှာပေါ့။

ကြောင်နှစ်ကောင် ရန်ပွဲကြောင့် ဝုန်းဒိုင်းကျဲသည်ကို အခွင့်ကောင်းယူကာ အနမ်းဦးကို အလစ်သုတ်သွားခဲ့သည်။

အတွေ့အကြုံမရှိသောအပျိုရိုင်းကြီးရင်မှာ ဗလောင်ဆူလျက် ဂယောင်ခြောက်ခြားထွက်ပြေးခဲ့ရသည်။

မိနစ်များကိုဖြတ်ကျော်လာတော့ တည်ငြိမ်စိတ်ကလေးကိုပြန်လည်ဖမ်းမိသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ခြံထဲ၌သာ ရပ်လိုက်သည်။

မိမိကားရပ်သည်နှင့်တပြိုင်နက် သူ့ဆိုင်ကယ်ပါ လိုက်ရပ်လေသည်။

ကားပေါ်မှဆင်းကာ

'ပြန်တော့လေ ဒေါက်တာ ဒေါက်တာ့ကြောင်တွေ ဝုန်းဒိုင်းကျဲလို့ စားပွဲပေါ်က ညနေစာပါ ဝစ်ရသွားလိမ့်မယ်'

မိမိရင်ခုန်ခြင်းကို မရိပ်မိစေရန် ဖုံးကွယ်စကားဆိုလိုက်သည်။

ဒေါက်တာက ရယ်ဟဟလေးလုပ်ကာ

'ကျွန်တော့်ကြောင်တွေ မဟုတ်ပါဘူး ဘေးအပျိုကြီး ဆရာဝန်အိမ်က ကြောင်တွေလေ ဒါထက် ကျွန်တော့်အမှားအယွင်းအတွက် ခွင့်လွှတ်သလား'

'ဒီကိစ္စမျိုးက ခွင့်လွှတ်စရာလား ဘုန်းကြီးခေါင်းခေါက်ပြီး ကန်တော့သလိုဖြစ်မနေဘူးလား'

'ကျွန်တော် အဲဒီလိုဖြစ်မှုမျိုး တစ်ခါမှ မကျူးလွန်မိဖူးတော့ တုန်လှုပ်သွားတယ်'

'ဩော် ဟုတ်တယ် ကျွန်မကပဲ အကျူးလွန်ခံရဖူးတဲ့လူငုံး ကပါ ထားပါတော့ ကိုဝေယံ မနက်ဖြန် တိုးကို စကိတ်ကွင်းပို့ပေးမယ်ဆို'





မိုးမြင့်ထည် လမ်းကြောင်း ပြောင်းလိုက်သည်။

'ဟုတ်ပါတယ် မိုးပါလိုက်ခဲ့မှာလား'

'ကျွန်မ မအားဘူး ဖြူပဲလိုက်လိမ့်မယ်'

ပြောမိပြီးမှ အဖြူထည်အပေါ် ကော သူ ဘယ်လိုဆက်ဆံနေသလဲဟူသောအတွေးကဝင်လာတော့ စိုးထိတ်သွားရလေသည်။

လှေနံ့နှစ်ဘက်နင်းဖို့ကြိုးစားနေသူလား။

မတော်တဆမှုအတွက် ရင်ခုန်နေခြင်းက ရှုံးသွပ်ခြင်းတစ်မျိုးပါလားဟု မိုးမြင့်ထည်ယူဆကာ ရှုံးတိုးရှုံ့တန့်ဖြစ်မိသွားခြင်းအတွက် ဖာထေးဖို့ ကြိုးစားလိုက်ပြီး စကားကိုလွှဲပြောင်းလိုက်သည့်တိုင်အောင်

'မိုးရာ မိုးကြောင့် ကျွန်တော်ဘဝ ပြောင်းလဲတော့မယ် ထင်ပါရဲ့ဗျာ သွားမယ်နော် မိုး ကျွန်တော့်ကိုရှောင်ဖို့မကြိုးစားပါနဲ့ နေ့တိုင်း မြင်တွေ့ခွင့်ရပါရစေ မရရင် ကျွန်တော်ကြိုးစားရလိမ့်မယ် အဲဒီတော့မှ ကျွန်တော့်ကို အဆိုးမဆိုနဲ့'

ပြောပြောဆိုဆို စကားဆုံးသည်နှင့်ဆိုင်ကယ်ပေါ်တက်ကာ ထွက်ခွာသွားလေသည်။

သူထွက်သွားမှ မိုးမြင့်ထည် ပင့်သက်ရှိုက်လိုက်သည်။

စိတ်ကျဉ်းကျပ်မှုမှလွတ်မြောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ကားဂိုဒေါင်ဘက်သို့မောင်းဝင်လိုက်သည်။

ထိုအပြုအမူများကို တိုးအား စာပြပေးနေသော အဖြူ ထည်က ပြတင်းပေါက်မှ လှမ်းမြင်နေရသဖြင့် ဖခင်အဆုံးတွေ့ မြင်လိုက်ရလေသည်။

မမကြီး၏အပြုအမူကလည်း ထူးခြားနေသည်။

ထို့အတူ ဒေါက်တာဝေယံဇွန်၏အမူအယာကလည်း လူငယ်တစ်ဦးလို သွက်လက်ဖျတ်လတ်နေလေသည်။

ထူးတော့ ထူးနေပြီ။

ဖြစ်သင့်ပါတယ်လေ။ သက်တူရွယ်တူတွေပဲ။

သို့သော် ဒေါက်တာဝေယံဇွန်၏အပြုံးကို သူမြင်ဖူးကြုံ ဖူးသလိုခံစားရသဖြင့် ရင်ဝယ် လှုပ်လှုပ်ရှားရှားဖြစ်ပေါ်နေသော ဝေဒနာက ပျောက်ကင်းသွားနိုင်ပါ့မလားဟု တွေးမိလိုက်သည် နှင့် ခေါင်းမှာထိုးကိုက်လာလေသည်။

အို... မတွေးဘူး၊ မတွေးဘူး။

ဘာမှမတွေးတာပဲ ကောင်းတယ်။

သူ့အခန်းကို တိုးထံသို့ ပြန်ပို့လိုက်သည်နှင့် ရှုပ်ထွေး နောက်ကျိနေသောဝေဒနာဟူသမျှ ယူပစ်သလိုပျောက်သွားလေ တော့သည်။

*





## အခန်း(၁၅)

အဖြူထည်ကိုတွေ့လိုက်ရလေတိုင်း ရင်မှာနာကျင်လာ သောခံစားမှုကတော့ ပျောက်ဖျက်ပစ်၍မရသေးပေ။ သတိုးဝင့် ထည်ကို သူချစ်ခင်မိသည်။ ကလေးသည် အကင်းပါးကာ စကား အလည်းတတ်သောကြောင့် သူချစ်ခင်မိလေသည်။

ဘာကြောင့်ရယ်မသိ။ ကလေးကို ချိုပိုးကာ သူ့အသား လေးနှင့် ထိတွေ့လေတိုင်း ပါးစုံကြီးနှစ်ဘက်ကို ဘယ်ပြန်ညာ ပြန်နမ်းမိလေသည့်တိုင်အောင် အသည်းတယားယား ဖြစ်ရလေ သည်။

'ဦးဦး'

'ဗျား'

'သားတို့အိမ်မှာပဲ အမြဲနေပါလား'

'ဟဲ့ တိုး ကိုဝေယံ သူက နို့ကို သတိရနေတော့ ဒူဦး လေးလိုပဲနေစေချင်လို့ပြောတာ'



www.burmeseclassic.com

www.burmeseclassic.com



အဖြူထည်က ကြားဝင်လျက် မျက်နှာလေးရဲလျက် ရှင်းပြလေသည်။

'ရပါတယ် အဖြူ ကလေးပဲ သူ့ဆန္ဒကိုလွတ်လွတ်လပ်လပ်ပြောပါစေ ဒါမှ ကောင်းတာ မကောင်းတာကို ခွဲခြား လမ်းညွှန်ပေးနိုင်တာပေါ့'

'ဟုတ်ကဲ့'

သတိုးနှင့်အတူပင် အဖြူထည်သည်လည်း တကဲ့အဖြူ ရောင်သက်သက်ပါလားဟု သူတွေးမိလေသည်။

'အဖြူ'

'ပြောပါ ကိုဝေယံ'

'ရန်ကုန် ဘယ်အပိုင်းမှာနေတာလဲ'

'ရွှေတောင်ကြားမှာ'

'သြော် ကျောင်းရော'

'အထက x x x မှာပါ'

ဒီအထိတော့ မှတ်မိနေသားပဲဟု သူတွေးရင်း

'အဖြူ့မိခင်ဆုံးတာ ဘယ်မှာလဲ'

အဖြူထည်၏မျက်လုံးကလေး ကလည်ကလည်ဖြစ်လာသည်။

'မေမေ ဆုံးတော့ မေမေ ရန်ကုန်. . ဟုတ်ဘူး. . ရွှေ





သောင်ယံ. . အို. . လှိုင်းလုံးတွေ. . လှိုင်းလုံးတွေ. . ဟင့်အင်း . . ဟင့်အင်း'

'ဖြူ အဖြူ'

နားထင်နှစ်ဘက်ကို လက်နှစ်ဖက်နှင့်ဖိကာ ယိမ်းယိုင်လာသောအဖြူထည်ကို ဒေါက်တာဝေယံမှ အချိန်မီပွေ့ဖက်ကာ တားဆီးလိုက်ရသည်။

'မမဖြူ ဘာဖြစ်တာလဲ'

အဖြူထည် ရုတ်တရက်သတိလစ်သွားခြင်းဖြစ်သည်။

'တိုး ဦးဦးဘောင်းဘီစကို ကိုင်ပြီးလိုက်ခဲ့နော်'

'ဟုတ်'

ထိုစဉ်

'ဟာ ဒေါက်တာ ဒေါက်တာ့လူနီးဘာဖြစ်လို့လဲ'

'မူးလဲသွားလို့'

အရေးထဲ လူနာရှင်များနှင့်တိုးနေရသေးသည်။ အထင်များစွတ်ရွတ်ပြောဆိုမှုကို ဖြေရှင်းမနေအား။

'ကျွန်တော် ကလေးကိုချီခဲ့ပါ့မယ်'

'လိုက်ဖူး လိုက်ဖူး ဦးဦး'

သတိုးက အချီမခံသဖြင့်

'ရပါတယ် ဒီကလေးက မျက်နှာစိမ်းရင် မလိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ခွင့်ပြုပါ'

'ဟုတ်ကဲ့ သွားပါခင်ဗျာ'

အဖြူထည်ကို ပွေ့ချီစဉ် သူ့ရင်ထဲ၌ခံစားမှုသည် အဖြူ သက်သက် ဖြစ်နေသည်။ လူနာတစ်ဦးအတွက် စိုးရိမ်သောက ရောက်မှုမျိုးသာ ဖြစ်သည်။ အဖြူထည်ကို သူ့အိမ်သို့သာ တန်း ၍ခေါ် လာခဲ့သည်။ တစ်ဆက်တည်း ကားမောင်းရင်းနှင့် မိုးမြင့် ထည်၏လက်ကိုင်ဖုန်းကိုဆက်လိုက်သည်။

'ဟုတ်ကဲ့ ပြောပါ'

'မိုး ကျွန်တော့်အိမ် အမြန်လာခဲ့ပါ'

'ဘာရှင့်'

'အဖြူမေ့လဲသွားလို့ အိမ်ကိုခေါ် လာတယ် အခု ကား ပေါ်မှာ'

'ဟင် ဘာ. . ဘာဖြစ်. . အို. . ကောင်းပြီ ကျွန်မ အခု ပဲ လာခဲ့မယ်'

မိုး၏ စိုးရိမ်တကြီးနှင့် ပြာလောင်ခတ်သွားသောအသံ ကို ကြားမိသောအခါ ညီအစ်ကိုမောင်နှမအကြီးတွေမှ အငယ် အပေါ် ထားသောမေတ္တာတရားကို သူစာနာနားလည်မိသည်နှင့် အမှု ရင်ထဲကလည်း အတိတ်ဝေဒနာအနာတရအချို့က ကြွတက် လာသည်။





သူ့ကား ဆေးရုံဝန်းထဲ အဝင်မှာပင် မိုးမြင့်ထည်ကား က တစ်ဘက်မှဦးတည်လာသည်ကိုမြင်လိုက်ရသည်။

'မမဖြူ အိပ်နေတာလား ဦးဦး'

'ဟုတ်တယ်'

သူ့ခေါင်းထဲသို့ သတိုး၏ မေးခွန်းကြောင့် ဖျတ်ကနဲ အတွေးဝင်လာသည်။ အိပ်မွေ့ချနည်းနှင့် အဖြူထည်အား စမ်း သပ်ရန်ဟူသောအတွေးဖြစ်သည်။ သို့သော် လူနာရှင်ဖြစ်သော မိုးမြင့်ထည်၏ခွင့်ပြုချက်ကို မေးရန် လိုအပ်နေသေးသည်။ သူ ကားရပ်လိုက်သည်နှင့်မရှေးမနှောင်းမှာပင် မိုးမြင့်ထည်ကားက ရပ်လိုက်သည်။ သူ အဖြူထည်ကို ကားပေါ်မှပွေ့ချီကာ အိမ်ထဲ သို့သွင်းခဲ့သည်။ သူ့အိပ်ခန်းထဲသို့တန်းခေါ် သွားရာ

'ဟင် ရှေ့က ဆိုဖာပေါ် မှာပဲချလိုက်ပါလား'

အပျိုကြီးမိုး၏ဇီဇာကြောင်မှုကို သူ ကြိတ်ကာ ပြုံးမိပြီး

'လူနာကျန်းမာလာဖို့က အဓိကလား။ နေရာက အဓိက လား'

ဟု မေးခွန်းပြန်ထုတ်လိုက်ရာ မိုးထံမှ မျက်စောင်းဆိုကို သူရရှိလိုက်ခြင်းကို ကျေနပ်နေမိသည်။ သူ့အိပ်ခန်းထဲသို့ဝင် လာသောမိုးပုံစံက သားရဲတွင်းထဲကို ဝင်ရသလို တွန့်တွန့်ဆုတ် ဆုတ်။



www.burmeseclassic.com

www.burmeseclassic.com



'မိုး ဖြူ့ရောဂါကို ကျွန်တော်တစ်ပါတည်းကုသပေးရမလား'

'ဟင် မကုလို့ ဘာလုပ်မှာလဲ'

'မစိုးရိမ်ပါနဲ့ မိုး-အဖြူ့အခြေအနေက စိုးရိမ်ရတဲ့အခြေအနေမဟုတ်ဘူး ရင်မဆိုင်ဝံ့တဲ့ဝေဒနာကို ရှောင်ပုန်းရင်း အိပ်မောကျနေတဲ့ရောဂါပဲ'

'ရှင်'

'ကျွန်တော်က စိတ်ရောဂါနဲ့ ပတ်သက်ပြီး အထူးကုဆရာဝန်မဟုတ်ပေမဲ့ မိုင်နာဘာသာအနေနဲ့ လေ့လာဆည်းပူးထားတဲ့အတွက် အဖြူ့ကို အိပ်မွေ့ချနည်းနဲ့ စမ်းသပ်ချင်တယ်'

'အဲဒီနည်းနဲ့ စမ်းသပ်ရင် ဖြူမေ့နေတဲ့ အတိတ်ကို ပြန်သတိရနိုင်သလား'

'ရနိုင်တယ်'

မိုးမြင့်ထည် တွေဝေသွားရလေပြီ။ အတိတ်မေ့ရောဂါမှ ပြန်လည်သတိရလာမည်ဟု ဆိုသော်လည်း နောက်ရောဂါတစ်ခုက ထိုနေရာသို့ အစားထိုးဝင်ရောက်လာမည်။

တစ်ဆက်တည်း ထိုဝေဒနာနှင့်ဆက်နွယ်သော လူမှုရေးအရှုပ်အထွေးများ။ ဒါကို အဖြူထည်ခံနိုင်ရည်ရှိပါ့မလားဟူ။

ဝေယံ့ရှ်န် မိုးမြင့်ထည်၏တွေဝေနေမှုကိုအံ့ဩရပြန်ပြီ။





ဝမ်းသာအားရရှိသင့်သည်။ ဘယ်နှယ့် တွေဝေစရာမဟုတ်သောကိစ္စကို တွေဝေနေရသနည်း။ မိုးမြင့်ထည်အပေါ် သံသယမဝင်ချင်ပါ။ သို့သော် အဖြူထည်၏ရောဂါဝေဒနာကို ငွေကြေးတတ်နိုင်ပါလျက် နှစ်ရှည်လများ ဥပေက္ခာပြုထားမှုက သံသယဝင်စရာပင်။

'မိုး တိုးကိုအသံမထွက်အောင် ထိန်းထားပေးနိုင်မလား ဒါမှမဟုတ် အိမ်သားတစ်ယောက်ယောက်ကို ပြန်လာခေါ်နိုင်းနိုင်မလား'

'အိမ်မှာကားမောင်းတတ်တာ ကျွန်မတို့မိသားစုပဲရှိတာ ဖြူ့ကိုသာ သတိရအောင်လုပ်ပေးပါလား ဒေါက်တာ'

'မိုး'

သူ့ လေသံမာနှင့် ရုတ်တရက်အော်လိုက်မိသည်။ ခက်ထန်မာကြောသောမျက်ဝန်းနှင့် သူ့အားကြည့်လာသည့် မိုးနှင့်သူ မျက်ဝန်းချင်း အားပြိုင်လိုက်သည်။

'ဒီလိုဆို ခင်ဗျားညီမကို ချက်ချင်းခေါ်သွားတော့ အနာလည်း သိပြီ ဆေးလည်း ရှိနေလျက်နဲ့ မကုသချင်ဘူးဆိုတာ ဘာသဘောလဲ အဖြူ့ဘဝကို တမင်အနုနည်းနဲ့ အကျဉ်းချထားတာလား'

မိုးမြင့်ထည်ရင်ထဲ နင့်ကနဲဖြစ်သွားသည်။ ချက်ချင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များရစ်ဝဲလာပြီ။ ဖခင်၏ဆန္ဒကိုစောင့်မနေတော့။ လူ့သဘာဝအတိုင်း လောကဓံကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ပေတော့ အဖြူထည်။

'ဒေါက်တာ့သဘောပဲ ကျွန်မ တို့ကို အပြင်မှာထိန်း'

'နေပါ ခင်ဗျားဒီမှာပဲနေ တို့ကို ခြံထဲမှာ ဆရာမတွေ ကြည့်ထားပေးလိမ့်မယ်'

ဝေယံဖွန့်က ပြောပြောဆိုဆို ဖုန်းကောက်ဆက်လိုက်သည်။

သိပ်မကြာလှ။ သူနာပြုဆရာမတစ်ဦး ရောက်လာပြီး သတို့အား ချော့မော့ခေါ်သွားသည်။

'ခြံထဲမှာပဲထားပေးနော် ဆရာမ'

'ဟုတ်ကဲ့'

ဆရာဝန်ကြီး၏အိမ်ရှေ့ မြက်ခင်းပြင်နှင့် ပန်းခြံလေး၌ သတို့ ဘောလုံးကစားနေနိုင်သည်။

မိုးမြင့်ထည် သတို့အတွက်စိတ်ချသွားပြီးနောက် ဆရာဝန်လုပ်ဖို့ကြီး၏အိပ်ခန်းအတွင်း ရောက်နေသော မိမိနှင့် လူပျိုကြီး၏ကုတင်ပေါ်၌ ခေတ္တခဏလောကကြီးနှင့်အဆက်အသွယ်ပြတ်ကာ အဆိပ်သင့်ပန်းသီးကို စားမိသော စနိုးဝိုက်ကလေး၏ မေ့မျောမှုမျိုးနှယ် မေ့မျောနေရှာသော ညီမဖြစ်သူ အဖြူထည်





အတွက်ပါ ရင်ခုန်လှိုက်မောမိလေသည်။

'ကျွန်တော် ဆေးတစ်လုံးထိုးပေးလိုက်မယ်'

'ဟုတ်ကဲ့ ကိုဝေယံက ဆရာဝန်ပဲလေ။ လူနာရဲ့ ရောဂါပျောက်ကင်းမယ်ဆိုရင် အကောင်းဆုံးဆေးဝါးနဲ့ ကုသမှုကိုပေးပါလို့ ကျွန်မကပဲ လူနာရှင်အနေနဲ့ တောင်းဆိုပါတယ်'

ဝေယံဖွန့် ယခုမှ ကျေနပ်သွားရသည်။ သမားဂုဏ်က ရှိသေးသည်။ ဘာပဲပြောပြော လူနာရှင်တွေ၏ခွင့်ပြုချက်မပါဘဲ လူနာတစ်ယောက်ကိုကုသဖို့ဆိုတာ မဖြစ်နိုင်။ ဒီထက်ပို၍ လိပ်ပြာမသန့်သည့်ဖြစ်ရပ်က ရှိနေသေးသည်။ နောက်ကွယ်၌ရှိနေသောအတိတ်ဇာတ်လမ်းက သူ့ကိုပို၍တွေဝေစေရသည်။ လုပ်ရဲကိုင်ရဲစိတ်ကိုဝါးမြိုထားလေသည်။ လူနာတစ်ဦးအပေါ် စေတနာမှန်နှင့်သာ ကုသချင်သည်။ မိုးမြင့်ထည်၏ခွင့်ပြုချက်ရတော့မှ သူ့စိတ်သည် ရှင်းသန့်သွားပြီးနောက် သူ့အာရုံကို ကုတင်ထက်၌လဲလျောင်းနေသော အတိတ်မေ့ရောဂါသည်ကလေးထံသို့ ပို့ဆောင် နှစ်မြှုပ်ထားလိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၆)

'အဖြူထည် မှင်း ဒီဇင်းဝိုင်းလေးကိုတွေ့လား တွေ့လား သေသေချာချာကြည့်'

မိုးမြင့်ထည်ရင်ထဲ၌ လှိုင်းကြက်ခွပ်လေးများထနေလေသည်။

အသက်ရှူရန်ပင်မေ့လျော့နေသည့်အဖြစ်မျိုး။

ရုပ်ရှင်၊ ဗွီဒီယိုတွေထဲ၌သာမြင်ဖူးသော ကုသနည်းကို သူ ဒိဋ္ဌတွေ့ မြင်နေရပြီ။

ကုသခံယူနေသောဝေဒနာသည်က သူနှင့် ညီမအရင်းခေါက်ခေါက်။

'ငြိမ်သက်နေပါ အသံမထွက်နဲ့ လှုပ်ရှားမှု-လုံးဝမရှိစေနဲ့'

ဟု သူ့အား ဒေါက်တာဝေယံဌွန်က စည်းကမ်းချက်များနှင့် နေရာပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ကျောက်ဆစ်ရုပ်လိုပင် သူငြိမ်သက်နေမိသည်။ အဖြူထည်မျက်ခွံလေးပွင့်လာသော်လည်း မျက်ဆံက မလှုပ်ရှား။

လှုပ်ရှားလာသည်က နှင်းဆီငုံဖူးနှုတ်ခမ်းလေးက တရွရွ။

'တွေ့ပြီလား ဒီအဝိုင်းလေးကိုတွေ့ပြီလား'

'တွေ့ပြီ'

'ဘာအဝိုင်းလေးလဲ'

'ငွေဒင်္ဂါးဝိုင်း'

'ဟုတ်ပြီ တွေ့တယ်နော်'

'တွေ့တယ်'

'မင်းဘယ်သူလဲ'

'အဖြူထည်'

'မင်းအမေနာမည်ကို သိလား'

'သိတယ်'

'ဒါဖြင့် ပြောပါ'

'ဦးဝင့်ထည်'

'ရှိသေးလား'

'ရှိတယ်'





'အမေနာမည်ကိုပြောပါ'

'ဒေါ်သက်သက်မာ'

'ရှိသေးလား'

'ရှိတယ်'

'ဟင်'

ဟူသော အာမေဋိတ်ကြောင့် မိုးမြင့်ထည်သည် ကိုယ့်ပါးစပ်ကို ကိုယ်ပြန်ပိတ်လိုက်ရသည်။

ဝေယံဖွန်က သူ့အား အကြည့်နှင့်လှမ်းဟန့်တားလိုက်သည်။

လျှပ်တစ်ပြက်သာပင်။

သူ့အာရုံနှင့်အကြည့်က အဖြူထည်ထံသို့ဆိုက်ရောက်၍နေပေသည်။

'ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိသလဲ'

'သုံးယောက်'

'အစဉ်အတိုင်းရွတ်ပြပါ'

'မမကြီးမိုးမြင့်ထည်'

'ပြီးတော့ကော'

'ကျွန်မ'

'ကျွန်မ ဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူပါ အဖြူထည် မောင်လေးကအငယ်ဆုံး'

'သူ့နာမည်ကကော'

'နီဝင့်ထည်'

'ဟုတ်ပြီ အဖြူထည် တက္ကသိုလ်တက်ဖူးလား'

'တက်နေတယ်နော်'

'ဘယ်မှာလဲ'

'ဒဂုံမြောက်ပိုင်းတက္ကသိုလ်မှာ'

'ဘာမေဂျာလဲ'

'ဘောဂဗေဒ'

'ဘယ်နှစ်ရောက်ပြီလဲ'

'စက္ကင်းနှစ်'

'ချစ်သူ ရည်းစားရှိသလား'

ဒေါက်တာဝေယံလွှန်၏မေးခွန်းကြောင့် မိုးမြင့်ထည်တုန်လှုပ်သွားရသည်။

သို့သော် လူသားတစ်ယောက်၏သမိုင်းကို မေ့လျော့နေခြင်းနှင့်ပြီးဆုံးသွားရတော့မှာလား။ ထို့ကြောင့် စိတ်ထဲ၌ယောက်ယက်ခတ်ပေမှုကို ချိုးနှိမ်ရင်း. .

'ဟုတ်ပါလား နာမည်က ဘယ်သူလဲ'

'ဝါဆိုဦး'





မိုးမြင့်ထည် ညီမဖြစ်သူ၏မျက်နှာနုနုလေးပေါ်သို့ ရှုအောသက်စွာဆိုက်ရောက်သွားလေ၏။

ပန်းနုရောင်သွေးလွှမ်းနေသည်။

မျက်ဆံကတော့ ငြိမ်သက်လျက် ငွေဒင်္ဂါးကိုသာ စိုက်ကြည့်နေလေသည်။

'အတန်းတူပဲလား'

'မဟုတ်ဘူး ဝါက ဆယ်တန်းအောင်ပြီး စီးပွားထုတ်ဖို့ကြိုးစားနေတဲ့သူ'

'ဘယ်မှာ စတွေ့တာလဲ'

'သူကကျောင်းကိုလာတယ် ဖြူ့ကိုလာမိတ်ဆက်တာ'

'ဖြူက ဘောဂဗေဒမေဂျာကွင်း ထင်တယ်ဟုတ်လား'

'ဟုတ်တယ်'

'ဖြူတို့ရည်းစားဖြစ်သွားရောလား'

'ဟုတ်ကဲ့'

'ဖြူတို့ရည်းစားသက်တမ်း ဘယ်လောက်ကြာသလဲ'

'တစ်နှစ်ကျော်တယ်'

'ဖြူနဲ့ဝါဆိုဦးအကြောင်း ဖြူသိသလောက်ပြောပြနိုင်မလား'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါမြင့်ပြောပြပါ'

ဒေါက်တာဝေယံဇွန်နှင့် မိုးမြင့်ထည်မှာ ရုပ်နှင့်နာမ် ခွာနေပုံရသော အဖြူထည်၏မျက်နှာကလေးကို အောက်ရှုရန်ပင် မေ့လျော့လျက် ငေးမောကြည့်နေမိသည်။

အဖြူထည်နှင့်ဝါဆိုဦးတို့၏အချစ်ဇာတ်လမ်းမှာ ရိုးစင်းသော်လည်း ခရုပတ်လမ်းကြောင်းဆန်သောအတိတ်လွင်ပြင်သို့ ယခုမှပင် ကြည့်ခွင့်ရသွားခဲ့လေပြီ။

*





# အပိုင်း — နှစ်



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၇)

အချစ်၏စွမ်းအားက ကြီးမားလွန်းလှသည်။

ချစ်မိပြီဆိုတော့ ချစ်သူအပေါ် အပြစ်မမြင် အချစ်တွေသာ ဝင်နေမိသည်။

'ဝါ့ကို ဆရာဝန်သော်လည်းကောင်း၊အင်ဂျင်နီယာသော်လည်းကောင်း ဖြစ်စေချင်ပေမဲ့ ဝါမှာဝါသနာမပါဘဲကွာ ဖြူပဲ စဉ်းစားကြည့်၊ လူ့လောကသက်တမ်း ဆိုတာ တိုတိုလေးပါ။ ကိုယ်စိတ်မဝင်စားတဲ့အလုပ်ကို နှစ်မြှုပ်ပြီးလုပ်ရမလား ကိုယ်ဝါသနာပါတာလေးကို လုပ်ရင်း အောင်မြင်မှုတစ်စိတ်တစ်ဒေသပဲရရ ကျေနပ်ရင်းကြိုးစားသွားချင်တယ်ကွာ'

ဖြူ ဝါဆိုဦးကိုချစ်မိသည်က ထိုအချက်တွေပါသည်။

တကွက်ထိုးဆန်သည်။ ဝါသနာပါသောအလုပ်ကို ငွေမှုပဲ ကြိုးစွာ တစိုက်မတ်မတ်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်သည်နှင့် မော်ဒယ်သင်တန်း တက်သည်။

သူ့ဝါသနာကလည်း အောင်မြင်သော အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်တဲ့။

ဂီတာကို ပိုင်နိုင်စွာတီးခတ်ရင်း သူ့အား သီချင်းလေးများဆိုပြသည့်အခါ၌ ဖြူမှာ တစ်လောကလုံးကိုမေ့နေတတ်လေသည်။ သူငယ်ချင်းတစ်ဦး၏အိမ်တစ်အိမ်မှာ ခိုကပ်နေရရှာပြီး တေးစီးရီးတစ်ခွေထုတ်ဖို့ကြိုးစားနေရသော ဝါဆိုဦး၏ အခက်အခဲများကို ဖြူက မျှဝေခံစားပေးသည်။

'ဝါ စိန်လက်စွပ်ဘယ်ရောက်သွားပြီလဲဟင်'

'လက်ဝတ်ရတနာဆိုတာ ရှိတန်ဆာ၊ မရှိဝမ်းစာတဲ့ ဖြူရဲ့ သူများအိမ်မှာကပ်နေရတာဆိုတော့လည်း အလိုက်သိရမယ်လေ အခက်အခဲရှိတဲ့အခါ ပြန်ကူညီပေးရမှာပေါ့'

'မိဘတွေအိမ်ပြန်ပြီး သူတို့နားလည်အောင်ကြိုးစားပြလိုက်ပါလား ဝါရယ်'

'တော်တော့ဖြူ ဝါ့ကို ဒယ်ဒီက ဘာပြောတယ်မှတ်လဲ မင်းလုပ်ချင်တဲ့အလုပ်က ဖက်ခွက်စားအလုပ် တဲ့။ ငါတို့မျိုးရိုးဂုဏ်သိက္ခာကျတယ် မင်းဒီအလုပ်ကိုလုပ်နေသမျှကာလပတ်လုံး ဘယ်သူဘယ်ဝါသားပါဆိုတာတောင် ထုတ်ဖော်ခွင့်မပြုနိုင်ဘူး





သေခန်းပြတ်ထယ်ဆိုတာ မှတ်ထားဆိုပြီး ဝါ့ကို နှင်ချလိုက်တာလေ'

ပြောရင်း ဝါက မျက်ရည်များဝေ့ဝဲလာသည်။ ဝါ့ဝေဒနာကို ဝေမျှခံစားရင်း

'အားမငယ်ပါနဲ့ ဝါရယ် မိဘဆိုတာ စိတ်ဆိုးတုန်း ခဏပါပဲ ဖြူရှိပါတယ်'

'ကျေးဇူးတင်ပါတယ်ဖြူ ဖြူ့ကို ဝါချစ်တာ ဖြူ့ရဲ့ကြည်လင်တဲ့မျက်နှာလေးနဲ့ နိုးသားတဲ့စိတ်ရင်းကိုပါ ဘာမျှော်လင့်ချက်နဲ့မှမဟုတ်ဘူးဆိုတာ ဖြူယုံကြည်ရင် ပြီးတာပါပဲ'

'ဝါ့အချစ်ကို ဖြူယုံကြည်ပါတယ်'

ဝါဆိုဦးနှင့် အဖြူထည်တို့သည် ကိန္နရီကိန္နရာမောင်နှံဝမာ တတွဲတွဲနှင့် သည်းသည်းမည်းမည်းချစ်ခဲ့ကြပါသည်။

'ဖြူက အရောင်တွေထဲမှာ အင်အား အများဆုံးသော အရောင်ကိုပိုင်ဆိုင်ထားတာပဲ'

'ရောင်စဉ်ခုနစ်မျိုး ပေါင်းစပ်လို့ အဖြူရောင်ဖြစ်တာကို ပြောတာလား ဝါ'

'ဟုတ်တယ်လေ အရောင်ခုနစ်ရောင်ရဲ့ အင်ပါယာပိုင်ရှင်ဘုရင်မလေး အဖြူကို ဝါက အသည်းပေါက်မတတ်ချစ်မိတာပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့် ဒါဆို ဖြူဖြတ်ခုမေးမယ်'

အဖြူထည့် ဝါဆိုဦး၏ရင်ခွင်မှရုန်းထလိုက်ပြီး မျက်နှာချင်းဆိုင်ထိုင်ကာ ဝါဆိုဦး၏မျက်နှာကို စေ့စေ့ကြည့်၍ မေးခွန်းထုတ်လိုက်သည်။

'ဖြူရယ် ဝါ့ရဲ့ဝါသနာရယ် တစ်ခုခုရွေးချယ်ရမယ် ဆိုရင်ကော'

'ဟင်'

ဝါဆိုဦး ရုတ်တရက် အံ့အားသင့်သွားသည်။ ဖြူ့မျက်ဝန်းကိုတုန့်ပြန်စိုက်ကြည့်လိုက်သည်။

ဝါဆိုဦး မညာတတ်။ ဟန်ဆောင်မှုကင်းမှန်း ဖြူက သိနေသည်။

'ဖြူ စိတ်မဆိုးနဲ့နော်'

'အင်းပါ ပြောပါ'

'ဝါ့ဝါသနာက နံပတ်တစ်ပဲ ဖြူက နံပါတ်နှစ်ပါ'

'ဟင်'

အဖြူထည် မကျေနပ်ချင်၊ နှုတ်ခမ်းလေးစူမိသည်။ ချစ်သူစိတ်ဓာတ်ကိုသိရှိပြီးဖြစ်သော်လည်း လိမ်ညာမှုလေးနှင့် ဖြစ်စေ 'ဖြူက ပထမပါ'ဟူသောစကားကိုကြားချင်တာ မိန်းကလေးသဘာဝပင်ဖြစ်သည်။





'ဖြူကလဲကွာ ဝါ့အောင်မြင်မှုဟာ ဖြူ့အောင်မြင်မှုလို့ သဘောထားပေးပါကွာနော် ဖြူ့ကို ဝါ့ကိုယ်ဝါထက်တောင် ချစ်တာပါကွာ ဝါသနာကတော့ လူ့လောကကြီးမှာနေခြင်း၊ ရှင်သန်ခြင်းရဲ့အဓိပ္ပာယ်ကိုပြည့်ဝချင်လို့ ပထမ ထားပြီး အောင်မြင်အောင် ကြိုးစားနေတာပါကွာနော် အချစ်လေး နားလည်ပေးပါကွာနော် နော်'

ချစ်သူဝါက ဖြူ့အား ပွေ့ဖက်ကာ အနမ်းလေးများနှင့် ချော့မြူလာသည်ဆိုတော့လည်း ဖြူမှာ ပျော့ရသည်။ သံစဉ်လှလှလေးများကို ကိုယ်တိုင်ရှာဖွေတီးခတ်သီဆိုနေသောချစ်သူကို စိတ်အနှောက်အယှက်မပေးလို။ ချစ်သူဆန္ဒပြည့်ဝစေချင်သည်။ ဒါအချစ်၏စွမ်းအားပင်ဖြစ်သည်မို့ ဝါဆိုဦးကိုချစ်ရခြင်းအတွက် ဖြူကျေနပ်နိုင်ခဲ့ပါသည်။ သို့သော် ကံကြမ္မာက ချစ်သူနှစ်ဦးအား အနှောက်အယှက်ပေးစပြုနေလေပြီ။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၈)

'မိဖြူ လာဦး'

'ရှင် မေမေ'

မေမေက သူ့အား မိဖြူဟု ခေါ်ခဲ့လေသည်။ စိတ်ဆိုးလာမှသာ ခေါ်ခြင်းဖြစ်သည့်အတွက် အဖြူထည် အနည်းငယ်တော့ လန့်သွားလေသည်။

'ထိုင်'

'ဟုတ်ကဲ့'

'ငါမေးတာ မှန်မှန်ဖြေနော် လိမ်ညာမယ်လို့ မစဉ်းစားနဲ့'

အဖြူထည် မျက်လုံးလေးအပြူးသားနှင့် မိခင်အားကြည့်ထိုက်သည်။

မျက်နှာကြောက ခက်ထန်နေသည်။

အဖြူထည်၏ရင်ကို ဖောက်ထွင်းကြည့်နေသည့်အလား



www.burmeseclassic.com

www.burmeseclassic.com



စူးစူးစိုက်စိုက်ကြည့်နေသည်။ အဖြူထည် ကျောချမ်းသွားသည်။ မလုံမလဲလည်းဖြစ်မိသည်။ ဝါနှင့်မပတ်သက်ပါစေနှင့်ဟုလည်း ဆုတောင်းမိလေသည်။

'မိဖြူ ညည်းနဲ့တွဲနေတဲ့ ကောင်လေးက ညည်းရည်းစားလား ငါ့ကိုမှန်မှန်ဖြေနော် လိမ်ညာဖို့မကြိုးစားနဲ့'

သူ့ ဆုတောင်းမပြည့်ပြီ။ တုန်လှုပ်မိသော်လည်း အချစ်၏အင်အားက သူ့အား သတ္တိရှိဖို့တွန်းအားပေးလိုက်လေသည်။

'ငါမေးနေတာဖြေလေ'

'ဟုတ် ဟုတ်ပါတယ်'

'ဘယ်သူလဲ ဘယ်ကျောင်းကလဲ မိဘတွေကကော ငါ့ကို ညည်းသိသလောက် အကုန်ဖြေပြစမ်း'

အဖြူထည်၌ ဖြေစရာက များများစားစားမရှိပြီ။

'သူ့နာမည် ဝါဆိုဦးပါ ဆယ်တန်းအောင်ပြီးပါပြီ တက္ကသိုလ် ဆက်မတက်ဘဲ မော်ဒယ်သင်တန်း တက်ပြီး ကိုယ်တိုင်တေးရေးဆို အယ်ဘမ်ထုတ်ဖို့ကြိုးစားနေပါတယ်'

'ဟင်း တော်တော်ရည်မှန်းချက်ကြီးကြီးမားမားကြီးနဲ့သူပါလား ဟင်း'

မိခင်၏ခနိုးခနဲ့စကားကြောင့် အဖြူထည်၏ရင်မှာ စိုး





ထိတ်လာပြီး ကြောက်ရွံ့လာလေပြီ။ မိခင်၏မျက်နှာကိုပင် မော်၍မကြည့်ရဲတော့ချေ။

'မိဘတွေကကော'

'မသိဘူး'

'ဘာ'

မိခင်၏ ရုတ်တရက်အော်လိုက်သောအသံက မိုးထစ်ချုန်းလိုက်သည့်နှယ်ထွက်ပေါ်လာသည်မို့ အဖြူထည်မှာ ဆတ်တနဲ့ပင် တုန်သွားရလေသည်။

'နင့်ဒီလောက်တောင်ညံ့ဖျင်းရသလား ဘယ်မျိုးရိုးဇာတိမှန်းမသိတဲ့ကောင်ကိုကြိုက်ရသလား ကိုယ့်ရုပ်ကိုယ့်ရည်လေးမှအားမနာ နင့်မှာဦးနှောက်မရှိဘူးလား မိဖြူ'

'ဟို ဟို မိဘတွေက နှင်ချထားလို့'

'နှင်ချမှာပေါ့ ဒီမျှော်မှန်းချက်မရေရာတဲ့ကောင်မျိုးကိုမှ နင် ကြိုက်ရသလား။ ကြိုက်စရာ ဒီလောက်ရှားသလား'

'ဝါက ဂလေဂချေ မဟုတ်ပါဘူး မိဘမျိုးရိုးကောင်းပါတယ် ဟို ဟို အိမ်က နှင်ချထားတုန်းအခိုက်အတန့်လေးတစ်ခုပါပဲ'

ချစ်သူနှင့်ပတ်သက်လာလျှင် တစ်စွန်းတစ်စကလေးမှ အထင်သေးမခံနိုင်။ မိခင်နားလည့်အောင်လည်း မရှင်းပြတတ်



www.burmeseclassic.com

www.burmeseclassic.com



'မိဘတောင် လက်မခံနိုင်လို့ နှင်ချထားတဲ့ ကောင်မျိုး ကိုမ္မ ကြိုက်ရတယ်လို့ မိဖြူရယ် မွေးရကျိုးမနပ်လိုက်တာဟယ် နင့်အစား ငါရင်နာလိုက်တာ ညည်း အဲဒီလိုကောင်မျိုးယူလို့က တော့ အမွေပြတ်ပဲ ငါ့အိမ်ရိပ်တောင် နင်းရမယ် မထင်နဲ့ ငါ အပြတ်ပြောမယ် မိအဖြူထည် ညည်း မိသားစုတစ်စုလုံးကို ပြတ် နိုင်သလား ညည်းအကောင်ကိုယူမလား ဒါမဲရွေးချယ်'

အဖြူထည် စိတ်ညစ်သွားရလေပြီ။ မိခင်၏အကြောင်း ကိုလည်း သူသိပြီးသားဖြစ်သည်။ တစ်အိမ်လုံး၌ ဩဇာအလွှမ်း မိုးနိုင်ဆုံးသူဖြစ်လေသည်မို့ အဖြူထည်အတွက်တော့ ချစ်သူနှင့် နီးရဖို့အရေး မိမိ၏မိသားစုထံမှ လုံးဝ အထောက်အကူမရနိုင် တော့ကြောင်း သဘောပေါက်လိုက်လေပြီ။

ရင်ထဲ၌ ချစ်သူအပေါ် အသနားပိုစိတ်က ပို၍ပင် ဖြစ် ထွန်းလာသည်။

'ဒီနေ့ကစပြီး အိမ်ထဲက အိမ်ပြင်မထွက်ရတော့ဘူး'

'ဟင်. . စာမေးပွဲ'

'ဘာဘာမေးပွဲတွေ ဘွဲ့တွေမှ လုပ်မနေနဲ့ ကုန်ရှုံး တစ် ခေါက် လင်ကုန်ရှုံး တစ်သက်လုံးမှောက်ဆိုရိုးစကား နင်ကြားဖူး ရင် မိဘစေတနာတစ်နေ့ နားလည်လာမယ်'

'ဝါ့ကိုတွေ့ကြည့်ပါဦးလား မေမေ'





အချစ်အတွက် သတ္တိတွေက အလိုလိုရှိလာသည်မို့ မိခင်ကိုအံရဲစွာနှင့်ကာ အယူခံဝင်ကြည့်သည်။ သို့သော် မိခင်၏မျက်နှာပြင်က တင်းမာနေသည်။ ဆုံးဖြတ်ချက်ချပြီးလျှင် ပြင်တော့မည်မဟုတ်သည့် အရိပ်အယောင်များကို အဖြူထည် တွေ့မြင်လိုက်ရသည်။

ထို့အပြင်

'တွေ့စရာမလိုဘူး နင်လည်း ဆက်သွယ်စရာမလိုတော့ဘူး ဒါပဲ သွားတော့'

ယတိပြတ်ပြောကာ သူ့ကို နှင်ထုတ်လိုက်လေသည်။ အဖြူထည် မိခင်အိပ်ခန်းထဲမှမျက်နှာငယ်လေးနှင့်ထွက်လာပြီး မိမိ၏အိပ်ခန်းထဲသို့ဝင်လိုက်သည်။

ရင်ထဲ၌ဆို့နစ်နေသည်။ ငို၍လည်းမရချေ။

အပူလုံးက တစ်ဆို့၍နေလေပြီ။

အချစ်ကြောင့် သာယာ ကြည်နူးခြင်းလည်း ဖြစ်ပေါ်တတ်သလို အချစ်ကြောင့် ကြေကွဲဝမ်းနည်းခြင်းလည်း ဖြစ်ပေါ်တတ်လေသည်။

'အဖြူ ညီမလေး'

စာကြည့်စားပွဲ၌ထိုင်ကာ ငူတူတူငိုင်တိုင်တိုင်နှင့် တွေဝေနေသော သူ၏ပခုံးစွန်းကို ကိုင်ကာ မမကြီးမိုးမြင့်ထည်က



www.burmeseclassic.com

www.burmeseclassic.com



ခေါ် လိုက်လေသည်။

'ဘယ်အရာကိုမှ စိတ်လိုက်မာန်ပါ မလုပ်မိစေနဲ့နော် ဘဝတစ်သက်တာအရေးမို့ လေးလေးနက်နက်စဉ်းစားပါ မိဘဆိုတာ သားသမီးတွေ ဆင်စီးမြင်းရံတာပဲမြင်ချင်ကြတာ သဘာဝပါပဲ ဒါပေမဲ့ မိဘတွေစေတနာမေတ္တာနဲ့ လုပ်ပေးတဲ့အရာတွေဟာ မှားယွင်းခဲ့ပါတယ် ညီမရယ် စဉ်းစားပါ'

မမကြီးကတော့ မိဘများ၏ယုံကြည်အားထားမှုကို ခံရသူပီပီ ဘွဲ့ရသည်နှင့် ဖခင်၏ကုမ္ပဏီသို့ပင် ဝင်ရောက် လုပ်ကိုင်နေလေပြီ။

အချစ်ကို ဦးစားမပေး။ စီးပွားရေးကိုသာ ဦးစားပေးသောမမကြီးမိုးမြင့်ထည်၏ရင်ထဲ၌ ချစ်တတ်သောနှလုံးသားမှ ပါပါလေစ။ သံမဏိနှလုံးသားများ ပါလာလေသလားထင်မှတ်ရလောက်အောင် ပုရိသတို့နှင့်ပတ်သက်ပြီး ရက်ရက်စက်စက်ပင် ဥပေက္ခာပြုနိုင်သူဖြစ်သည်။

ဝါ့ကိစ္စနှင့်ပတ်သက်ပြီး မမကြီးထံမှ အကူအညီရလိမ့်မည်မဟုတ်မှန်းကိုတော့ ဖြူနှားလည်သဘောပေါက်ပြီးသားဖြစ်လေသည်။

ထို့အတူ မိသားစုကော အိမ်မှအလုပ်သမားများအပါအဝင် ဘယ်သူ့ကိုမှအားကိုးဘွယ်ရာမမြင်ကြောင်း အဖြူထည်





သဘောပေါက်ပြီးသားဖြစ်သည်မို့ ငြိမ်ငြိမ်သက်သက်လေး ငြိမ်နေပြီး အကြံယူလိုက်သည်။

'စာမေးပွဲမဖြေရဘူးဆိုတာတော့ လွန်ပါတယ် မဆက်သွယ်နဲ့ ဆိုလည်း မဆက်သွယ်ပါဘူး'

'ဒါကတော့ မိဘတွေက အစိုးရိမ်လွန်ပြီး ပြောတာပါ ညီမအခြေအနေကိုကြည့်ပြီး ပေးဖြေသင့်ဖြေမှာပါ မမကြီးလည်း ဝိုင်းပြောပေးပါ့မယ် ညီမလေးသာ လိမ်လိမ်မာမာနေ အချစ်ဆိုတာ လူ့ဘဝကြီးမှာ မရှိမဖြစ်လို့အပ်တဲ့အရာမဟုတ်ပါဘူးကွယ် လူ့ဘဝရဲ့အစိတ်အပိုင်းလေးလောက်သာ အရေးပါတာပါ ညီမလေး အသက်ငယ်ပါသေးတယ်'

'ဆယ့်ရှစ်နှစ်ပြည့်ပြီးနေပြီဟာ ငယ်သေးလား'

မမကြီးက သူ့ခေါင်းကို ဖွဖွလေးပုတ်ကာ

'ငယ်တာပေါ့ညီမရယ် မမကြီးတောင် ကိုယ့်ကိုယ်ကိုယ် ငယ်တယ်လို့ထင်နေတာ ညီမဆို ပိုငယ်တာပေါ့ လူ့ဘဝသက်တမ်းမှာ ရှေ့လျှောက် လူလုပ်ဖို့ အများကြီးကျန်သေးတယ် လူမှုရေးထောင်တစ်ခုလည်းဖြစ် တစ်သက်လုံးလည်း လွတ်ရက်မရှိတဲ့အိမ်ထောင်ရေးအကျဉ်းထောင်ကြီးထဲဝင်ဖို့ စဉ်းစားမယ်ဆိုရင် အရမ်းစောပါသေးတယ် ညီမလေးရယ် မမကြီး ပြောတာသဘောပေါက်နော်'



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက လေပြေကလေးနှင့် နားတော်သွင်းချင်းကို ညည်း ပြလေသည်။

အချစ်စိတ်တွေ ဖုံးလွှမ်းနေသော အဖြူပုံသည်ကတော့ နားမဝင်နိုင်ပါချေ။

ဝါနှင့်ဖွေ့ဆုံဖို့ကိုသာ နည်းမျိုးစုံစဉ်းစားလျက် မိသားစုများ၏အလစ်ကို ချောင်းမြောင်းနေတော့သည်။

*





အခန်း(၁၉)

အချစ်သည် သတ္တိကို မွေးဖွားသန့်စင်ပေးသည်ထင့်။ အဖြူထည်ကို ဆက်သွယ်၍မရ၊ အဖြူထည်၏ မိန်းကလေးသူငယ်ချင်းများမှတစ်ဆင့်ဆက်သွယ်တော့လည်း

'အဖြူထည် အိမ်မှာမရှိဘူး သူ့အဘွား နေမကောင်းလို့ နယ်ပြန်ပို့ထားတယ်'ဟူသောအဖြေကိုသာရလေသည်မို့ ဝါဆိုဦးက မယုံရေးချမယုံချေ။

ထို့ကြောင့် ဦးထုပ်ကလေး ငိုက်စိုက်ဆောင်း၊ နေကာမျက်မှန်တပ်၊ သူငယ်ချင်းတစ်ဦး၏ကားတစ်စီးနှင့် အဖြူထည်၏အိမ်ရှေ့ရစ်ဝဲကာ စောင့်ကြည့်သည်။

(၃)ရက်မြောက်. .

ဝရံတာသို့ထွက်ကာရပ်သောအဖြူထည်ကို လှမ်းတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူထည်ကလည်းတွေ့သည်။ လက်ဟန်ခြေဟန်ပြကာ ပျောက်ကွယ်သွားပြီး ခြံထဲသို့ဆင်းလာသည်။

ခြံပြင်သို့ စက္ကူတစ်ခုကိုလုံးချေပြီး လှမ်းပစ်လိုက်သည်။ အခြေအနေအရပ်ရပ်ကို ချက်ဆိုနားခွက်က မီးတောက်ပြီးသားဖြစ်သော ဝါဆိုဦးက စက္ကူထုပ်ကလေးသွားကောက်ယူကာ ဖြန့်ကြည့်လိုက်သည်။

*ဝါ*

*ဒီနေ့ကစပြီး နံနက်၄နာရီကစပြီး ၅နာရီခွဲအထိ ခေါင်းရင်းနှစ်ခြံကျော်က ကုက္ကိုပင်အောက် ကားရပ်ထားပြီး အသင့်စောင့်နေပေးပါ လစ်ရင်ထွက်ခဲ့မယ် ဝါ့နောက် အပြီးလိုက်မှာနော် ဒါပဲ။*

**မြ**

ချစ်လျှင်စွန့်စားရဲသောသတ္တိရှိကြသည်ဟု ဝါဆိုဦးလက်ခံလိုက်လေပြီ။ ဖြူ့ကို သူသိပ်ချစ်သည်။ ထို့ကြောင့် သူ ပိုကြိုးစားသည်။ သို့သော် အနုပညာကိုဘန်းပြ သိုးရေခြုံကာ အမြတ်ထုတ်လိုသောဝံပုလွေလိုလူစားနှင့်တွေ့တော့ သူပါသမျှငွေနှင့်စိန်လက်စွပ်တစ်ကွင်း ကုန်သွားခဲ့လေသည်။ သီချင်းတစ်ခွေမှ ထွက်မလာနိုင်သေး။ သူ့အဘွားဝယ်ပေးခဲ့သောကားကို ပေါင်နှံပြီး ထပ်မံကြိုးစားနေသည်။ လည်ပင်းက ကြိုးတစ်ကုံးသာ ကျန်





တော့သည်။ ဖြူ့ကို သူ နိုးရတော့မည်။ ဖြူ့ကို အဆုံးရှုံးမခံနိုင်။ ဝါသနာပါသောအလုပ်ကို ခေတ္တဘေးဘယ်ထားပြီး ဖြူနှင့် နှစ်ကိုယ်တူနီးဖို့အရေးအတွက် ဆွဲကြိုးကိုရောင်းချလိုက်သည်။

နောက် ပေါင်ထားသောကားကိုရောင်းချလိုက်ပြီး မြို့သစ်ကလေး၌ နှစ်ချုပ်နှင့်အိမ်တစ်လုံးငှားရမ်းလိုက်သည်။

သူငယ်ချင်းအိမ်ကပ်နေတာ တစ်ကိုယ်ရည်တစ်ကာယက အရေးမကြီး။ မယားပါလာပြီဆိုလျှင်တော့ မဖြစ်။ စီစဉ်စရာရှိသည်တို့ကို နေ့ဘက်၌ လှုပ်ရှားပြီး ဖြူ့စာထဲက အမိန့်အတိုင်း နံနက်၃နာရီခွဲမှ စတင်ကာ ဖြူ့ခေါင်းရင်း နှစ်ခြံကျော်မှာ သွားစောင့်နေလိုက်သည်။ ကားကလည်း သူနှင့်ဝါသနာတူ အတန်းတူကြိုးစားနေသော သူငယ်ချင်းကိုသော်ကြောင့်သာ ဖြစ်သည်။ ကိုသော့်မိဘများက နိုင်ငံခြားမှာဖြစ်သည်။ အဘိုးအဘွားနှင့်နေသည်။ အဘိုးအဘွားကိုတော့ ကိုသော်က နိုင်သည်။ ကိုသော်အိမ်မှာ သူကပ်နေခဲ့ခြင်းဖြစ်သည်။ ဖြူပါလာပြီဆိုတော့ ကိုသော်က ပေးနေသော်လည်း သူကအလိုက်သိရမည်။ ထို့ကြောင့် ဒဂုံမြို့သစ်မြောက်ပိုင်းမှ ခြံနှင့်ဝန်းနှင့် တစ်ထပ်တိုက်ပုကလေးတို့သူသွားငှားခဲ့ခြင်း ဖြစ်သည်။ သူလည်း လွတ်လွတ်လပ်လပ်သီချင်းသံစဉ်များကို ရှာဖွေနိုင်သည်။ ရန်ကုန်မြို့လည်ခေါင် တိုက်ခန်းတွေထက် ဈေးသက်သာပြီး လွတ်လပ်သည်။ အသက်ရှူချောင်

www.burmeseclassic.com



ဝလင်သည်။ အောင်မြင်သောအဆိုတော်ဘဝသို့ မရောက်ရှိသေးခင်မှာပင် အိမ်ထောင်သည်ဘဝသို့ရောက်ရှိတော့မည်။

မြှူထံမှစာရပြီး (၃)ရက်မြောက်ညနေ၏ အရုဏ်တက်ခါနီးချိန် ၌ မြှူတစ်ယောက် အိတ်တစ်လုံး လွယ်ကာ သူတို့ရှိရာသို့ ကတိုက်ကရိုက်ပြေးလာပြီ။

'ဟော မြှူ ကိုသော် ကားစက်နှိုးထား'

ဝါဆိုဦးက စိတ်လှုပ်ရှားစွာပြောလိုက်ပြီး အမြှူထည်ရှိရာသို့ပြေးကာ ကြိုလိုက်သည်။

'မြှူ'

'ဝါ မြန်မြန်သွားကြစို့'

လက်ချင်းချိတ်ကာ ကားဆီသို့ပြေးခဲ့ကြသည်။ အသင့်ဖွင့်ထားသော ကားနောက်ခန်းကို နှစ်ဦးသား ဝင်ရောက်လိုက်သည်နှင့် ကိုသော်က မောင်းထွက်ခဲ့လိုက်သည်။

'လိုက်လာလို့လား'

နောက်သို့လှည့်ကြည့်နေသော မြှူအား သူမေးလိုက်သည်။

မြှူက

'ဟင့်အင်း အန်တီစိန်တစ်ယောက်တည်း နိုးသေးတာ အရုဏ်ဆွမ်းတော်ကပ်ဖို့ ချက်ပြုတ်နေတုန်း မီးဖိုချောင်ဘက်က





အလစ်ထွက်ပြေးလာတာ အိမ်ရှေ့တံခါးသော့ကို မေမေက ဝှက်ထားတယ်လေ'

'ခြံသော့ကော ဘယ်လိုဖွင့်သလဲ'

'ဒေါ်စိန်အိမ်သာတက်နေတုန်း အလစ်ယူထားပြီး ဖွင့်ပြေးခဲ့တာ ပဲပြုတ်သည်နဲ့နွားနို့သည်လာရင် ခြံတံခါးဖွင့်ပေးရမှာဆိုတော့ အဲဒီသော့တွဲက ဒေါ်စိန်မှာရှိတယ်လေ'

ဝါဆိုဦး ချစ်သူကိုမြတ်နိုးစွာကြည့်ပြီး မချင့်မရဲလေးနှင့် ရင်ခွင်ထဲ ပွေ့ဖက်လိုက်သည်။

'ဒါကြောင့် ဝါက ချစ်ရတာ'

'အို'

'အဟမ်း အဟမ်း အဟွတ် အဟွတ်'

ကိုသော်၏လုပ်ချောင်းသံက ချစ်သူနှစ်ဦးကို ဟန့်တားလိုက်သယောင်ယောင် အားပေးသယောင်ယောင်နှင့်။ သို့သော် ဝါဆိုဦးက အရေးမလုပ်ချေ။ ချစ်သူကို ဆုံးရှုံးလိုက်ရပြီလားဟု သောအတွေးနှင့် ရင်မှာ ပူလောင်ကာ နွမ်းခဲ့ရသမျှတို့အတွက် အတိုးချကာ အလွမ်းသင့်အကြင်နာလေးများနှင့် ချစ်သူကိုဆုံးရှုံးသွားမှာ စိုးကြောက်သည့်အလား တွေးပိုက်ထားလိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၀)

'ဝါ ဒီဆေးတွေက ဘာဆေးတွေလဲဟင်'

ဝါနှင့်ဖြူ၏အိမ်ထောင်သက်တမ်း (၆)လတဲ့သို့ချဉ်းနင်းဝင်ရောက်လာချိန်တွင် ဖြူသည်လည်း ကိုယ်ဝန်၅လရှိလာခဲ့လေပြီ။

ဖြူမှာ မျှော်လင့်ချက်ရှိနေသည်။

မြေးအနှစ်ဆိုသည့်အတိုင်း နှစ်ဘက်မိဘတွေ၏ဒေါသတွေပြေလည်စေဖို့အတွက် ရင်သွေးတစ်ယောက်တော့ မွေးဖွားပေးမှဖြစ်မည်ဟူသောအတွေးနှင့် ယူလိုက်ခြင်းဖြစ်သည်။

ဝါကတော့

'ဖြူရယ် ကိုယ်တို့နှစ်ဦးရဲ့ဘဝတောင် မရေရာသေးတဲ့အချိန်မှာ ရင်သွေး ယူလိုက်တာ မစောလွန်းဘူးလား သူ့ကိုဒုက္ခတွင်းထဲဆွဲနှစ်သလိုဖြစ်မနေဘူးလား'

'မဖြစ်ပါဘူး ဖြူလည်း အလုပ်လုပ်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူမလုပ်ပါနဲ့ကွာ'

'ဖြူလည်း အားနေတာပဲ'

မိခင်၏ မိန်းကလေးဆိုတာ လုပ်ချင်လုပ် မလုပ်ချင်နေ တတ်ထားဖို့လိုအပ်တဲ့အိမ်တွင်းမှုအလုပ်တွေ အကုန်သင်ထား ရမှာယ်ဟူသောဝါဒအရ အချက်အပြုတ် အချုပ်အလုပ် သင်ထားပြီး တတ်မြောက်ထားသည့်ပညာကို အသုံးချလေ၏။

အဆောင်နေကျောင်းသူများအတွက် ထမင်းချိုင့်ပေးရန် အိမ်နီးချင်းများနှင့်စပ်ပြီးစမ်းသပ်ကာ သူက ဒိုင်ခံချက်သည်။ အိမ်နီးချင်းမောင်နှမနှစ်ယောက်က ဒိုင်ခံပို့ပေးသည်။ ဖြူ၌ပါသောလက်ဝတ်ရတနာတို့သည် ဝါ့လုပ်ငန်းထဲ၌ နစ်မြုပ်သွားခဲ့လေပြီ။

ဒီကြားထဲ ဝါ၏အခြေအနေကို ဖြူ သိပ်မကြိုက်ချင်။ ဝါသည် စတူဒီယို၌သီချင်းသွားသွင်းပြီးပြန်လာလျှင် ပိုမိုမြူးကြွသွက်လက်နေကာ သူ့အားလည်း ပိုမိုကြင်နာယုယပြလေသည်။ အစကတော့ အောင်မြင်မှုလမ်းစပေါ်ရောက်နေသဖြင့် ကျေနပ်ပျော်ရွှင်နေသလား ထင်မှတ်ရသော်လည်း နောက်ပိုင်း မူမမှန်ဟု ထင်လာသဖြင့် ဝါ့ကိုစောင့်ကြည့်ခဲ့ရာ ဝါ့ပိုက်ဆံအိတ်ထဲ၌ တွေ့ရသော ဆေးပြားနှစ်ပြားကြောင့် ဖြူ မေးလိုက်၏။

အိပ်ချင်မူးတူးဖြစ်နေသောဝါက





'ဟိုကောင်တွေက ပိုဈာန်ရအောင် အဲဒီဆေးစားပြီးဆိုဆိုလို့ပါကွာ ဝါ အိပ်ချင်တယ်ဖြူရာ ဒီည ကိုသော်အစ်မမွေးနေ့ပွဲမှာ ကိုယ်တို့ သီချင်းဆိုရဦးမှာဆိုတော့ အိပ်ရေးဝအောင် အိပ်လိုက်ဦးမယ်'

'ဟင်'

အိပ်ချင်မူးတူးပြောပြီး ပြန်အိပ်သွားသောဝါ့ကိုကြည့်ကာ အဖြူထည်ပင့်သက်ရှိုက်လိုက်ပြီး ဝါ၏ဆေးပြားကိုယူကာ ဆေးခန်းသို့ထွက်ခဲ့လေသည်။

ရပ်ကွက်ထဲရှိ ပုဂ္ဂလိကဆေးခန်းကလေး၏ အမျိုးသမီးဆရာဝန်တစ်ဦးနှင့်အဖြူထည်တာ ရင်းနှီးနေလေပြီ။

ကိုယ်ဝန်နှင့်ပတ်သက်ပြီး စောင့်ရှောက်မှုတိုလည်း ထိုဆရာဝန်နှင့်ပင် အပ်ထားရာ ဖြူပေးသောဆေးပြားကိုကြည့်ကာ

'ဒါ စိတ်ကြွဆေးပြားတစ်မျိုးပဲ စိတ်ကျန်းမာရေးဆရာဝန်တွေရဲ့ခွင့်ပြုချက်နဲ့မှသုံးစွဲလို့ရတဲ့ဆေးပဲ'

အဖြူထည်ရင်မှာ မွန်းကြပ်သလိုခံစားလိုက်ရသည်။ ဒါကြောင့် ဝါသိပ်မြူးတူးနေ တတ်သည်ကိုး။

'ဆေးဝါးဆိုတာ ဘယ်ဆေးဝါးမဆို ဆရာဝန်တွေ ညွှန်ကြားချက်နဲ့သာသုံးစွဲတာ အကောင်းဆုံးပါပဲ တန်ဆေးလွန်ဘေးဆိုတဲ့စကားလည်း ရှိတာပဲ ညီမရာ ဘယ်ဆေးမဆို အလွန်အကျွံ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေနဲ့ပေါ့ကွယ်'

အဖြူထည်မှာ ဝေဒနာရှင်မှာပိုက်ကာ အိမ်ပြန်ခဲ့ရလေသည်။ ဝါလမ်းမှားလိုက်နေပြီလား။ ဝါ၏အခြေအနေကိုကြည့်ပြီးနားသွင်းရမည်။

သို့နှင့် . . ။

'ကြော်ငြာရိုက်ပြီးသွားပြီ တီဗွီမှာပါတော့မယ် ဝါတို့ မြစ်ကြီးနားစတိတ်ရှိုးကို သွားဆိုရတော့မယ်'

ဝေါရှိတွေလည်း တစ်ပြည်လုံးအနှံ့ ဖြန့်ချီထားသည်။ အခွေပေါက်မည် မပေါက်မည်တော့ မသိသေး။

'ဟင့် အခွေတောင် မဖြန့်ရသေးဘဲနဲ့'

'ကိုသော်တို့အသင်းတိုက်ကလုပ်မယ့် စတိတ်ရှိုး ဆိုတော့ ကိုသော်တို့အဖွဲ့မှမဖိတ် ဘယ်သူ့ဖိတ်ရမှာလဲ'

'ဝါ ဆေးဝါးတွေက ဆရာဝန်မညွှန်ကြားဘဲ မသောက်နဲ့နော်'

'ဆရာဝန်ညွှန်ကြားလို့ပါ အိပ်ရေးပျက်ပြီး ပင်ပန်းနေတော့ စိတ်ရောကိုယ်ပါ အနားယူဖို့လိုအပ်တယ်ဆိုပြီး ပေးလို့ပါ'

'ဘယ်ဆရာဝန်လဲ'

'ကိုသော့်အစ်ကိုဝမ်းကွဲ'





'ကိုသော်လာမှမေးကြည့်ဦးမယ်'

'မေးကွာ မေး မေး'

အဖြူထည်က စိတ်တိုပုံပေါက်နေသောဝါ့အနေအထားအရအလျှော့ပေးလိုက်ရလေသည်။

ကိုသော်အိမ်သို့ရောက်လာချိန်ကလည်း ခရီးသွားရန်ဝါ့ကိုလာခေါ်ချိန်ဆိုတော့ မေးချိန်မရလိုက်ချေ။

ထိုအချိန်မှစ၍ ကံကြမ္မာမုန်တိုင်းသည် ဖြူတို့အား စတင်တိုက်ခိုက်နေလေပြီ။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၁)

ဝါနှင့်ဖြူ၏စားဝတ်နေရေးသည် ဖြူ၏အချက်အပြုတ်လုပ်ငန်းကြောင့်သာ ရပ်တည်နိုင်ခြင်း ဖြစ်လေသည်။

သို့သော် ကိုယ်ဝန်ရင့်လာသောအခါ၌ ဖြူအားငယ်လာသည်။ အခွေက မပေါက်။ အရှုံးပင်ပေါ်နေလေပြီ။ ဝါက စိတ်ဓာတ်ကျသည်ဆိုကာ သောက်စားမှုးယစ်လာသည်။ ဒီကြားထဲ ဖျားလာသဖြင့် ဆေးခန်းသို့ပြသောအခါ၌ ငှက်ဖျားပိုး တွေ့ရသဖြင့် ငှက်ဖျားတိုက်ဖျက်ရေးသို့ သွား၍ ဆေးကုသမှုခံယူရန် ပြောလေသည်။ ဝါက မသွား။ ဖြူကလည်း လ,ရင့်လာသည်နှင့် ကိုယ်ဝန်မွေးဖွားဖို့အတွက် ကျစ်ကျစ်ပါအောင်စုထားသောငွေကို ထုတ်ဝက်ခဲ့ကာ

'ပိုက်ဆံရှိပါတယ် ဝါရယ် သွားရအောင်ပါ'

'နေစမ်းပါ ဖြူရာ ငှက်ဖျားတက်လာရင် အပူကလေး



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက် အချမ်းပြေသွားတာပဲ ဝါ့ကို အချမ်းပြေဆေးလေး ဝယ်ဖို့သာ နည်းနည်းပေးရင် ရပါပြီ'

အဖြူထည် ရင်နင့်ရလေသည်။

ဆေးဖြတ်ခိုင်းတော့ ဖြတ်ရှာသည်။ သို့သော် အရက်က စွဲသွားပြန်သည်။

'အိမ်မှာပဲ သောက်နေ၁် မနက်ဖြန် ငှက်ဖျားပြန်ထရင်တော့ ဆေးရုံသွားရမယ်နော် ဖြူ့ကိုချစ်ရင် ကတိပေးပါ ဝါရယ်'

မွေးဖွားရက်နှင့် ဆေးကုသမှုရက်ရှည် ဆိုပါက တိုက်ဆိုင်နေမှာကိုစိုးရိမ်တာလည်း ပါသည်။ ဝါ့အလိုကျ အရက်သာ ပေးသောက်လိုက်သည်။

နောက်နေ့ ဝါကအိပ်မောကျနေဆဲ ဖြူက စောစောထကာ ၃-၄ယောက်စာသာရှိသောချိုင့်အတွက် ထမင်းနှင့် ဟင်းချက်ပေးခဲ့ပြီး မြို့ထဲဆေးခန်းရှိ အိုဂျီနှင့်ပြသထားရာ ရက်ချိန်းစေ့သဖြင့် ပြသရန်ထွက်လာခဲ့လေသည်။ အဖော်မပါ တစ်ကိုယ်တည်း ဖြစ်သဖြင့် အားငယ်မိသော်လည်း ကိုယ်ရွေးချယ်သော လမ်းဖြစ်၍ ရဲရဲတင်းတင်းပင် လျှောက်လှမ်းခဲ့ရလေသည်။

ဒဂုံမြောက်ပိုင်းမှ မြို့ထဲသို့သွားရန် ဘောလီတံတားထိပ် နာရီစင်နားတွင် 'ကက'များက တစ်ယောက် ၆၀၀ကျပ်နှုန်းထားနှင့် ဆူးလေသို့ ပို့ပေးလေသည်။





ထိုလမ်းကြောအတိုင်း သူ မြို့ထဲသို့ သွားလာခဲ့ရလေသည်။ ကိုယ်ပိုင်ကားပေါ်မှမဆင်းခဲ့ရသော သူဌေးသမီး အဖြူထည်သည် အချစ်အတွက် ထမင်းဟင်းချက်ရောင်းပြီး စားဝတ်နေရေးကိုဖြေရှင်းနေရသည်။ မိဘတွေတွေ့ပါက ရင်ကျိုးရှာပေတော့မည်။

ဆူးလေမှ ပြည်နေကျဆေးခန်းရှိရာသို့ လျှောက်လှာခိုက် ခေါင်းက မူးဝေလာသည်။ ညက ဝါ ငှက်ဖျားတက်သဖြင့် သူပါ အိပ်ပျက်ခဲ့ရသည်။ ဝါအား ရေနွေးအိတ်ကပ်ပေးရင်း ဝါအဖျားကျအိပ်ပျော်သွားမှသူလည်းအိပ်ပျော်ခဲ့ရသည်။ ထိုအချိန်သည် အရုဏ်တက်ခါနီးလင်းကြက်ပင်တွန်နေလေပြီ။

ခေါင်းထဲမူးနောက်ပြီး မိုက်ကနဲဖြစ်လာသဖြင့် တိုင်တစ်တိုင်ကိုအားပြုကာ ရပ်နားလိုက်ရသည်။

ဘုရား . . ဘုရား . . .

ရင်တွေတလှပ်လှပ်ခုန်ကာ မောဟိုက်လာပြီ။

လဲကျ၍ မဖြစ်။ ရင်သွေးက ရှိနေသည်။ အထိအခိုက်ခံနိုင်။

လူကလည်း မနည်းရပ်တည်နေရသည်။ လူတွေ၏ဆိုနိုင်တာ ဝေဝါးလာသည်။

ဘုရား . . ဘုရား . .



www.burmeseclassic.com

www.burmeseclassic.com



ကယ်ကြပါလို့ အော်ဟစ်ရမည်လား။

ထိုစဉ် ဘွားကနဲအနားမရောက်လာပြီး တွဲလိုက်သူကိုမြင်တွေ့လိုက်ရသည်နှင့် အဖြူထည် အားတင်းကာ ရပ်တည်ထားသမျှတို့ကိုလျှော့ချလိုက်လေသည်။

ဝမ်းသာအားရနှင့် အားကိုးတကြီးလည်း အော်လိုက်မိသည်။

'မမကြီး'

*





အခန်း(၂၂)

မိုးမြင့်ထည် ဘယ်လိုမှထိန်းချုပ်၍မရနိုင်တော့သဖြင့် အခန်းပြင်သို့ပြေးထွက်ခဲ့လေသည်။ ပြောပါစေတော့။ ကျန်အကြောင်းအရာတွေက သူသိရှိပြီးသား။ ဪ သနားစရာကောင်းဆိုတဲ့ညီမလေးအကြောင်းကို ယခုမှ စုံစုံစိစိသိခွင့်ရလိုက်လေပြီ။ လူတစ်ယောက်၏အတိတ်ကို ဘယ်အချိန်အထိများ ဖုံးကွယ်ထားနိုင်မည်နည်း။

ညီမလေးအဖြူထည် သတိရတော့မည်။ ထိုအခါ သူ၏ ရင်သွေးလေးကိုမေးရှာတော့မည်။ သူ မည်ကဲ့သို့ ဖြေရမည်ကို သိအောင်ဖြစ်မိသည်။ မိဘတွေ၏ချစ်ခြင်းမေတ္တာကြီးမားမှုကို မိုးမြင့်ထည်သဘောပေါက်နားလည်ပါသည်။ သို့သော် အချစ်ကြီး၍အမျက်ကြီးကာ သားဆိုးသမီးဆိုးများကို ပစ်ထားလိုက်သော မဖြစ်သင့်တာတွေဖြစ်ခဲ့ရသည်။

'မမကြီးပြန်တော့မလား မမဖြူကော'



www.burmeseclassic.com

www.burmeseclassic.com



သတိုး မမြင်စေရန် မျက်ရည်စများကို သိမ်းဆည်းလိုက်ရသည်။ သတိုးက သူ့ထံသို့ပြေးလာကာ ပြောလိုက်သည်။

'ခဏနေဦး ဖြူနိုးလာမှ ပြန်ကြမယ်ဂနေ့ သွားကစားနေဦး'

'ဟုတ်ကဲ့'

မြက်ခင်းစိမ်းပေါ်၌ ဘောလုံးကစားနေသောသတိုးကို ကြည့်ကာ ရင်ထဲ၌ရှင်းရခက်နေသောပြဿနာတစ်ရပ်ကို မြန်မြန်ရှင်းနိုင်သွားပါစေဟုလည်း ဆုတောင်းမိလေသည်။

ဖြူ့ကို ကိုယ်ဝန်ရင့်မကြီးနှင့်ဓာတ်တိုင်တစ်ခုကို မှီတွယ်ကာ ဒုက္ခရောက်နေသည်ကိုတွေ့မြင်လိုက်ရသောအခါ မိုးမြင့်ထည်သည် ချက်ချင်းကားကိုရပ်ကာပြေးဆင်းသွားပြီး ညီမဖြစ်သူကိုလှမ်းထိန်းလိုက်ရသည်။ သူ့ရင်ခွင်ထဲ သတိလစ်ကာလဲကျသွားသော ညီမကို ကိုယ်ဝန်မထိခိုက်စေရန် ဂရုစိုက် ဖေးမပြီး ပတ်ဝန်းကျင်ရှိလူများကို အကူအညီတောင်းကာ ကားပေါ်သို့တင်ပြီး နီးစပ်ရာဆေးခန်းသို့ တင်ထားလိုက်ပြီး မိဘနှစ်ပါးတို့ ဖုန်းဆက်ခေါ် လိုက်ရ၏။ ဒီအဖြစ်အပျက်က သူ့ရင်ထဲ၌ ဘယ်သောအခါမှမမေ့ပျောက်နိုင်သော အမာရွတ်တစ်ခုနှယ် စွဲထင်လျက်ရှိသည်။

ကိုယ်ဝန်အရင့်အမာကြီးနှင့်ဖနီးမယားတို့ တစ်ယောက်





တည်းလွှတ်ရက်သောယောက်ျားဟုလည်း စွဲချက်တင်ခဲ့သည်။ အဖြူထည်ကို ဒေါက်တာဝေယံဇွန်အခန်းထဲ၌လည်းကြာရှည်စွာ ထားရန် မတင့်တယ်မှန်း သတိရလိုက်ပြီး အိမ်ထဲသို့ ပြန်ဝင်ခဲ့လိုက်လေသည်။

အခန်းဝသို့အရောက်၌ အဖြူထည်၏ရှိုက်ငင်သံပါလာသောအသံကိုကြားလိုက်ရလေသည်။

'ဝါ့ဆီကိုမပို့ပေးကြဘဲ ကမ်းစပ်မြို့ကိုခေါ်သွားတယ် အဲဒီမှာ သားလေးမွေးတယ် မေမေက အဲဒီနေ့မှာပဲ သွေးတိုးနဲ့နှလုံးရောဂါနဲ့ရုတ်တရက်ဆုံးသွားတယ် နောက်တော့ နောက်တော့ အား ကျွန်မ ဘာမှမသိတော့ဘူး ဝါ ဝါ့ကို ကျွန်မ တွေ့ချင်တယ်',

ပြောပြောဆိုဆို ငိုရှိုက်လေရာ မိုးမြင့်ထည်လည်း အဖြူထည်အနီးကပ်လိုက်သည်။ ဒေါက်တာဝေယံဇွန်က ဒဂီးတို့ ရှုပ်သိမ်းကာ ထိုင်ရာမှထကာ သူ့အားကြည့်လိုက်သည်။

'ဟင်'

မိုးမြင့်ထည်စိတ်ထင်၍လားမသိ။ ဒေါက်တာ့မျက်ဝန်း၌ မျက်ရည်စများစွန်းထင်းနေ၏။ ဆရာဝန်ကြီးကလည်း အသည်းခပ်နုနုပါပဲလား။ လူနာ၏ဝေဒနာကို မျှဝေခံစားယူတတ်ပါလား ဟုတွေးမိလိုက်စဉ်

'ဖြူ မကြာခင်သတိရလာပါလိမ့်မယ် ဆေးရုံပြီး ညှေ



www.burmeseclassic.com

www.burmeseclassic.com



ခန်းသွားရအောင် မိုးနဲ့ဆွေးနွေးစရာရှိလို့'

'ကောင်းပါပြီ'

ဒေါက်တာဝေယံဖွန့်မျက်နှာက နီစပ်စပ်ဖြစ်နေသည်။

'မိုး ကျွန်တော့်ကို ကော်ဖီတစ်ခွက်လောက် ကျွေးရှုမြူပါလား'

ကျွေးရှုတင်ရမှာလား ဘာလား ဝေခွဲမရသေးခင်မှာပင် လူကို ပိုင်စိုးပိုင်နှင်းခိုင်းနေလိုက်တာဟု မိုးမြင့်ထည် ရုတ်တရက်တွေးလိုက်မိသော်လည်း ဒေါက်တာဝေယံဖွန့် စိတ်ရောလူပါ ပင်ပန်းနေသည်ကိုလည်း ကိုယ်တိုင် မြင်တွေ့ထားပြီးဖြစ်၍ ဘာမှမပြောဘဲ မီးဖိုခန်းဘက်သို့ ဝင်ခဲ့လေသည်။ ကော်ဖီနှစ်ခွက်မှကော်ဖီရည်နှင့် နို့စိမ်း သကြားခဲတို့နှင့်စပ်ကာ ဖျော်လိုက်သည်။

'မိုး'

ထိုစဉ် သူ့ထံသို့ ဒေါက်တာဝေယံဖွန့်ရုတ်တရက်ရောက်လာပြီး

'ဟင်'

ထင်မှတ်မထားသောအပြုအမူတစ်ခုကို ကျူးလွန်လိုက်ပြန်လေသည်။ ဒေါက်တာဝေယံဖွန့်သည် သူ့ကို နောက်ကျောမှ သိုင်းဖက်ထားလိုက်သည်။





'ရှင် ရှင်'

'ခဏလေးပါမိုးရယ် ကျွန်တော့်ရင်ထဲမှာသိပ်ကိုနာကျင်နေလို့ပါ ဒီလိုမှထွက်ပေါက်မပေးရင် ကျွန်တော်ရူးသွပ်သွားလိမ့်မယ် ထင်တယ် ခဏလေးငြိမ်ငြိမ်လေးနေပေးပါ မိုးရယ်'

မိုးမြင့်ထည် ကတုန်ကယင် ဖြစ်လာသည်။ ဘယ်နှယ့်လူလဲ။ လက်ရဲဇက်ရဲနိုင်လိုက်ပါဘိ။ တစ်ခါရိုက်ပြီးတာတောင် မမှတ်သေးပါလား။

'ဟင်'

နောက်ဖက်မှ သိုင်းဖက်ထားပြီး သူ့အရပ်ကြီးကိုင်းကာ ပါးချင်းလာကပ်စဉ် မိမိပါးပြင်သည် ပူနွေးစိုစွတ်လာသည်။ သူငိုနေပါလား။ သူဘာကြောင့် မျက်ရည်ကျရတာလဲ။

'ဆောရီး မိုး'

သိပ်မကြာလှ။ မိမိအားရစ်ပတ်ထားသော သူ၏လက်ကိုဖြည်ကာ ကော်ဖီခွက်ကိုလှမ်းယူပြီး ထွက်သွားလေသည်။

မိုးမြင့်ထည် တုန်လှုပ်ခြောက်ခြားခြင်းနှင့်အတူ ကြောင်တောင်တောင်လေးကျန်ရစ်ခဲ့လေသည်။ သို့သော် ဒေါက်တာအာချက်ချင်းပြန်လှည့်လာပြီး

'လာလေ မိုး ပြော် မိုးကိုဘာမှညှဉ့်မခံမိဘူး ဒိပ် အိမ်ရှင်မလုပ်ပြီး ကော်ဖီဖျော်သောက်လိုက်ပါလား ဒဟင်း'



www.burmeseclassic.com

www.burmeseclassic.com



တော်တော်မျက်နှာပြောင်သည့်လူ။ ခုနပဲ လူကိုပိုင်စိုးပိုင်နင်းပြုလုပ်ပြီးမျက်ရည်ကျသွားလိုက်တာ။ ခုတော့ သူမဟုတ်သလို ခပ်တည်တည်နှင့်။ ဆရာဝန်လုပ်စားဖို့မကောင်း ရုပ်ရှင်မင်းသားလုပ်စားဖို့ကောင်းသည်။ အမူအယာက အမျိုးမျိုးတတ်ပဲတတ်နိုင်လွန်းသည်။

'ကျေးဇူးတင်ပါတယ် မသောက်တော့ပါဘူး ရေပဲ အဝသောက်တော့မယ် ရင်ပူလွန်းလို့'

'အဟင်း'

ဒေါက်တာဝေယံလွှန်က သူ့အား စေ့စေ့ကြည့်ကာ ပြုံးလိုက်ပြီး ကော်ဖီတစ်ချိုက်မျှသောက်လိုက်သည်။

'လာထိုင်ပါဦး မိုး'

ဧည့်ခန်းဘက်သို့လာရန် လိုက်ကာကိုပင့်မ,ပေးပြီး သူထွက်လာနိုင်စေရန် နေရာပေးရင်း ဖိတ်ခေါ်လိုက်လေသည်။

ဒေါက်တာ့အပြုအမူ ထူးဆန်းသလို အဖြူထည်၏ဘဝဇာတ်ကြောင်းကိုစေ့စေ့စပ်စပ်သိခွင့်ရလိုက်သဖြင့် ရင်ထဲ၌ရှုပ်ထွေးနောက်ကျိနေကာ ခြေကုန်လက်ပန်းလည်းကျသလိုဖြစ်၍ နီးစပ်ရာဆိုဖာ၌ဝင်ထိုင်လိုက်ရသည်။

'မိုး'

'ပြောပါ ကိုဝေယံ'





'သတိုးဟာ ဘယ်သူ့ကလေးလဲ'

မိုးမြင့်ထည် ဆွံ့အသွားရသည်။ ရုတ်တရက် ထထွက်ပြေးချင်လောက်အောင် ခံစားလိုက်ရလေသည်။

'မမေးပါနဲ့ ကျွန်မတို့မိသားစုရဲ့ကိုယ်ရေးကိုယ်တာဟာ ဒေါက်တာနဲ့မဆိုင်တော့ဘူးထင်ပါတယ် ဖြူ သတိပြန်ရလာပြီလား ပြန်ကောင်းသွားမှာပါနော် ဟုတ်တယ်မှတ်လား့ဟင်'

တဖွဖွအမေးစကားနှင့်အတူ ရင်ဝယ်ခံစားလာရသောထိခိုက်မှုဝေဒနာအစုစုကိုဖယ်ရှားပစ်နိုင်ရန် ကြိုးစားရလေသည်။ ဒေါက်တာဝေယံလွှန်က သူ့အား ကြည့်ကာ သူ့နံဘေးဆိုဖာသို့ ပြောင်းရွှေ့ထိုင်လိုက်ပြီး သူ့အားသိုင်းဖက်ကာ

'ကျွန်တော့်ပခုံးစွန်းကို မှီပြီး ခဏနားခိုကြည့်လိုက်ပါလား မိုးရယ် အဲဒီအခါ မိုးရင်ထဲကဝေဒနာတွေပြေလျော့သွားမှာပါ ဒါမှမဟုတ် ငိုချင်ရင်လည်း အားပါးတရသာငိုချလိုက်ပါလား'

မိုးမြင့်ထည် ရုပ်သေးကြိုးပြတ်သလိုမလှုပ်ရှားချင်တော့။ ဒေါက်တာဝေယံလွှန်၏သိုင်းဖက်ထားမှုက ရုန်းမထွက်နိုင်။ သူ့ပခုံးစွန်းထက်သို့ ခေါင်းမှီတင်လိုက်စဉ်၌ အနှစ်နှစ်အလလသိုမှီးချုပ်ထားခဲ့ရသမျှတို့သည် မျက်ရည်မြစ်အသွင်သို့ကူးပြောင်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မိုးရယ်'

ဒေါက်တာဝေယံဌှန်က မချင့်မရဲလေးဖျစ်ညှစ်တိုးဖက်တာ အားပေးလိုက်သည်။

'အစ်မကြီးအမိအရာဆိုသလို မိုးခံစားနေရတဲ့ဝေဒနာအားလုံးကို ကျွန်တော် နားလည်ပါတယ် မျှဝေခံစားပေးချင်ပါတယ် သောကအစိုင်အခဲတွေကို ရင်ထဲမသိမ်းထားနဲ့ အင်မတန်လေးလံပြီး နှလုံးကို ဒုက္ခပေးတတ်တယ် သိလား'

တတွတ်တွတ်နှင့် နှစ်သိမ့်မှုတွေပေးနေလိုက်တာ။ သူနှင့်မိမိ ဘာဆိုင်တာမှတ်လို့။ သူစိမ်းတွေသတ်သက်။ သို့သော် ဤလူစိမ်း၏ပခုံးစွန်းထက်၌ ခေါင်းလေးမှီတင်နားခိုနေရတာကို ကပဲ ဝေဒနာ လျော့ပါးသွားသလိုလို၊ ရှေ့လျှောက်လှမ်းရမယ့် ခြေလှမ်းအတွက် အင်အားတွေရရှိလာသလို ခံစားနေရသည်။

'ရင်ထဲက အစိုင်အခဲတွေကို ဝေသန္တရာလုပ်ပြီး ကျွန်တော့်ကိုသာ မျှဝေပေးလိုက်ပါလား ကျွန်တော်ကပဲ ပုဏ္ဏားဆိုး ပုဏ္ဏားမိုက်လုပ်ပြီး အလှူခံပေးပါ့မယ်'

'ဟွန်း ဝေသန္တရာက သူ့သွေးသားဖြစ်တဲ့ သားသမီးတွေကိုစွန့်ကြရတာ ဒီကသောကဆိုတဲ့အမှိုက်ကိုစွန့်ကျဲရမှာ အမှိုက်ကောက်နိုင်လို့လား'

'အဟင်း ဟင်း မိုးရာ ဘာလို့မကောက်နိုင်ရမှာလဲ မိုး





ရင်ထဲကသာ ဝေဒနာလျော့ပါးသွားမယ်ဆိုရင် ကျွန်တော် ဘာပဲကောက်ရကောက်ရ လူဆိုးပဲလုပ်ရလုပ်ရ လုပ်ပေးပါတယ်'

သူ့အပြောလေးနှင့်တင် မိုးမြင့်ထည် ခံစားနေရသောဝေဒနာသည် တဒင်္ဂအတွင်း လျော့ပါးသွားလေသည်။ ထိုစဉ် အိပ်ခန်းထဲဆီမှ ညည်းညူသံသဲ့သဲ့ကြောင့် မိုးမြင့်ထည်ခေါင်းဆတ်ကနဲထောင်ကာ ဒေါက်တာဝေယံဌှန်လက်ထဲမှ ရုန်းထွက်လိုက်လေသည်။

'ဝါ ဝါ ဝါ'

'သား သား'ဟူသော တမ်းတသံမသဲကွဲသော်လည်း မိုးမြင့်ထည်ကတော့ ကောင်းကောင်းသိရှိနားလည်နေသည်။

ဤဇာတ်လမ်း၌ ဇာတ်ဆရာက ဖခင်ဦးဝင့်ထည်။ ဇာတ်ဆရာစေခိုင်းသည့်အတိုင်း ကရသူ ကြိုးဆွဲဆရာက မိမိ မိုးမြင့်ထည်။

ရုပ်သေးရုပ်ကလေးများကတော့ . . ။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၃)

'မမကြီးမတရားဘူး ဝါ. . ဝါကော ပြီးတော့ သွား ဖြူ့သားလေးကောဟင်'

သည်းအူပြတ်မတတ်ငိုကြွေးနေရှာသော အဖြူ့ထည်ကို မိုးမြင့်ထည်ပွေ့ဖက်ကာချော့ရင်း သူပါ မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။

'တိတ် တိတ်ပါ ညလေးရယ် မကြီးပြောပြမယ် ဒေါက်တာ လုပ်ပါဦး ဖြူ့ရောဂါကိုပျောက်ပြီလို့ဆိုနိုင်မလား ဆက်မကုပေးတော့ဘူးလား'

မိုးမြင့်ထည် အားကိုးတကြီးနှင့် အနီး၌ရပ်ကာ အားပေးနေသော ဒေါက်တာဝေယံဌွန်ကို ရန်တွေ့သလို အားကိုးသလိုလိုနှင့်လှမ်းပြောလိုက်သည်။ ဒေါက်တာဝေယံဌွန်က မချိပြုံးနှင့်ပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



'အနာသိနေမှတော့ ဆေးရှိရမှာပေါ့ မိုးရယ်'

'ဒါဖြင့်လည်း ကုပေးလေ'

'ကုသပေးနိုင်ပါတယ် အမှန်တရားဆိုတဲ့ဆေးကို မိုးက ပဲ ပေးနိုင်မှာပါ'

'ရှင်'

ကိုယ့်ရှူးကိုယ်ပြန်ပတ်လေပြီဟု မိုးမြင့်ထည်နားလည် လိုက်သည်။

သူတို့နှစ်ဦးသာ နားလည်နိုင်သောစကားများကို ကြား မှနားမလည်သေးသူ အဖြူထည်မှာ မျက်လုံးလေး ကလည်က လည်ဖြစ်ကာ အငိုလျှော့ပါးသွားခဲ့ပြီး

'မမကြီး'

'ဖြူ ညလေး'

'မေမေကော'

'ဆုံးသွားပြီလေ မေမေဆုံးတာမြင်ပြီး ညီမက ထအပြေး မှာလဲကျပြီး စားပွဲစွန်းနဲ့ ခေါင်းတိုက်မိပြီးမေ့မျောသွားတယ်'

'မေမေ မေမေ သားလေးကိုယူသွားတယ် သားလေး ကော သားလေး'

မိုးမြင့်ထည်အတွက် ခြောက်လှန့်ခြင်းခံရသော အိပ် မက်မြင်ကွင်းကို မမြင်ချင်သော်လည်း ပြန်လည်မြင်ယောင်လာ





လေတော့သည်။

'ဆေးသမားသွေးကိုမလိုချင်ဘူး သွားပစ်မယ်'

ဟုဆိုကာ ဒေါသကြီးသော မိခင်က ကလေးကိုပိုက်ပြီး အသွား သွေးနုသားနု အဖြူထည်က ကုတင်ထက်မှ ကုန်းအထ လိုက်၍ အလဲလဲအပြိုပြိုဖြစ်ကာ စားပွဲစွန်းနှင့်ခေါင်းဆောင့်ကာ လဲကျအသွား၊ ဒေါသနှင့် သောကဏ်ထိုးနှက်မှုကို ခံနေရသော နှလုံးနှင့်သွေးကိုးဝေဒနာသည်မိခင်က လှမ်းတွေ့တော့ ရုတ်တ ရက်ခံစားလိုက်ရမှုက အထွဋ်အထိပ်သို့ရောက်သွားသည်ထင့်။ နေရာမှရပ်ကာ ပုံ့ကနဲလဲအကျ

'မေမေ'

ညီမကိုဖေးမနေရာမှ မိခင်ဆီသို့ပြေးကာ ထူ၊ ကလေး ကို အန်တီစိန်က ကောက်ယူ။

'အူဝဲ အူဝဲ အူဝဲ'

ကလေး၏ ကျွက်ကျွက်စီအောင်အော်ဟစ်ငိုကြွေးသော အသံ။

လောကင်ရဲဘုံတစ်ခုဟုပင် မိုးမြင့်ထည်မှတ်ယူလိုက်ရ သည်။

တသွင်သွင်စီးကျလာသော မျက်ရည်စီးကြောင်းများကို သုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'လာ ညီမလေး အိမ်ပြန်မယ်'

'မာမီဖေဖေ့ကိုပြောပြမယ်ဆို'

'ပြောခဲ့ရမယ် အိမ်တွင်းရေးကိစ္စဆိုတော့ အိမ်မှာပဲပြောပြပါ့မယ် ဒေါက်တာ ခွင့်ပြုပါ'

ဒေါက်တာဝေယံဇွန် မတတ်သာတော့။ လူမှုရေးစည်းကမ်းဆိုတာရှိနေသည်ပဲ။

ထို့ကြောင့်

'ကောင်းပြီလေ မိုးသဘောပါ ဒါပေမဲ့ မိုးကိုကားမောင်းခွင့်မပေးနိုင်ဘူး ကျွန်တော်ပဲ ကားနဲ့ပြန်မောင်းပို့ပေးပါ့မယ်'

'ရပါတယ် ကိုဝေယံ ကျွန်မကို စိတ်မပူပါနဲ့ အဆိုးဆုံးအချိန်တွေဖြတ်ကျော်ခဲ့ပြီးမှတော့ ကျန်အဆိုးဆိုတဲ့ကာလတွေဟာ ကျွန်မအတွက်အသေးအမွှားဖြစ်သွားပါပြီ ကျွန်မပဲမောင်းသွားပါ့မယ်'

'ကျွန်တော်ခွင့်မပြုဘူး ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမယ် မိုးကားကို ကျွန်တော် တစ်ယောက်ယောက်ကိုပို့ခိုင်းလိုက်ပါ့မယ် လာ သွားရအောင် တိုးလည်း ဆာနေရောပေါ့'

မိုးမြင့်ထည် ဘာမှမပြောသာတော့။ ဒေါက်တာဝေယံဇွန်လက်ထဲသို့သာ ကားသော့အပ်လိုက်ရလေသည်။ဒေါက်တာဝေယံဇွန်က ဦးဆောင်ထွက်ခဲ့ပြီး





'တိုးရေ လာ ပြန်ကြရအောင်'

တိုးက ဘောလုံးကစားရခြင်းကို ညည်းငွေ့သွားပုံရလေသည်။ ဒန်းလေးပေါ်၌ သူနာပြုဆရာမနှင့်အတူထိုင်ကာ ပုံပြောခိုင်းနေပုံရသည်။ မိုးမြင့်ထည်ရင်၌ နင့်ကနဲဖြစ်သွားရပြန်လေသည်။

ကံကြမ္မာ ဟူသော အလှည့်အပြောင်းသည် လူတွေ၏ ဒေါသမောဟကြောင့် ဖြစ်ပေါ်ပြောင်းလဲလာခြင်းလည်းပါလေသည်။

ထိုအထဲတွင် သားကောင်ဖြစ်သွားရရှာသော'သတိုး'ကို မြင်လေတိုင်း သူ ရင်မှာ လှိုင်းထန်နေရသည်။

'ခွင့်လွှတ်တော့ ဖေဖေ သမီးတော့ လောကကြီးကို ရိုးရင်းဖြောင့်မတ်စွာနဲ့ပဲ ရင်ဆိုင်လိုက်တော့မယ်။ ဒီအတွက် သမီးဘာခုခု ပေးဆပ်ရလိမ့်မယ်ဆိုတာ သိပါတယ် သမီး ပေးဆပ်လိုက်ပါတော့မယ်'

ဟုလည်း ရင်တွင်းမှ ဖခင်ကိုတိုင်တည်ရင်းတောင်းပန်လိုက်လေသည်။

အဖြူထည် တိုးအား စေ့စေ့ကြည့်လေသည်။

'တိုး'

'မမဖြူ နေကောင်းသွားပြီလား'



www.burmeseclassic.com

www.burmeseclassic.com



သတိုးက ပြေးလာပြီး အဖြူထည်၏ရင်ခွင်သို့ တိုးဝင်လိုက်သည်။ အဖြူထည်က သတိုးအားပွေ့ချီကာ ပါးစုံ့နှစ်ဘက်ကို ဘယ်ပြန်ညာပြန် နမ်းရှိုက်ရင်း မျက်ရည်တွေကျဆင်းလာရာ

'ဖြူကလဲကွာ ငိုနဲ့ကွာ ဖြူငိုရင် တိုးငိုချင်တယ်'

တစ်ခါဟစ်ရဲ လူကြီးတွေခေါ် သလို အဖြူထည်ကို ဖြူဟု ခေါ် တတ်သော သတိုးက ငိုမဲ့မဲ့နှင့် အဖြူထည်၏မျက်ရည်များကိုသုတ်ပေးရင်း ပြောလိုက်သည်။

မိုးမြင့်ထည် ထိုမြင်ကွင်းကို ဆက်လက်ကြည့်နိုင်သောအင်အားမရှိသဖြင့် မျက်နှာလွှဲလိုက်သည်။ ဒေါက်တာဝေယံခွန်က ကားတံခါးများကိုဖွင့်ပေးရင်း

'တိုးအသက် ဘယ်လောက်ရှိပြီလဲ'

'ခြောက်နှစ်ထဲမှာ'

'ဩော်'

ဒေါက်တာဝေယံခွန်၏မျက်နှာ၌ ထူးခြားသောအရောင်များဖြစ်ပေါ် လာလေသည်။ ပညာဘတ် အကင်းပါးသော၊ လူမှုတစ်ရာတစ်ပါးနှင့် ဆက်ဆံနေရသော၊ လူနာပေါင်းစုံ ရောဂါအထွေထွေကိုကုသနေရသော ဆရာဝန်ကြီးတစ်ဦးပီပီ ဒေါက်တာဝေယံခွန်သည် အဖြစ်မှန်တစ်ခုကို ရုတ်တရက် ရှာဖွေတွေ့ရှိတွက်ဆမိလိုက်ပြီဟု မိုးမြင့်ထည် သဘောပေါက်လိုက်မိလေ





သည်။ မိုးမြင့်ထည် ပင့်သက်ရှိုက်ကာ မိမိအား မျက်လုံးအကြည့်နှင့် မေးခွန်းထုတ်နေသော ဒေါက်တာဝေယံခွန်၏အကြည့်ကိုရှောင်လွှဲကာ

'သွားကြရအောင် ကိုဝေယံ အားလုံးလည်းပင်ပန်းနေကြပါပြီနောက်မှအေးအေးဆေးဆေးစကားပြောကြရအောင်ပါ'

နှစ်သိမ့်မှုတစ်ခုနှင့်အတူ မွန်းကြပ်နေမှုအတွင်းမှတဒင်ရှောင်ပုန်း စကားဆိုလိုက်မိလေသည်။

'မိုးသဘောပါ မိုးကြိုးဆွဲရာကရဦးမယ့် ဂရုကြီးရုပ်တွေပါပဲ'

ဟု ဒေါက်တာဝေယံခွန်က ခပ်အေးအေးပြောလိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၄)

'ဆက်လက်ဟန်ဆောင်ပေးပါလား ညီမရယ် ဖေဖေ့ရဲ့ ကျန်းမာရေးအခြေအနေအရ မေမေ့လိုရုတ်တရက်တိမ်းပါးသွားတာမျိုး အဖြစ်မခံနိုင်လို့ပါ'

မိုးမြင့်ထည်က မိမိရင်ခွင်ထဲသို့ တိုးဝင်ကာ ရှိုက်ကြီးတငင်ငင်ငိုချနေသောညီမကို နှစ်သိမ့်ရင်းပြောလိုက်ရသည်။

'မေမေ မေမေဟာ ဖြူ့ကြောင့်ဆုံးသွားရတာပေါ့နော်'

'ညလေးရယ် ဒီလိုအံစွဲအလမ်းလည်းမထားပါနဲ့ တရားသဘောအရကြည့်ရင် သေနေ့စေ့လို့သေတယ်လို့သာ မှတ်ယူလိုက်ပါ'

မိခင်ကလည်း ဒေါသကြီးသည်။

'သားသမီးဇောနှင့် အမှား အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိပြီမို့



www.burmeseclassic.com

www.burmeseclassic.com



'ဆေးသမားအရက်သမားယောင်ခြောက်ဆယ် အလုပ်မရှိအကိုင်မရှိ အနုပညာကိုခုတုံးလုပ်ပြီး အဖြူဆီမှုပါသမျှငွေတွေကိုသုံးဖြုန်းပစ်ပြီး ရစရာမရှိတော့ မယားကိုနှိပ်စက်ကာ ပစ်ထားလေသူ'

ဟု မိခင်၏စိတ်အထင်နှင့်စွပ်စွဲချက်များက မိမိကိုယ်ကို သေတွင်းထဲရောက်သွားသည်အထိ ပို့ဆောင်လိုက်ခြင်းများလားဟု မိုးမြင့်ထည် မကြာခဏ တွေးဖူးသော်လည်း မဥပါဒ်ရဲပါချေ။

မိဘ၏မေတ္တာတရားကို မစော်ကားဝံ့ပါ။ သားသမီးအပေါ် ချစ်ဇောဟုန်ကြောင့် တရားလက်လွတ်ဖြစ်ခဲ့ရသည့်တွက် အသက်ပါ ဆုံးပါးသွားရခြင်းဟုသာ မိုးမြင့်ထည်မှတ်ယူလိုက်သည်။

'ဖြူ ဘယ်လိုဆက်လက်နေသွားရမှာလဲ မကြီးရယ် ဖြူဘက်ကလည်း ခံစားပေးပါဦး မွေ့ပါလည်း ဆုံး သားလည်းဆုံး အဖြစ်မျိုးကြုံတွေ့နေရပြီ ဝါကော ဝါကော ဘာဖြစ်ကျန်ခဲ့သလဲ ဝါနဲ့တွေ့ချင်တယ် ဝါတော့ ဖြူ့ကိုအထင်လွဲတော့မှာပဲ'

မိုးမြင့်ထည် မည်ကဲ့သို့ပြောရမည်ကို မသိအောင် ဖြစ်နေသည်။ နှစ်သိမ့်မှုတွေပေးချင်သော်လည်း မိမိကိုယ်တိုင်က ညီမခင်ပွန်းကို မမြင်ဖူး၊ သိလည်း မသိချေ။





ညီမကို ကိုယ်ဝန်အရင့်အမာနဲ့တွေ့ရှိကာ ဆေးခန်းသို့ပို့ဆောင်တော့ သတိလက်လွတ်ဖြစ်နေသောညီမကို ကျန်းမာလာအောင်ပြုစုပြီးနောက် မိခင်အစီအစဉ်နှင့် ရန်ကုန်မြို့နှင့်မလှမ်းမကမ်းငွေသောင်ယံမြို့သို့ ခေါ်သွား၊ ထိုမှ အမျိုးမိသားစုဆရာဝန်နှင့်အတူ ငွေသောင်ယံမှဆရာဝန် အကူအညီပါပူးတွဲယူပြီး အဖြူထည်ရင်သွေးလေးကိုမွေးဖွားစေသည်။

ထို့နောက်တွင်တော့ . . .

'မမကြီးရယ် သားကို မြင်တွေ့နေရရက်နဲ့ ကိုယ့်သားလို့မပြောနိုင်တဲ့မိခင်တစ်ယောက်ရဲ့ခံစားချက်ကို မကြီးနားလည်ပေးနိုင်မှာမဟုတ်ပါဘူး'

မိုးမြင့်ထည်ရင်ထဲ နင့်ကနဲဖြစ်သွားလေသည်။

မိဘအတွက်လည်း ငါ့ရဲ့ ညီအစ်ကိုမောင်နှမ အတွက်လည်းကြည့်ရ စီးပွားလည်းရှာရနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ပျော်ရွှင်ခံစားချက်ဟူသမျှတို့ကို ဥပေက္ခာပြုကာနေထိုင်ခဲ့သူ မိမိတို့ပြောရက်လေခြင်းဟုတွေးမိလိုက်သော်လည်း ခွင့်လွှတ်လိုက်ပါသည်။

အဖြူထည်ခံစားနေရပုံမျိုးက မပင်္ဂလာစာရိုက်နှိုးပေးကိုး။

'ဖေဖေ့ကို နားဝင်အောင် မမကြီး ပြောင့်ဖျပေးပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်ချင်တာဖြစ်စေရမှာပါ'

'ဖြူ့ဘာမှမရချင်နေပါစေ ဖြူ့သားလေးကို ဘဝမှန်နဲ့ ပဲကြီးပြင်းစေချင်တယ်'

'ဖြစ်ရမှာပေါ့ ညီမရယ် ဖေဖေ့အနေအထားကို စောင့်ကြည့်ပြီးမှပြောမယ်နော် ကဲ အိပ်အိပ် ပင်ပန်းလှပြီ'

'မမကြီး ဖြူ့ကို ဝါသူငယ်ချင်းကိုသော်နဲ့ဆက်သွယ်ခွင့်ပေးပါ'

'ဖုန်းနံပါတ်မှတ်မိလို့လား'

'မှတ်မိပါတယ် ဝါနဲ့ပတ်သက်လာရင် အတိတ်မေ့နေစဉ်ကာလကလွဲလို့ အားလုံးမှတ်မိပြီးသားပဲ'

ရှက်သွေးစိုကာ ချစ်စိတ်တို့နိုးကြားလာမှုကြောင့်ထင့် နီစပ်စပ်နှင့် ပြုံးတုံ့ပြုံးလှယ် ဖြူ့မျက်နှာလေးက လှသွေးကြွယ်လျှင် ရှိသည်။ အချစ်သည် ရုပ်ခန္ဓာအလှတရားကိုပါ ဖန်တီးနိုင်စွမ်းရှိလိမ့်မည်ဟု သူ မသိခဲ့ပါလား။

'ကိုင်း သွားအိပ်တော့နော် ညလေး တိုးကိုဘာမှမပြောနဲ့ဦး ကလေးဦးနှောက်လေးက နုနယ်လွန်းတယ် အပြောင်းအလဲတစ်ခုခုရဲ့ဒဏ်ကိုခံစားရရင်'

'မမကြီးလည်း ဖြူ့တို့ကြောင့် အပျိုကြီးဖြစ်နေရတယ်ထင်တယ် ခုချိန်ကစပြီး စိတ်အေးလက်အေးသာ နေပါတော့





ဖြူရောဂါပျောက်ပြီပဲ ဖြူသားနဲ့ဖြူ့ကံကြမ္မာကို ဖြူ့ဘာသာ ဖန်တီးနိုင်ပါပြီ'

'ဖြူ ဆန္ဒရှိတာတွေကို ဖေဖေ့ကိုဆန့်ကျင်ပြီး ချက်ချင်းအကောင်အထည်မဖော်ပါနဲ့ ငါလည်း ခွင့်မပြုနိုင်ဘူး'

'စိတ်ချပါ ဖြူ့ဘဝအခက်အခဲတွေ့အကြုံအရ ဖြူရင်ဆိုင်နိုင်ပါပြီ'

အဖြူထည်သည် မိမိအခန်းထဲမှထွက်သွားလေသည်။ မိုးမြင့်ထည်တစ်ယောက်တည်း ကျန်ရစ်သောအခါ၌ ညဦးနက်သန်းခေါင်၏တိတ်ဆိတ်မှုက ပို၍ပီပြင်လာလေသည်။ ပင့်သက်ရှိုက်လိုက်မိသည်။

၁၈နှစ်ကျော်၁၉နှစ်အရွယ်ကတည်းက ယောကျ်ားကဝင်ငွေမရှာနိုင်သော်လည်း တတ်သမျှပညာလေးနှင့် စားဝတ်နေရေးကိုပြေလည်အောင်ဖန်တီးနိုင်ရှာသောဖြူ့ကို အထင်မသေးမိ။

အင်းလေ. . ဖခင်နားဝင်အောင်ပြောပြရမည်။ ခင်ပွန်းဟောင်းရဲ့အနေအထားကို စုံစမ်းပြီး ပြန်လည်ပေါင်းစည်းပေးသင့်က ပေးလိုက်တော့မည်။ 'ဝါဆိုဦး'ဟူသောအဆိုတော်တစ်ဦးကိုတော့ သူ မမြင်တွေ့ခဲ့ပါချေ။ မကြားသိခဲ့ရချေ။ လှေငှော်ရင်း တက်ကျိုးသွားခဲ့ရသောအနုပညာရှင်တွေ ဘယ်လောက်များ ရှိနေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ၏လက်ကိုင်ဖုန်းလေး မြည်လာသည်။ ဒိုင်ခွက်ကိုကြည့်မနေဘဲ နားထောင်လိုက်သည်။

'ဟယ်လို'

'အိပ်မရသေးဘူးမှတ်လား မိုး'

'ရှင်ကကော'

'ကျွန်တော်လား တစ်ကိုယ်ရေတစ်ကာယဆိုတော့ ဒီလိုပဲ အိပ်မရတဲ့ညတွေဖြတ်သန်းခဲ့ရတာများနေပြီ'

'ရှင့်အသံတစ်မျိုးဖြစ်နေတယ် ရှင်သောက်ထားသလား ညနေစာလည်း ဘာလို့လာမစားတာလဲ'

'ရသာမွန်မှာ သွားစားသောက်လိုက်တယ် မလာတာက အားနာလို့ မိုးကိုအားနာတယ်'

'ရပါတယ် ဒေါက်တာ ကျွန်မ နားလည်မှုရှိပါတယ်'

'မိုးကို ကျွန်တော်တွေ့ချင်တယ်ဗျာ'

မိုးမြင့်ထည်ငြိမ်သက်နေလိုက်သည်။

'မိုး'

'နားထောင်နေပါတယ်'

'မိုးကို ကျွန်တော်လက်ထပ်ချင်တယ်'

'ဟင်'

မိုးမြင့်ထည်တုန်လှုပ်သွားရသည်။





ရိပ်မိသလိုလိုရှိသော်လည်း ဤမျှမြန်မြန်ဆန်ဆန်ကြားရလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့်လည်းဖြစ်သည်။

'မိုး ကျွန်တော်မိုးကိုချစ်တယ်ဗျာ အရမ်းချစ်တယ် ဘဝတစ်ခုလုံးပုံအပ်ပေးချင်လောက်အောင်ကိုချစ်သွားတာ'

'တော်ပါတော့ ဒေါက်တာ မူးနေရင်လည်း အေးအေးဆေးဆေးသာ အိပ်လိုက်ပါတော့ မူးနေတုန်းပြောတဲ့စကားကို ကျွန်မ အသိအမှတ်မပြုနိုင်ပါဘူး'

'ဖုန်းမပိတ်လိုက်ပါနဲ့ဦးလား မိုးရယ် မိုးနဲ့ ကျွန်တော်ဟာဘဝတူပါ အထီးကျန်ဝေဒနာညတွေကို ဖြတ်ကျော်ခဲ့ရပေါင်းများပါပြီ ခု မိုးအသံလေးကြားနေရတာကိုပဲ ကျွန်တော့်ရင်ထဲမှာ ပြီးပြည့်စုံလာသလိုခံစားလိုက်ရတယ် ဒါကြောင့်ပါဗျာ ဖုန်းမချလိုက်ပါနဲ့ဦးနော် ပြောစရာတွေကျန်သေးတယ်'

'ပြောပါ'

အဖြူထည်ကို အိမ်ထောင်သည်ဟုသိလိုက်ရပြီ ဖြစ်သဖြင့် မြားဦးက သူ့ထံသို့ လှည့်လာခြင်းလား။ အဖြူထည်နှင့်ပတ်သက်ပြီး ရည်ရွယ်ချက်ထားသောနီ သိလျှင်တော့ သူ့ကိုအပြစ်တင်မှာလား။ မည်သို့ဆိုကြပါစေ။ အဖြူထည်၏ အတိတ်ရောဂါပျောက်ကင်းသွားခြင်းအတွက် သူကျေနပ်သည်။ ဝမ်းမြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မိုး မိုး'

ညည်းတွားသလို ခေါ်လိုက်သော ဒေါက်တာဝေယံ့ရှန် အသံကြောင့်

'ဘာလဲ ပြောလေ အိပ်ချင်ပြီ'

မူနွံ့သလိုမျိုး ဖြစ်သွားပြီလားဟု တွေးလိုက်မိသော်လည်း စကားကျွံတော့နှုတ်မရပြီ။

'မိုး အချစ်စစ်ဆိုတာ ဘယ်တော့မှမဖြောင့်ဖြူးဘူးဆိုတာ ကျွန်တော်သဘောပေါက်သွားပါပြီ'

'ရှင်'

'ဟုတ်တယ် ဖြူနဲ့ဝါတို့ရဲ့ဇာတ်လမ်းက ကျွန်တော့်ရင်ကို တကယ်ထိရှစေတယ်ဗျာ ကျွန်တော်တစ်ခုပဲသိချင်နေတယ်'

'ဘာသိချင်တာလဲ ကိုဝေယံ'

'သိပ်များစပ်စုရာကျနေမလားလို့ပါ ဒါပေမဲ့ သိသင့်သိထိုက်တယ်ထင်တဲ့အတွက် မေးရမှာပါ'

ဒီလောက်အထိ စကားပလ္လင်ခံနေလျှင် အဖြူထည်နှင့် ပတ်သက်နေလေမလားဟု တွေးမိလိုက်သော်လည်း ခုရှုပ်မှ နောင်ရှင်း မေးလိုက်စမ်း၊ ဖြေသင့်လျှင် ဖြေလိုက်မည်။ မဖြေသင့်လျှင်တော့ ရေငုံနှုတ်ပိတ်နေလိုက်တော့မည်ဟုဆုံးဖြတ်ကာ

'မေးစရာရှိတာသာ ရဲရဲတင်းတင်းမေးလိုက်ပါ ကိုဝေယံ'





'ခြေဘ် တိုးကိစ္စပါ'

'ရှင်'

'သတိုးဟာ ဖြူနဲ့ဝါရဲ့သားများဖြစ်နေမလားလို့ပါ'

'ဟို ဟို'

မိုးမြင့်ထည်ထစ်ငေါ့သွားသည်။ ခက်နေပြီ။ ဒေါက်တာဝေယံ့ရှန်နှင့်သူသည် ဘယ်လိုရေစက်မှန်းမသိ။ စိတ်ချင်းဆက်သွယ်နေသလိုပင်။ ဒေါက်တာမေးမှာကိုကြိုသိနေသဖြင့် ရှောင်ထွက်ခဲ့သောမေးခွန်းကိုမှ ဒေါက်တာက နေ့မကူးခင်မေးလေပြီ။ ကြိုတင်ပြင်ဆင်ထားဖို့အချိန်မရလိုက်။

'မိုးကျွန်တော် အခုဘယ်ရောက်နေတယ်ထင်သလဲ'

မေးခွန်းကိုဆက်မမေးဘဲ နောက်ထပ်မေးခွန်းတစ်ခုလွှဲပြောင်းထုတ်လိုက်လေသည်။

'ရှင်'

'မိုးအိပ်ခန်းကနေ ခြံဝကိုလှမ်းကြည့်လိုက်ပါလားဗျာ'

မိုးမြင့်ထည် ပြူတင်းပေါက်မှခန်းစည်းကိုလှပ်ကာ ကြည့်လိုက်လေသည်။

'ဟင် ရှင်'

ညအချိန်တောင်ပေါ်ဒေသအအေးဓာတ်ကို ဥပေက္ခာပြုလျက် ကားကိုမှီရပ်ကာ သူ့ထံသို့ဖုန်းဆက်နေသော ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာဝေယံဖွန်ကို ဂမ္ဘီရွှေးထိုးနိုင်နေသောလူပျို့ပေါက်လေးအလား တွေ့လိုက်ရလေသည်။

'မိုးရော ကျွန်တော်ဆောက်တည်ရာမရခံစားနေရလို့ပါဗျာ မိုးအိမ်ထဲ ခဏကလေးနားခိုပြီး ကော်ဖီတစ်ခွက်လောက်သောက်ပါရစေလားဗျာ'

သူ့အသံလေးက တိုးတိုးရှုရှုလေးနှင့် လူနာအမဲခြောက် တောင်းသည့်ပမာပင်။

စကားတွေက တောင်စဉ်မရ။

မေးခွန်းတွေကိုလည်း ဆက်မမေး။

မိုးမြင့်ထည် အကြံအိုက်နေပြီ။

'ကိုဝေယံ'

'ပြောလေ'

'ကျွန်မတောင်းပန်ပါတယ် အိမ်မှာဖေဖေမရှိဘူး အားလုံးလည်းအိပ်ကုန်ကြပြီပြန်ပါတော့ရှင်'

'မိုးရယ် ကျွန်တော့်အပေါ် ဒီလောက်အထိ ရက်စက်နိုင်သလားဗျာ'

'ဒုက္ခပါပဲ ကိုဝေယံသိချင်တာကို ကျွန်မဖြေပေးပါ့မယ် အိမ်ပြန်တော့နော်. အပြင်မှာလည်းသိပ်အေးတယ်'

မူးနေပုံရသောသူ့ကို ညကြီးသန်းခေါင် တွေ့ရသော





သတ္တိ သူ့မှာ မရှိပြီမို့ ဒေါက်တာဝေယံဖွန်ကိုသာ ချော့မော့၍ ပြောလိုက်သည်။

'မိုးရက်စက်ရင်လည်း ဒီမှာပဲ ကျွန်တော်အိပ်လိုက်တော့မယ်'

'အို ရှင် ကျွန်မကိုစိတ်ရှုပ်အောင်မလုပ်နဲ့နော်'

'ဒါဖြင့် ကျွန်တော့်ရဲ့ဆန္ဒလေးကို ဖြည့်ပေးလေဗျာ'

'မဖြည့်ဘူး ရှင့်ဘာသာသေသေရှင်ရှင် ကျွန်မနဲ့ဘာမှ မဆိုင်ဘူး ဒါပဲ'

မိုးမြင့်ထည်ခပ်ပြတ်ပြတ်ပြောကာ တယ်လီဖုန်းစက်ကို ပိတ်လိုက်သည်။

တစ်ဆက်တည်း ပြူတင်းပေါက်မှ လိုက်ကာကိုလည်း အပြည့်ချလိုက်လေသည်။

မှတ်ထား။

နှလုံးသားအလို့ကိုလိုက်မည့်မိန်းမထဲ မိုးမြင့်ထည်မပါဘူးဆိုတာ သိထားလိုက်ပေတော့ ဒေါက်တာကြီးရေ။ တစ်ဆက်တည်း မိုးမြင့်ထည်မီးခလုတ်ကိုပါ ပိတ်လိုက်ပြီး ညအိပ်မီးလေးကိုပြောင်းဖွင့်လိုက်သည်။

အိပ်ယာထဲသို့ရောက်သွားသည့်တိုင်အောင် တဒုန်းဒုန်း တလွှန်လွှန်နှင့်အိပ်မပျော်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝသို့ချောင်းကြည့်ချင်သောစိတ်ကို မနည်းချိုးနှိမ်ထားလိုက်ရသည်။

အဆိုးဆုံးသောမိသားစုဒုက္ခမီးပင်လယ်ကိုဖြတ်ကျော်ပြီးမှတော့ နှလုံးသားနှင့်ယှဉ်လာသောလှုပ်ခတ်မှုလေးလောက်တော့ အပရိကပါလေဟု။

သို့သော် နံနက် လင်းကြက်တွန်တော့မှ မျက်ခွံတံခါးလေးများက လေးလံကာ ပိတ်သွားလေတော့သည်။

*





အခန်း(၂၅)

'ဇာဒိပ္ပံရုလ်သီးပိုးထိုးတယ်ဆိုတာ ဒါမျိုးပေါ့ မိုးရေ'

'ရှင် ဘာဖြစ်လို့လဲ အန်တီစိန်'

အိပ်ယာဝင်နောက်ကျတော့ အိပ်ယာထလည်း နောက်ကျခဲ့လေသည်။ တစ်ခါတည်း ရေမိုးချိုးအဝတ်အစားလဲပြီးထွက်လာချိန်တွင် ဘုရားဆွမ်းတော်ဘန်းစွန့်ယူကာ ဘုရားခန်းမှထွက်လာသောအန်တီစိန်နှင့်တိုးလေရာ အန်တီစိန်က ဆီမန်းမန်းသလိုရေရွတ်ပြီးပြောလိုက်လေသည်။

မိုးမြင့်ထည် နားမလည်သဖြင့် မေးခွန်းပြန်ထုတ်လိုက်ရသည်။ အန်တီစိန်က

'ဒေါက်တာလေ'

မိုးမြင့်ထည်ရင်ထဲထိတ်သွားသည်။ ညက သူ့ခြေသံ ခြေသံများကြားခဲ့ပြီး သူ၏ဥယျာဉ်စိမ်းက ပြင်းများပြင်းထန်သွားသလား။



www.burmeseclassic.com

www.burmeseclassic.com



'ဘာ ဘာဖြစ်လို့လဲ အန်တီစိန်'

'မိုးလင်းတော့ အန်တီစိန် သောက်တော်ရေစွန့်တော့ ခြံရှေ့မှာ သူ့ကားလှမ်းတွေ့လိုက်ရတယ်'

ဘုရားရေ အဲဒီအချိန်ထိတောင် ဖွဲ့ကောင်းရသလားဟု ရင်ထဲ၌အပြစ်တင်မိလေသည်။

'အဲဒါနဲ့ ဘာများဖြစ်သလဲလို့သွားကြည့်တော့ ညည်း ရင်း အိပ်ပျော်နေတယ် ကိုယ်ခြစ်ခြစ်တောက်ပူပြီးတုန်နေတာပဲ'

'ဟာ ခုကော'

စိုးရိမ်ပူပန်မှုနှင့်အတူ မိမိပယောဂမကောင်းသလို ခံစားလိုက်ရတော့ စိတ်မကောင်းချင်။

ဒင်းကိုကလည်း တဇွတ်ထိုးနိုင်တာပါ။ သူ့ကိုယ်သူများ လူပျိုပေါက်ကလေးကျနေတာ။ တကယ့် လူဆိုး။

'အဖျားကလည်း နိုးလာတော့ ဖျားပဲ နိုးပြီး ဒေါက်တာကို အိမ်သွားပြန်ပို့လိုက်တယ်'

'ဟင် တစ်ယောက်တည်းလား'

'သင်းသင်းပါသွားတယ်'

ထိုအခါမှပင့်သက်ရှိုက်လိုက်မိလေသည်။

'ကြာပြီလား'

'ပြန်တောင်လာပြီ တိုးကိုကျောင်းသွားပို့တယ်'





'အတော်ပဲ အန်တီစိန် ကျွန်မမှာ ပြောစရာစကားတော့ ရှိနေတယ်'

'မနက်စာ စားရင်း ပြောရလ ကိုးနာရီတောင် ထိုးတော့ မှာပဲ'

'မိညိုတို့ကြားသွားလိမ့်မယ်'

'ဈေးလွှတ်ထားတယ်'

'ဪ ဒါဖြင့်လည်း စားမယ်လေ'

မိုးမြင့်ထည်၏ ဒေါင်းတိမောင်းပါးနှင့် မာကြောကြော သဏ္ဌာန်များသည် ပြေလျှော့သွားစပြုလေသည်။ အားမာန်တင်းကာ ငါမရှိလျှင် ငါ့မိသားစုတစ်ခုလုံးအတွက် မဖြစ်ဘူး ဟူသော ခံယူချက်သည် တဖြည်းဖြည်းနှင့်ရွေ့လျှောလာလေသည်။

ထမင်းစားခန်း၌ ပြင်ထားပေးသောမြီးရှည်ကိုစားရင်း

'ဖြူ အတိတ်ကို သတိပြန်ရသွားပြီ'

'ဟင် ဘယ်လို ဘယ်လို'

မနေ့ကအဖြစ်အပျက်များကိုပြောပြလိုက်သည်။

'ဪ ဒါကြောင့် ဒီမနက် တိုးအပေါ် ဆက်ဆံပုံက ထူးခြားနေတာကိုး'

'ဘယ်လိုထူးခြားတာလဲ'

'သား သားနဲ့ပါးစပ်ကကို မချဘူး'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထည်ယင့်သက်မောကိုရှိုက်သွင်းလိုက်မိလေ၏။

'ဖေဖေ့အတွက်ပဲ စိုးရိမ်တာပါ'

'အဖြူကတော့ သူ့ရှကောင်လေးအတွက်. .'

'တမ်းတတာပေါ့ ပြန်ဆက်သွယ်မယ်ပြောတာပဲ'

'အင်း ဒုက္ခ ဒုက္ခ အသက်တစ်ရာ မနေရ အမှုတစ်ရာ တွေ့ရတယ် လူဆိုတာ သူ့ကံကြမ္မာလမ်းကြောင်းနဲ့သူ ပါလာပြီးသားပဲလေ'

'ကျွန်မတော့ ဘာမှပြောနိုင်တဲ့အင်အားကို မရှိတော့ပါဘူး။ စိုးရိမ်တာ ဖေဖေ့အတွက်ပဲ။ ဖေဖေဟာ မေမေ့လို ကောက်ကန်ဖြစ်သွားမှာစိုးရိမ်လို့ ဘယ်လိုဖွင့်ပြောရမလဲဆိုတာ စဉ်းစားနေတာ'

'ပြောတော့ ပြောရမှာပဲ ဆရာလည်း တရားရှိလာပါပြီ အရင်ကလိုမှမဟုတ်တော့တာ သူစိမ်းယောက်ျားတစ်ဦးကိုလက်ခံလာတယ် ဆိုကတည်းက စိတ်ပြောင်းလဲလာလို့ပဲ မျှော်လင့်ချက်တွေရှိပါတယ် လောကကြီးက ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးသင့်ပါတယ် သူ့မိဘနဲ့သူ့ ဘားသမီးပဲ ကောင်းပါတယ်'

အန်တီစိန်က နားလည်မှုအပြည့်ရှိသဖြင့် မိုးမြင့်ထည်လည်း အစစအရာရာ တိုင်ပင်ဖော်တိုင်ပင်ဖက်အနေနှင့် အားကိုးအားထားပြုရလေသည်။

'ဩော် ဒေါက်တာ့အခြေအနေကကော'

'ဖြူပြောတာက ဆေးရုံက တာဝန်ကျဆရာဝန်ဆီကိုပါ တစ်ပါတည်း ဝင်ပြောခဲ့လိုက်တယ် အဲဒီဆရာဝန်နဲ့ ဆရာမရောက်လာတာနဲ့သူပြန်လာခဲ့တယ်'

'ဒီလိုဆို စွပ်ပြုတ်လေးဖြစ်ဖြစ် ဆန်ပြုတ်လေးဖြစ်ဖြစ် လုပ်ပေးလိုက်ပါ အန်တီစိန်'

'ပြောတာတောင် နောက်ကျနေပြီ၊ ကျုပ်က လုပ်ပေးထားပြီးသား မမိုးသွားရင် တစ်ပါတည်းယူသွားလိုက်ပါလား'

မိုးမြင့်ထည် ကော်ဖီသောက်ရင်းပင် သီးချင်သလိုဖြစ်သွားလေသည်။

ကျွှားရဲတွင်းဆင်းခိုင်းပြန်ပြီလား အန်တီစိန်ရယ်၊ လက်ရဲဇက်ရဲနှင့် ဒင်း ဘယ်လောက်ကဲနေသလဲဆိုတာသိရင် ဟွန်း . အပျိုကြီးအန်တီစိန် ဖျားသွားလောက်သည်။

'ယူသွားမယ်မှတ်လား သတင်းလည်း သွားမေးလိုက်မှကောင်းမှာ'

'ဟုတ်ကဲ့ ဒါဖြင့်ထည့်လိုက်လေ အန်တီစိန်'

'ဩော် . . ဒေါက်တာ့ကို သူ့ကားနဲ့ ပြန်လိုက်ပို့ပေးပြီး အပြန် ဒေါက်တာ့ဆိုင်ကယ်နဲ့ မောင်းပြန်လာတယ်'







www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆို ကျွန်မ ဒေါက်တာ့ဆိုင်ကယ်နဲ့ပဲ သွားလိုက်မယ် ဖြူပြန်လာရင် ဒေါက်တာ့အိမ်လိုက်ခဲ့ပြီး ကျွန်မကို ပွဲရုံလိုက်ပို့ပေးဖို့ပြောလိုက်တော့ အန်တီစိန် ဒါမှပဲ နှစ်အိမ်တစ်အိမ် ကားနဲ့ဆိုင်ကယ်တွေ လူးလာခေါက်ဖာနဲ့နေတဲ့ကိစ္စ ပြတ်သွားတော့မှာ'

ပြောပြောဆိုဆို မိုးမြင့်ထည် ပွဲရုံသို့ယူသွားရမည့်စာရင်းဇယားနှင့်ပစ္စည်းများကိုစစ်ဆေးကာ အိတ်ထဲ ထည့်လိုက်သည်။ အန်တီစိန်က အပူခံတစ်လုံးချိုင့်လေးနှင့် စွပ်ပြုတ်ကိုထည့်ပြီးယူလာပေးသည်။

'ဖြူပြန်လာရင်ဆက်ဆက်လွှတ်လိုက်နော် အန်တီစိန်'

'အေးပါ'

အဖြူထည်အား စောင့်မနေတော့ဘဲ သူ ထွက်ခဲ့လေသည်။ ပြောစရာစကားတွေရှိပါတယ် မေးစရာမေးခွန်းတွေရှိနေပါတယ်ဆိုသော ဒေါက်တာဝေယံဇွန်၏စကားကိုလည်း မကြားလိုပြီ။ မေးလာမည့်မေးခွန်းများကိုလည်း ဖြေဝံ့လိမ့်မည်မဟုတ်။ တစ်ခါတစ်ရံ ကံကြမ္မာ၏ဒဏ်ခတ်မှု အလှည့်အပြောင်းများကို ရင်ဆိုင်ရန် မိုးမြင့်ထည်တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေမှုတို့သည် ဒေါက်တာဝေယံဇွန်၏အိမ်ဝသို့ ဝင်သည်နှင့် ဖျောက်ဖျက်ပစ်လိုက်လေသည်။





လောကဓံကိုကြံ့ကြံ့ခိုင်ကာရင်ဆိုင်ခဲ့ရသော အပျိုကြီးမိုးမြင့်ထည် ခုမှဆယ်ကျော်သက်အရွယ်ပမာ ရှက်ကိုးရှက်ကန်းမဝံ့မရဲလေးနှင့် စိတ်ကစားနေ၍မဖြစ်။ အချစ် ဆိုတာကြီးကအချိန်တန်လာလျှင် သံကွန်ချာခုနစ်ထပ်ထဲမှာပဲ ပုန်းအောင်းနေပါစေ တွေ့ဆုံရမည်သာဖြစ်သည်။ သူ့ကို ကြိုတင်ကြောက်လန့်နေ၍မရ။

တိတ်ဆိတ်နေသောဒေါက်တာဝေယံဇွန်အိမ်ထဲသို့ ဝင်ရင်း လုပ်ချောင်းသံပေးလိုက်လေသည်။

'အဟမ်း ဟမ်း'

ထွက်လာမည့်သူ တစ်ယောက်မှမရှိပါလား။

မိုးမြင့်ထည် ရင်တထိတ်ထိတ်နှင့်ပင် အိမ်ထဲသို့ တစ်လှမ်းချင်း ဝင်ခဲ့လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၆)

'အဟမ်း ဟမ်း'

ချောင်းဟန့်သံကို သူကြားလိုက်ရသည်။ ထကြည့်စရာ မလိုဘဲနှင့် သူ့အာရုံထဲက အလိုလိုသိနေလေသည်။

မိုးပဲ ဖြစ်လိမ့်မည်။

ဒါကလည်း တမ်းတမ်းတတ လာစောင့်လွှန်းသူကို ခွဲလမ်းသည့်အစွဲအလမ်း၏စေစားရာပဲဖြစ်လေသည်။

ဒေါက်တာဝေယံင့္နက -အိပ်ချင်ဟန်ဆောင်နေလိုက်သည်။ မနေ့ကအဖြစ်အပျက်တို့သည် ဘယ်လောက်ပင် စိတ်ဓာတ်ကြံ့ခိုင်မာပါသည်ဟု ကိုယ့်ကိုယ်ကိုယ်ခံယူထားသူ ဖြစ်လင့်ကစား နှလုံးသားကိုထိမှန်မှုက နက်ရှိုင်းလွန်းသဖြင့် လှုပ်ယိမ်းယိုင်သွားရသည်။ ဆောက်တည်ရာမဲ့ခံစားခဲ့ရသည်။

ထိုအခါ နားခိုစရာရင်ခွင်တစ်ခုကို တမ်းတမ်းတတသို့



www.burmeseclassic.com

www.burmeseclassic.com



လားမိသဖြင့် ဖြေရာရှာ အရက် အလွန်အကျွံသောက်မိသည်။ မရှေး

နောက်ဆုံး လိုလားတမ်းတနေသည့်ရင်ခွင်ရှိရာသို့သွားကာ နားခိုခွင့်တောင်းဆိုကြည့်သည်။ မရ။

အဆုံးတော့ မင်းကုသထုံးနှလုံးမူကာ ဂွဲကောင်းကောင်းနှင့်မာနမင်းသမီးခြံရှေ့၌စောင့်ဆိုင်းရင်း အိပ်ပျော်သွားခဲ့သည်။ ယခုတော့ မာနမင်းသမီး လှမ်းကြွချီလာလေပြီ။

ဘာတတ်နိုင်သေးသလဲ။

မိန်းမသားများ၏ နှလုံးအိမ်ထဲ၌ ယောက်ျားများထက် ပိုသော အကြင်နာသနားလေးတစ်ခုပါလာသည်ဟု သူယုံကြည်ပြီးသားဖြစ်သည်။

'ဒေါက်တာ ဒေါက်တာ ကိုဝေယံ'

ကိုဝေယံ ခေါ်လိုက် ဒေါက်တာ ခေါ်လိုက်နှင့် သူ့အား အလေးမထား၊ ခေါ်ချင်သလိုခေါ်နေသောမိုးကို သူ ပညာပေးချင်သည်။

'ဒေါက်တာ အိပ်နေသလား'

အိပ်ခန်းဝမှအသံဖြစ်သည်။

သူ ဉာဏ်များရတော့မည်။ အိပ်နေသည်ဆိုလျှင် ပြန်လှည့်သွားနိုင်သည်။





မိန်းမသားတို့၏အကြင်နာသနားကို ထပ်ဆင့်တူးဖော်လိုက်မှဖြစ်မည်။

'အင်း ဟင်း ဟင်း'

ညည်းညူသံသဲ့သဲ့ပြုလိုက်သည်။ စိတ်ထဲ ကြိတ်ရယ်ချင်သွားသည်။ လူနာတွေသည် သူ့အတွက် ပြယုဂ်ကောင်းဖြစ်၏။ လူနာဟန်နှင့်ညည်းညူပြုလိုက်တော့ မိုး၏သံမဏိရည်စိမ်နှလုံးသားထဲမှ အကြင်နာညှောင့်ကလေး ခေါင်းပြူထလာသည်ထင့်။ မိုး၏ခြေသံသဲ့သဲ့က သူ့အပါးသို့နီးကပ်လာလေပြီ။

'အဟင်း ဟင်း ဟင်း မိုး မိုးရယ် ရတ်စက်လိုက်တာ'

မူယာမာယာတွေပိုပြုလိုက်သည်။

'ကိုဝေယံ'

အပျိုကညာနံ့လား ဘာလား မသိ။ ရေမွှေးနံ့လည်းမဟုတ်သော သင်းရနံ့တစ်မျိုးကိုရှူရှိုက်လိုက်မိလေသည်။

နောက်. . သူ့နဖူးပေါ်သို့ နုထွေးညံ့သက်သော လက်ချောင်းကလေးများ၏အထိအတွေ့ကို ကြည်နူးစွာခံယူလိုက်ရသည့် တဒင်္ဂ။

'ဟိတ် ဘယ်ပြေးမလဲ'

မိုးကို လွတ်ထွက်သွားမှာစိုးကြောက်သည့်အသား တွေးပိုက်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အို အို ရှင်ဘယ်လိုလုပ်တာလဲ လွှတ်လွှတ် ကျွန်မကို ဘယ်လိုအစားအောက်မေ့လို့လဲ လွှတ်နော်'

မိုးက အတင်းရုန်းကန်တော့

'ချစ်လို့ပါမိုးရယ် ကျွန်တော့်ရင်ထဲမှာ မွန်းကြပ်နေလွန်းလို့ပါ'

'မဆိုင်ဘူး လွှတ်လွှတ်'

မိုးက အတင်းကန်ကြောက်ရုန်းထွက်လိုက်သည်။ ချစ်ရသူ အရှက်သိပ်သည်းမှုကို ငဲ့ညှာကာ တွန့်တွန့်ထိုးထိုးကြားက အနမ်းတစ်ပွင့်ခြွေပြီးနောက် လွှတ်ပေးလိုက်မိသည်။

သားရဲတွင်းမှလွတ်ထွက်သွားသောကျားသစ်ပျို့က အေးအေးသက်သာထွက်မသွားဘဲ ကျားနာခဲခဲကာ

'စေတနာကို စော်ကားဦး'

ဖြန်းကနဲမြည်သံနှင့်အတူ သူ့မျက်နှာ လည်ထွက်သွားရသည်။

'ဟာ'

တစ်သက်နှင့်တစ်ကိုယ် မိဘကပင် မရိုက်ဖူးသော ပါးပြင်ကို ချစ်မိနေသူက ဒုတိယအကြိမ်အဖြစ်ရိုက်ချလိုက်ပြန်တော့ ကံရုဏာဒေါသချစ်ဇောအဟုန်က ကြွလာတော့ ကုတင်ပေါ်မှ ဝုန်းကနဲဆင်းကာ အိပ်ခန်းထဲမှပြေးထွက်လုလုဖြစ်နေသောမိုးကို





မညှာမတာရစ်ပတ်သိုင်းဖက်ချုပ်နှောင်ပြီး မွှတ်သိပ်သောအနမ်းမုန်တိုင်းများတိုက်ခတ်ပစ်လိုက်သည်။ ရုန်းရင်းကန်ရင်းမှအတွေ့ထူးသော အနမ်းရှူးများကြောင့် တဒင်္ဂငြိမ်သက်သွားသော ချစ်သူကို နောက်ဆုံး အကြင်နာအနမ်းရှည်ပေးအပြီး၌ လွှတ်ပေးလိုက်လေသည်။

'ရှင် ရှင်'

တွက်တွတ်နီသော မျက်နှာနှင့် မျက်ရည်သီသီဝေ့နေသော မျက်လုံးစိမ်းနှင့်သူ့အား ကြည့်ကာ စူတူတူနှုတ်ခမ်းလေးက ဆတ်ဆတ်တုန်ခါပြီး ရန်တွေ့မယောင်ယောင် အသံလေးက မပီပိုးတဝါး ထွက်ပြီးနောက် ဆက်လက်အသံမထွက်တော့ဘဲ ပြေးထွက်သွားလေသည်။ သူလည်း ရင်ခုန်လှိုက်မောနေသော စိတ်ရိုင်းကို ချွန်းအုပ်ပြီး နောက်မှလိုက်ထွက်ခဲ့သည်။

ပေါ်တီကိုအောက်ရပ်ကာ ဘယ်ကဲ့သို့သွားရမည်မှန်းမသိသော မြတ်နိုးရသူလေးကိုကြည့်ကာ အကြင်နာပွားလိုက်မိသည်။

'မိုးရယ် တောင်းပန်ပါတယ် ကို့အပြုအမူတွေ သိပ်ရိုင်းသွားတယ် ချစ်လွန်းလို့မှားမိတဲ့အမှားကိုခွင့်လွှတ်ပေးပါ။ လာခဲ့ထိုင်ပါ ကို ခုချိန်ကစပြီး မိုးကို လက်ဖျားနဲ့တောင်မတို့တော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



မိုးက လှည့်မကြည့်သေး။ အပျိုစင်တစ်ယောက်အနေနှင့် အတွေ့ကြုံထူးသည့် အနမ်းမုန်တိုင်းဖြစ်ရပ်အတွက်တော့ ရှက်အားကြောက်အားပိုကာ ရင်ခုန်သံရိုင်းကို ငြိမ်းသတ်နေပုံရလေသည်။

'မိုး'

နောက်ပါးမှ ကပ်ကာ ထပ်ဆင့်ခေါ်လိုက်တော့ ကျောပြင်လေး ဆတ်ကနဲတွန့်သွားပြီး သူ့အား အလန့်တကြားလှည့်ကြည့်လိုက်သည့်ဟန်မှာ သမင်ပျိုမလေး၏ကြောက်လန့်မှုမျိုး။

'မိုးရယ်'

ကရုဏာပိုကာ ညည်းတွားလိုက်မိသည်။

'ကိုက ကျားရဲမဟုတ်ပါဘူးကွာ လာ ထိုင်ပါ အေးအေးဆေးဆေးပြောပြစရာရှိလို့ပါ'

'ရှင် ကတိပေးမှာလား'

'ဘာကတိလဲ'

'ကျွန်မကို လက်ဖျားနဲ့တောင် မတို့ပါဘူး ဆိုတဲ့ကတိလေ'

'အေကင်း ဟင်း'

သူရယ်ချင်သွားသည်။ ထိန်းထားသည့်ကြားက ရယ်သံခပ်အုပ်အုပ်ထွက်သွားရသည်။





'ဘာရယ်တာလဲ'

ရှက်မျက်နှာရဲက အလှကိုပိုမိုဆင့်စေသော မိန်းမချောမိန်းမလှအား ပိုင်ဆိုင်ဖို့ သူကြိုးစားရတော့မည်။

'အခု အချိန်ပိုင်းအတွက်တော့ အာမခံတယ်လေ'

မိုးက အောက်နှုတ်ခမ်းကိုကိုက်ကာ သူ့အား မျက်လုံးစိမ်းနှင့်ကြည့်လိုက်ပြီး

'ရှင်ကတော့လေ ဒီမှာပဲထိုင်မယ် ပြောစရာရှိပြော ညလေးကိုစောင့်နေတာ သူလာရင် ပွဲရုံသွားမယ် ရှုံ့အတွက် စွပ်ပြုတ် အနီတီစိန်ချက်ပေးလိုက်တယ် မုန့်တုန်း သောက်လိုက်ဦး'

'မိုးထည့်ပေးမှ'

'သေလိုက်ပါလား ဟုတ်တယ် သိပ်မုန်းဖို့ကောင်းတာပဲ'

အချစ်နှင့်ပတ်သက်လာလျှင် အတွေ့အကြုံစိမ်းနေပုံရသောမိုးကို မြတ်နိုးစွာငေးကြည့်နေမိတော့ မိုးကရှက်မျက်စောင်းဝင့်ကာ မျက်နှာလွှဲလိုက်လေသည်။

မိုးက လှေကား အတက်အဆင်းရှိ လက်တန်းပြုထားသောအုတ်ခုံတွင်ထိုင်လိုက်တော့ သူလည်း မျက်နှာချင်းဆိုင်ရှိ အုတ်ခုံတွင်ဝင်ထိုင်လိုက်ရလေသည်။ ရှက်မျက်နှာရဲကို ငေးထားလျက်က



www.burmeseclassic.com

www.burmeseclassic.com



'ဘာ့ပြောမှာလဲ ပြောစရာရှိတာကို မြန်မြန်ပြော အဖြူ ရောက်လာတော့မယ်'

'သတိုးဟာ အဖြူ့သားမှတ်လား'

'မဖြေချင်ဘူး ကျွန်မကို ဒီမေးခွန်းကလွဲလို့ အခြားမေး ခွန်းတွေမေးပါ'

သူ ကောင်းစွာသဘောပေါက်လိုက်လေပြီ။ သူ့အဆင်း သည် စကာန် မုချမလွဲမသွေမှန်ရလေမည်ဟု သူယုံကြည်လိုက် မိသည်။

'မိုး အဲဒါကိုဖြေရင် မိုးတို့အတွက် အရေးကြီးဆုံးသော စကားတွေအကြောင်းအရာတွေထပ်ကြားရလိမ့်မယ် မှန်မှန်ဖြေ ပေးပါ မိုးရယ် ကိုတို့မိသားစုအတွက် အရမ်းကိုအရေးကြီးလို့ပါ'

'ဟင်'

မိုးက အံ့အားသင့်သောမျက်လုံးများနှင့်သူ့အားစူးစမ်း လာသည်။

'တိုးဟာ ဝါနဲ့ဖြူ့ရဲ့သားမဟုတ်လား'

'အင်း'

'တာ တကယ်'

သူခုန်ထလိုက်လေသည်။

သူတို့မိသားစု၏အိပ်မက်ဆိုးမှုန်းထလာလေပြီ။





'ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲဗျာ'

ယူကျုံးမရသလိုလည်း ညည်းတွားကာ မေးခွန်းဆက် မေးလိုက်သည်။

'အမှန်တရားတစ်ခုကို ဖုံးကွယ်ဖို့ကြိုးစားတာ တိုးနဲ့ဖြူ့ အပေါ် ရက်စက်လွန်းရာမကျလွန်းဘူးလား'

'မိန်းမတစ်ယောက်ကို ယူထားပြီး လုပ်မကျွေးချင်ဘဲ ကိုယ့်အတွက်ကိုသာရှေ့တန်းတင်တတ်တဲ့ ယောကျာ်းတစ်ယောက် ရဲ့ရင်သွေးဆိုတာကို ကျွန်မတို့အသိုင်းအဝိုင်းက ဖျောက်ဖျက် ပစ်လိုက်တဲ့သဘောပါပဲ'

ကိုယ့်အတွက်ကို ရှေ့တန်းတင်တတ်တဲ့ ယောကျာ်း တဲ့ လား။ စွဲချက်က ပြင်းထန်လှချည့်လား။ သူဖွင့်ပြောရတော့မည့် စကားအတွက် နှုတ်က လေးလံသွားလေသည်။

'ပြောလေ ရှင်ပြောမယ်ဆိုတဲ့စကား'

သူပင့်သက်ရှိုက်လိုက်ပြီးမှ

'ဝါဆိုဦးဆိုတာ ကျွန်တော့်ညီအရင်းခေါက်ခေါက်ပဲ'

'ရှင်'

ဒီတစ်ချီတွင် ဝုန်းကနဲထလိုက်သူမှာ မိုး ဖြစ်သွားလေ တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အပိုင်း – သုံး



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၇)

'ဘယ်လိုလုပ်ကြမလဲ နီ. . နင်ခွင့်တင်ပြီး အမြန်လာခဲ့စမ်း'

မိုးမြင့်ထည် အကြီးအကျယ်အကြံဆိုက်သွားရပြီမို့ ညဘက် နီဝင့်ထည်ဆီမှဖုန်းလာသည်နှင့်တပြိုင်နက် ကြွက်မနိုင်ကျီမီးနှင့်ရှို့လိုက်သည်။

'ဟင် ဘာဖြစ်လို့လဲ မမကြီး'

အရင်းမရှိအဖျားမရှိစကားကြောင့် နီဝင့်ထည်ကလည်း အံ့အားသင့်ကာ ပြန်မေးလိုက်လေသည်။

'ဘာဖြစ်ရမှာလဲ နင့်လူလေး နင့်ဆရာလေး ဗွာဆင်းကောင်းလိုက်ပုံက အဖြူကို အတိတ်ကို သတိရစေအောင် ကူသလည်း ပေးပြီးရော တိုးကိုပါတောင်းတော့တာပဲ'

'ဟင် တိုး တိုးကို'



www.burmeseclassic.com

'ဟုတ်တယ် တိုးက သူ့တူတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဝါဆိုဦးဟာ သူ့ညီအရင်းခေါက်ခေါက်ဖြစ်နေလို့တဲ့လေ'

မိုးမြင့်ထည် ဒေါက်တာဝေယံဖွန်ကို မကျေနပ်သမျှတို့သည် မိတ်ဆက်စေလွှတ်ပေးသူနီ့အပေါ် သို့သာ ပုံအောချလိုက်လေတော့သည်။

'ဟင် ဒါ ဒါဖြင့် ဝါဆိုဦးဆိုတဲ့လူကကော'

'သေသွားပြီတဲ့'

နဲ့လေ...'ဗျာ'

'မဗျာနဲ့ သူတို့လည်း သတင်းရလို့ ဝါဆိုဦးကိုလိုက်ရှာတော့ အိမ်ထဲမှာအဖျားတက်ပြီး ခွေနေမှာနေတဲ့သူ့ညီကို သွားတွေ့လို့ ဆေးရုံတင်တော့ ငှက်ဖျားပိုးဦးနှောက်ထဲရောက်နေတာအချိန်လွန်သွားလို့ ဆုံးသွားရှာတယ်တဲ့လေ'

'ဖြစ်ရလေဗျာ သူတို့ဘက်ကလည်း နာစရာပါပဲလေ'

'အဲဒါ နင်စာမေးပွဲပြီးအောနဲ့ပြန်လာခဲ့ ဖေဖေ့ကို ငါဘယ်လိုပြောရမှန်းမသိအောင်ဘဲ နင့်ဆရာတူတော့ ဖေဖေ့ကျန်းမာရေးအတွက် သူတာဝန်ယူပြီးဖွင့်ပြောပေးပါမယ်တဲ့'

'အစ်တိုက ဘာဖြစ်လို့ တိုးကိုရှိချင်ရတာလဲ'

'ဝါဆိုဦးရဲ့သားမှာ ဝါဆိုဦးရဲ့သားပဲ ဖြစ်ရမယ်တဲ့ တိုးအေက တိုးအေနေရာပဲ ရှိရမယ်တဲ့လေ'





'အင်း ဒါလည်း ဟုတ်တာပဲ ဒါကတော့ လွယ်ပါတယ် အစ်ကို့ကို ဥမကွဲသိုက်မပျက်ဖြစ်အောင် မမဖြူနဲ့သာ ပေးစားလိုက်ပေါ့'

'အင်း ကြိုက်ကြရင်တော့ ဘာပြောစရာရှိသလဲ'

ပြောရင်း မိုးမြင့်ထည်ရင်ထဲ၌လေးလံလာသည်။ ဒေါက်တာဝေယံဖွန် မိမိအား ချစ်ရေးဆိုထားသည့်ကိစ္စ ဘယ်သူ့ကိုမှ ဖွင့်ဟာမတိုင်ပင်ရဲ။ သမ္ပတ်အူပမာရှုပ်ထွေးနေသောမိသားစုနှစ်စု အရေးကို မေးအေးလှဲ့ချေ။

သတင်းရ၍ ဝါဆိုဦးကို ရှာဖွေတွေ့ချိန်၌ ဖနီးမယား၏ စွန့်ပစ်ထားမှုနှင့် ငှက်ဖျားရောဂါပိုးက ဦးနှောက်ထဲ ရောက်ကာ သတိလစ်နေသောဝါဆိုဦးကို ရင်နင့်စဖွယ်တွေ့မြင်လိုက်ရသည် တဲ့။

ဆရာဝန်အစ်ဦး ဖြစ်သော အစ်ကိုတစ်ယောက်အနေနှင့် ဝါဆိုဦးကို အရေးပေါ် ဌာနသို့အချိန်မီပို့၍ကုသသော်လည်း ဂယောင်ခြောက်ခြားတွေပြောရင်း ဆုံးပါးသွားခဲ့လေသည်။

မိဘနှစ်ပါးမှာလည်း သားစိတ်ဖြင့် အဖော်ကို ကုသပေးခဲ့ရသော်လည်း ယနေ့ထက်ထိ ကျန်းမာရေးအခြေအနေ သိပ်ကောင်းမလာသေးဘူးတဲ့။

'ကျွန်တော် ပြန်လာခဲ့ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



နီက ပြောလိုက်တော့မှ မိုးမြင့်ထည် အားတက်သွားရသည်။

'အေး ကောင်းတယ် ဒေါက်တာ့မိဘတွေလည်း ရောက်လာတော့မယ် သူ့မြေးဟာ သူတို့အတွက် ဖြေဆေးတစ်ခုဖြစ်လိမ့်မယ်လို့ နင့်ဒေါက်တာက ခန့်မှန်းတယ်လေ'

'အင်းပါ မမရယ် ရှဉ့်လည်း လျှောက်သာစေ ပျားလည်းလျှောက်သာစေသအောမျိုးဖြစ်အောင် ကျွန်တော် ပြောသလိုသာ ဒေါက်တာနဲ့မမဖြူကိုပေးစားလိုက်ရင် ပွဲသိမ်းပြီ'

ရင်မှာ နာကျင်ထိရှသွားသော်လည်း နီ့အကြံဉာဏ်ကလည်း ကောင်းနေလေသည်။

အန်တီစိန်ကလည်း ထိုကဲ့သို့အကြံမျိုး ပေးလေသည်။

အဖြူထည်မှာ ဝါဆိုဦးဆုံးသွားကြောင်း ကြားသိလိုက်ရချိန်မှစ၍ မျက်ရည်မစဲ သဲသဲမဲမဲငိုပွဲဆင်နေရာမှ မောဟိုက်ပြီးအိပ်မောကျသွားလေသည်။

'မမကြီး'

'ပြော'

'ကျွန်တော်ဖုန်းချလိုက်တော့မယ် ဖေဖေတာ ဘယ်တော့ပြန်ရောက်မှာလဲ'

'ဖိန်းနွဲခါ'





'အစ်ကို့မိဘတွေ ကကော ဘယ်တော့လာမှာလဲ'

'လေယာဉ်လက်မှတ်ရတာနဲ့ ချက်ချင်းထွက်လာမှာတဲ့'

'အင်း မေတ္တာကြွေးစစ်ခင်းပွဲတစ်ပွဲကို ပါဝင်ဆင်နွှဲလိုက်ကြရဦးမှာပေါ့ ဒါပဲနော် ဘာမှာဦးမလဲ စားစရာကော ဘာဝယ်ခဲ့ရမလဲ တိုးအတွက်တော့ ကစားစရာတွေဝယ်ထားတယ်'

'ဘာမှ မလိုဘူး လူသာ အမြန်ရောက်အောင်လာခဲ့'

'ဟုတ်ကဲ့ ထူးခြားရင် ထပ်ဆက်လေ'

'အေး အေး'

ဖုန်းချလိုက်ရင်း သက်ပြင်းမောကိုချလိုက်မိသည်။

ထို့နောက် အဖြူထည်နှင့်တိုးဝင့်ထည်အခန်းသို့ အသာဝင်လိုက်သည်။ သားအမိနှစ်ယောက်မှာ ဖက်လျက်သားကလေးအိပ်ပျော်နေလေသည်။ အဖြူထည်မျက်နှာတစ်ပြင်လုံး မိုးအစ်ကာ နီရဲနေလေသည်။

'တိုး'ဟူသော ထွက်ပေါက်တစ်ခုသာ မရှိပါက အဖြူထည့်ဘဝသည် ရူးသွပ်သွားကောင်းသွားနိုင်ပေသည်။

ဩော်. . လူ့ကံကြမ္မာဆိုတာ ဘယ်သူမှကြိုတင်မြင်နိုင်စွမ်းမရှိပါလားဟု မိုးမြင့်ထည်သဘော ပေါက်သည်ထက်ပေါက်လာလေသည်။

'မမိုး'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

ဒေါ်စိန်ရောက်လာသည်။

'အောက်မှာ ဒေါက်တာရောက်နေတယ်'

'ဟောင်'

ဒေါက်တာ ဟူ၍အသံကြားလိုက်သည်နှင့် တစ်ကိုယ်လုံး ထူထူပူပူဖိန်းတိန်းရှိန်းတိန်းဖြစ်သွားရလေသည်။

'ကျွန်မအိပ်ပျော်နေတယ်လို့ပြောလိုက်ပါ အန်တီစိန်'

'ဟင် အန်တီစိန်က ရှိတယ် နီနဲ့ ဖုန်းဆက်နေတယ်လို့ ပြောပြီး ခေါ်ခဲ့ထားတော့'

'ဟင် ခုကျွှမပါဲ မတွေ့ချင်ဘူး'

'မတွေ့ချင်လို့ ရမလား နှစ်ဘက်အမျိုးတော်နေပြီးလေ မြသဲနာကိုရှောင်ပုန်းနေ ရုံနဲ့ ပြီးသွားမှာလား'

ရှောင်ရခြင်း၏အကြောင်းရင်းကို ဒေါ်စိန်က မသိသဖြင့် ပြောနေခြင်းဖြစ်သည်။ ချောင်ပိတ်မိနေပြီဖြစ်သောကြောင့် မိုးမြင့်ထည် အောက်ထပ်သို့ဆင်းခဲ့လိုက်လေသည်။

မနေ့ညကလိုတော့ မတုတ်တော့။ လူကြီးလူကောင်း ဆန်ဆန်မှပင်။ ညှိခန်းဆိုဖာ၌ မိန့်မိန့်ကြီးထိုင်ကာ ရေနွေးကြမ်း သောက်နေလေသည်။ သူ့ကိုမြင်တော့ ထိုင်ရာမှထကာ ခရိုးဦးကိုမြှုလိုက်ပုံက ရွှဲနေသလိုလိုဘာလိုလို အမြင်ကပ်စရာ။





ဒင်းကိုမြင်တိုင်း ရင်ခုန်သံစည်းချက်က တိုး၍လာသဖြင့် စိတ်ရှုပ်ထွေးသွားရသည်။

'အေးအေးဆေးဆေး စကားပြောကြဦး အန်တီစိန့်ထာမီးဖိုခန်းမှာ ပုတီးလေးစိပ်စရာရှိသေးလို့'

တိုင်ကပ်နာရီကြည့် လိုက်တော့ (၉)နာရီထိုးပြီးခါစပင် ရှိသေးသည်။

'ထိုင်ပါ ဒေါက်တာ ညနေစောင်းကော အန်တီစိန်လာပို့ပေးတာ အဆင်ပြေရဲ့လားမသိဘူး'

'ပြေပါတယ် ငါးခေါင်းဟင်းချိုက သောက်လို့ကောင်းပါတယ် ဖြူ့အခြေအနေကော'

'အိပ်သွားကြပြီ'

မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။ နှစ်ဦးသားကြား၌ စားပွဲတစ်လုံး ခြားနေသည်။

'မေမေလည်း စိတ္တဇဝေဒနာတစ်ပိုင်းလိုဖြစ်ပြီး သူ့အသားငယ်ကို တသသနဲ့ သေတယ်ဆိုတာကို လက်မခံနိုင်သလို ဖြစ်နေခဲ့တာ ကိုယ်လည်းသတင်းပေးလိုက်ရော ချက်ချင်းလန်းဆန်းတက်ကြွလာပြီး မနက်ဖြန် အဲယားစုဝံနဲ့လိုက်လာကြမှာတဲ့ မယ်'

'ဟင်. . မစောလွှန်းဘူးလား တိုးကအတွေမှုရှာမလေည်း သေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'တိုးက နားလည်လွယ်တဲ့ကလေးပါ ရှင်းပြရင် သိမှာပါ သွေးဆိုတာ ဖြတ်လို့မှမရဘဲ မိုးရယ် နောက်ပြီး ဝါဆိုကလည်း သူ့မိသားစုအပေါ် တာဝန်မဲ့တာမဟုတ်ပါဘူး ငလျှော်ရင်းနစ်နေတဲ့ဘဝမှာ ထွက်ပေါက်မရှာနိုင်တော့ သောက်စား မူးယစ်သွားရှာတာပါ ဒီအတွက်လည်း မိုး နားလည်ပေးပါ တမလွန်က ဝါဆိုကိုလည်း ခွင့်လွှတ်ပေးပါ'

ညီအတွက် တဖွဖွတောင်းပန်ဖြစ်လေသည်။

'ပြီးသွားတဲ့ ကိစ္စမှာ အသစ်ပြန်ဖြစ်မလာနိုင်တော့တဲ့အတွက် ကျွန်မ ဘာမှမပြောချင်ပါဘူး အဲ . . ပြောနိုင်တာတစ်ခုတော့ရှိတယ်'

မိုးမြင့်ထည် စကားကို မဆက်ဘဲ ရပ်ထားလိုက်လေသည်။ ဒါကို ဒေါက်တာဝေယံဇွန်က အားမလိုအားမရဖြစ်ကာ

'ဘာလဲမိုး ပြောပါ မိုးစကားဆို ကိုအလေးအနက်ထားတအံ့သူပါ'

သမီးရှင်တက်က စကားစခြင်းသည် မသင့်တော်မှန်း မိုးမြင့်ထည်သတိပြုမိလိုက်၍ ရပ်တန့်လိုက်ခြင်းဖြစ်သည်။

'တိုးနဲ့ဖြူ့ကို ဝေဒနာတွေ ထပ်ဆင့်မရစေချင်ဘူးဆိုရင်တော့လည်း ဖေဖေနားလည်ခွင့်လွှတ်ပေးမှာပါ'

'မိုး မိဘတွေလာတုန်း ကို တစ်ခါတည်းဖွင့်ပြောလိုက်





ချင်တယ် မိုးရာ ကို့ကိုအဖြေအမြန်ဆုံးပေးပါ'

'ဟင် ကျွန်မက ဘာအဖြေကိုပေးရမှာလဲ'

ရင်ခုန်သံနှုန်းအဆမတန်မြန်ဆန်နေမှုကို မိုးမြင့်ထည် မာန်တင်းဖုံးကွယ်ရင်း မေးခွန်းထုတ်လိုက်လေသည်။

'အိပ်ချင်ယောင်ဆောင်တဲ့လူများ တယ်နှိုးရခက်တယ် မိုးရာ သက်သေလိုသလား အန်တီစိန်ကိုခေါ် လိုက် အန္တီစိန်ရှေ့ သက်သေထားပြီး ထပ်ပြောပြလိုက်မယ်'

'အို မပြောနဲ့ ကျွန်မပြောမယ်'

နှလုံးသားကို ဆန့်ကျင်ရမည့်ကိစ္စအတွက် ရင်မှာ မခံမရပ်နိုင်အောင်နာကျင်လာသည်။

'ရက်စက်လှချည်လား' အခြားမကြားချင်ဘူးနော်'

မိုးမြင့်ထည် မျက်နှာလွှဲလိုက်သည်။ မျက်လုံးသည် နှလုံးသား၏ပြတင်းပေါက်ဖြစ်သည်။ နှလုံးသားကို လိမ်ညာနေသည်ကို သူတွေ့သွားမှာ စိုးထင့်၍လည်းဖြစ်သည်။

'မိုး ကိုယ့်ကိုကြည့်ပြီး ဖြေပါ မိုးဟာ ရဲရင့်ပြတ်သားတဲ့မိန်းမတစ်ယောက်လို့ ကိုယ်သိထားတယ်နော်'

'ဟင့်အင်း ရှင့်ကို ကျွန်မ လက်မခံနိုင်ဘူး'

'ဟာ ဘာဖြစ်လို့လဲ မိုး မညာနဲ့နော်'

'ဒါ ကလေးကစားစရာကိစ္စမှမဟုတ်တာ ရှင်ပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လုပ်စရာကိစ္စတွေရှိသေးတယ် မိညို သင်းသင်း'

သူ၏လက်ရဲဖက်ရဲကိုကြောက်သဖြင့် မိုးမြင့်ထည်လျှမ်းအသံပြုလိုက်သည်။ မချောတွေက ဗွီဒီယိုဇာတ်လမ်းကိုက်နေကြသည်ထင့်။ ဧည့်ခန်းသို့ထွက်မလာကြ။

'ကို့ကို ညာရက်တယ် နှင်ရက်တယ်နော်'

မိမိက တုန်လှုပ်ဖနေသလောက် သူ့အမူအယာက ခပ်အေးအေးပင်။

'ဟို ဟို ကျွန်မ အိမ်ချင်ပြီ'—

'မိုး'

'ရှင်ဘာမှထပ်မပြောပါနဲ့တော့ ရှင် တကယ်တန်းလက်ထပ်သင့်တာ မြှုကိုပါ ဒါမှ နှစ်ဦးနှစ်ဖက်ကြားမှာ ဖြစ်ပေါ်ခံစားခဲ့ရတဲ့ဝေဒနာကြေးတွေ ကြေပျက်သွားမှာပါ'

'အခြားဆုပ်စရာနည်းတွေအများကြီးရှိပါတယ် မိုး ကို့နှလုံးသားကို ဘာအငြှက်နဲ့မှ အလွဲသုံးစားမလုပ်နိုင်ဘူးဆိုတာ မိုးမှတ်ထားပါ'

မိုးမြင့်ထည်၌ ပြောစရာစကားမရှိသလို ဆွံ့အသွားလေသည်။

'ကို့မိဘတွေ လာရင် တစ်လက်စတည်း အန်ကယ့်ဆီမှာနားဖောက်ဖို့ပြောလိုက်မယ် ဒီမှာမိုး မြှုဟာကို့ခယ်မ ခယ်မ





ကို ညီမထစ်ယောက်လို သဘောထားပြီး စောင့်ရှောက်သွားနိုင်တယ် မြှုအပေါ် ထားရှိတဲ့ ကို့စေတနာဟာ ဖြူစင်တယ်ဆိုတာ မိုး သဘောပေါက်ထားပေးပါ'

မိုးမြင့်ထည်ရင်ထဲ၌ ဝေခွဲမရသောစိတ်တို့ဖြစ်ပေါ်လာသည်။ ဒေါက်တာက အေးဆေးစွာပင် ထလိုက်ချိန်၌

'ဒေါက်တာ'

'ပြောလေ မိုး'

'ဝါဆိုဦးရဲ့မိန်းမဟာ အဖြူထည်ဆိုတာ ဒေါက်တာကြိုသိနေလို့ နီဝင့်ထည်နဲ့ရင်းနှီးမှုယူတာလား'

'မဟုတ်ဘူး နီဝင့်ထည်နဲ့ရင်းနှီးပြီး မိသားစုအကြောင်းပြောပြမှတော့ အဖြူထည်ဆိုတာကြားလိုက်တယ် အဖြူထည်ဟာ ညီလေးရဲ့မိန်းမဆိုတာတော့ ကိုသက်ကနေ တစ်ဆင့်သိထားခဲ့တယ် ဒါနဲ့ပတ်သက်ပြီးပြောရရင် ကိုတို့ဘက်ကလည်း ညီလေးအိမ်ကထွက်သွားပြီး ပါသမျှချွတ်ခြုံကျရလောက်အောင် မိန်းမလည်တစ်ဦးက ချူစားတယ်လို့ကြားရတာကိုး'

'ဘာရှင့်'

မိုးမြင့်ထည် ဒေါသအမျက် ထောင်းကနဲ ထသွားလေသည်။

'ဒါကတော့ အထင်နဲ့ရမ်းစွပ်စွဲကြတာဘို့ မိုးတို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဝါဆိုကို ဆေးသမား အရက်သမား ယောင်ခြောက်ဆယ် သားမယားကိုလုပ်မကျွေးဘဲပစ်ထားတဲ့ယောက်ျားလို့ စွပ်စွဲကြတယ်မှတ်လား'

'ပြီးခဲ့တာတွေအတွက် ကျွန်မဘာမှမပြောချင်ပါဘူး မြရှင်းပြချက်ကို ရှင်ကော ကျွန်မကော ကြားခဲ့ပြီပဲ'

'ဟုတ်ပါတယ် အထင်အမြင်တွေလွဲမှားခဲ့ကြပြီပဲ သူတို့နှစ်ယောက်ကိစ္စသတ္တုချလိုက်တော့ ကလေးနှစ်ယောက်ကို ပစ်ပယ်ထားမိတဲ့ နှစ်ဘက်မိဘတွေရဲ့ ကရုဏာဒေါသတွေကြောင့်ပဲလို့သာ မှတ်လိုက်ပါ'

'ရှင်က အမြူထည်ဟာ ဝါဆိုဦးရဲ့မိန်းမမှန်းသိနေလျက်နဲ့ ဘာဖြစ်လို့ဖွင့်မပြောတာလဲ'

'အမြူထည်ဟာ ဘယ်လိုအကြောင်းကြောင့် ကိုညီကိုပစ်သွားရတာလဲလို့ သိချင်လို့ စုံစမ်းရုံသက်သက်ကလွဲလို့ ဘာစိတ်ကူးမှမရှိဘူး ရောပါသည်မှန်းသိတော့ ဖွင့်မေးလို့ရမလားမြူအပေါ် ထားတဲ့စေတနာဟာ သန့်စင်တယ် အဲ. . မိုးအပေါ်မှာတော့ ရယူပိုင်ဆိုင်ချင်တဲ့အတ္တကတော့ လွှမ်းနေတယ် ကိုင်းဘာသိချင်သေးလဲမေးချင်သေးလဲ ကိုဟာ ဘယ်အရာကိုမှလွယ်လွယ်ကူကူအရှုံးမပေးဘာတ်ဘူးဆိုတာ မှတ်ထားပါ ကိုင်း. . ကိုမြန်မယ် ကားအထိလိုက်မပို့တော့ဘူးလား'





'ဘာဆိုင်လို့ပို့ရမှာလဲ'

ရုပ်က ပြိတ်တီနှင့်

'ကြောက်နေသလားလို့ပါ'

'ဟွန်း ဘာဆိုင်လို့ကြောက်ရမှာလဲ'

'ဒါဖြင့် လိုက်ပို့လေ'

'အို ရှင်ခိုင်းတိုင်းပို့မှာလား'

'ဟင်း ဟင်း ဟင်း၊ မိုးကလေ. . စီးပွားရေးလောကမှာ ယောက်ျားတွေနဲ့ရင်ဘောင်တန်းရဲရင့်နေသလောက် အချစ်နဲ့ပတ်သက်လာရင် ဆယ်ကျော်သက်သာသာပဲရှိတယ် ကိုင်း သွားပြီ ဂွတ်နိုက်'

ပြောပြောဆိုဆို ခြေလှမ်းကျဲကြီးနှင့် ထွက်သွားသော ဒေါက်တာဝေယံ၏ကျောပြင်ကို ကြည့်ကာ ရင်ထဲ၌ လေးလံလျက်ရှိလေသည်။

ဘာတွေဖြစ်လာဦးမှာလဲ။ သူ့မိဘတွေက ဘာတွေများတောင်းဆိုဦးမှာလဲ။ စိတ်ရောလူပါပင်ပန်းလျက်ရှိကာ တွေဝေနေမိသောမိုးမြင့်ထည်သည် ဒေါက်တာဝေယံ၏ဆိုင်ကယ်သံဝေးသွားသောအခါမှ အိမ်ရှေ့တံခါးမကြီးကို ထပိတ်လိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၈)

အဖြူထည် အိပ်ယာမှနိုးထခါစလူလို ယောင်တီးယောင်တလေးဖြစ်နေသည်။ သူ အိပ်မောကျစဥ်ကမက်သော အိပ်မက်ဆိုးမှ လွန်မြောက်လာလေပြီ။ တုန်လှုပ်ခြောက်ခြားမှုက လွင့်မပြယ်နိုင်သေး။

ဆက်နွယ်၍ သောကနှင့် ယူကျုံးမရမှုက ခင်ပွန်း 'ဝါ' အတွက်နှင့်မိမိပယောဂကြောင့်ဆုံးပါးသွားရသောမိခင်အတွက်ပါ ယူကြုံးမရနိုင်အောင်ဖြစ်ခဲ့ရသည်။ သို့သော် အရာခပ်သိမ်းကိုဖြေဆည်နိုင်သောအစားထိုးမှုတစ်ခုကို သူရရှိခဲ့လိုက်သဖြင့် ဖခင်နှင့်အစ်မဖြစ်သူကိုကျေးဇူးတင်လျက်ရှိလေသည်။

ထိုအရာကား သားလေး'သတိုးဝင့်ထည်'ပင်။

ဝါဆိုဦးနှင့် အဖြူထည်တို့၏ချစ်ခရီးလမ်းသည် အဆုံးတိုင်သို့မရောက်ခင် ပျက်စီးသွားရသော်လည်း မှတ်တိုင်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေရစ်သော သတိုးဝင့်ထည်၏အနာဂတ်ကို လူသားတို့၏ မာယာပရိယာယ်နှင့် ကြမ္မာကို လှည့်စားမှတ်တိုင်တင်ထားမှုကို လက်မခံနိုင်။ သတိုးဝင့်ထည်သည် ဝါဆိုဦးနှင့် အဖြူထည်တို့၏သားသာလျှင် ဖြစ်ရမည်။

သူကောင်းဆိုချင်တာ ဒါပါပဲ။ အခြားဘာမှမလိုချင်။

ဝါနှင့်သူတို့ ခြိုးခြံစုဆောင်း တည်ဆောက်ထားသော အိမ်ထောင်ဦးပစ္စည်းလေးများ ဘယ်ဆီရောက်ကုန်သည်မသိ။

'အဖြူ ညလေး'

မမကြီးက တိုးကို ကျောင်းပို့ပေးပြီး ပြန်လာပြီးနောက် ပန်းခြံထဲရှိ ဒါန်းလေး၌ထိုင်ကာ ငေးငိုင်နေသောသူထံသို့ အသံပေး၍ရောက်ရှိလာသည်။ သူ့နံဘေးတွင်ဝင်ထိုင်ရင်း

'ဘာတွေတွေးနေတာလဲ'

'ဖေဖေ့ကို နားဝင်အောင် ဘယ်လိုပြောရမလဲလို့ တွေးနေတာပါ'

'ညီမ ရေချိုးအဝတ်အစားလဲထားလိုက်တော့လေ ဒီနေ့ ညီမယောက္ခမတွေ ရောက်လာလိမ့်မယ် အိမ်ကို တန်းလာကြလိမ့်မယ်ထင်တယ်'

'ဟင်'

အဖြူထည် မျက်လုံးပြူးသွားရသည်။ တစ်ဆက်တည်း





ရင်ထဲမှမှန်ကန်သောသစ္စာစကားကို မမကြီးမိုးမြင့်ထည်ထံ ရင်ဖွင့်လိုက်လေသည်။ ထိုသစ္စာစကားက

'မမကြီး'

'ပြောလေ ဖြူ'

'ဖြူလေ ဝါ့ကို ဘယ်သူဘယ်ဝါရဲ့သားမှန်း ယနေ့ထက်ထိ လုံးဝမသိခဲ့ပါဘူး ဝါ့ကိုချစ်တဲ့အချစ်က နှလုံးသားထဲက အဖြူတောပေါက်ဖွားလာတဲ့အချစ်သက်သက်နဲ့ ချစ်ခဲ့တာပါ ဒါ ဖြူရဲ့မှန်ကန်သောသစ္စာစကားပါ'

'အင်းပါ မမကြီးယုံကြည်ပါတယ်'

'ဒါကြောင့် ဖြူမှာ ဝါ့ကိုယ်စား တိုးကိုသာ ပိုင်ပိုင်နိုင်နိုင်ချစ်ပါရစေ တိတိလင်းလင်းကြေညာပြီး ဖြူပဲ အဖေ ဖြူပဲ အမေ အနေနဲ့ အုပ်ထိန်းသွားပါရစေ'

အတိတ်မေ့နေစဉ်ကာလကသာ အဖြူထည်သည် ဘာမှအနှောင်အဖွဲ့မရှိသောအဖြူသက်သက်ဖြစ်ပေမည်။ ယခုတော့ မိခင်တို့၏မာန်က အရာရာကို ရင်ဆိုင်ရဲလေပြီ။

'ဟုတ်ပြီလေ မမကြီး ဖေဖေ့ကို ပြောပေးပါ့မယ် ညီမလည်း မိဘနေရာကို ရောက်နေပြီဆိုတော့ မိဘတွေရဲ့မေတ္တာတရားကို စာနာနားလည်နိုင်မှာပါ'

'ဟုတ်ကဲ့ပါ ဖြူကြောင့် ဖေဖေ့ဆိုပါ ထော်မထိခိုက်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး ဒါပေမဲ့'

'ဖေဖေလည်း နားလည်မှာပါ အခုလိုလုပ်ရတာလည်း ကျန်းမာရေးမကောင်းတဲ့ဖြူ့အတွက်နဲ့ တိုးအတွက် ပါလိမ့်မယ်လို့ယင်ပါတယ် ကဲ ကဲ စိတ်ကိုလျှော့ပြီးရေမိုးချိုးတော့ ယောက္ခမတွေကိုလည်း မိဘလို့သဘောထားပြီး စာနာပေးလိုက်ပါ သူတို့ဘက်ကလည်း ဆုံးရှုံးခဲ့ရတာပဲလေ'

'ဒါက သူတို့လုပ်ခဲ့တာကို ဘယ်သူမပြု မိမိမှုတဲ့ သားသမီးရဲ့ဝါသနာကို မြေတောင်မမြှောက်ပေးဘဲ ကိုယ့်ဆန္ဒကိုပဲ ရှေ့တန်းတင်တာကိုး မဖြစ်သင့်တာဖြစ်ရတာပေါ့'

အဖြူထည် ဝါ့ကိုမြင်ယောင်လာမိတာ နာကျည်းစကား ဆိုလိုက်လေရာ မမကြီးက လက်မခံ။

'ညည်းဒီလိုမပြောနဲ့ ညလေး ညည်းလည်း မိဘနေရာ ရောက်လာပြီ အခု တိုးကိုပဲ ကြည့်လေ တိုးက စာမသင်ချင်ဘူး အဆိုတော်ပဲလုပ်မယ်ဆို ညည်းခွင့်ပြုမလား'

'ဟင်'

အဖြူထည် မျက်လုံးပြူးသွားသည်။

ဟုတ်သားပဲ တိုးသည် အဖေတူသား ထင်သည်။ အဆိုဝါသနာပါသည်။ သီချင်းခွေတွေချည်းပဲ ပူဆာသည်။ ကိုနိုးသား အဆိုတော်ရိုမ်းဆိုလျှင် အပ်ခါဆပ်ခါဖွင့်ကြည့်ကာ အတုလိုက်





ခိုးလေ့ ရှိသည်။ အုရားရေ. . . အဖေတူသားပါလားဟု စိတ်ကြမ္မာဆိုတာ ရှိပေတာ်သည်မဲ့။ အဖြူထည်သက်ပြင်းချကာ

'ပညာတတ် အဆိုတော်ဖြစ်အောင်တော့ ထိန်းထိန်းသိမ်းသိမ်းလုပ်ပေးရမှာပေါ့ မမကြီးရယ်'

ထိုစဉ် မိုးမြင့်ထည်၏လက်ကိုင်ဖုန်းမြည်လာလေသည်။

'ဟယ်လို'

'မိုး ကို လေဆိပ်သွားနေပြီ ကိုမိတွေ ရောက်တော့မယ် မိုးတို့အိမ်တန်းခေါ်ခဲ့မယ်နော်'

မိုးမြင့်ထည်အကြည့်က အဖြူထည်ထံသို့ရောက်လျက်

'ခေါ်ခဲ့ပါ ကျွန်မတာဝန်က ထမင်းမွဲပြင်ဆင်ပြီး စောင့်ကြိုပါ့မယ် ဖြူနဲ့သာ ဆွေးနွေးကြပေါ့လေ ကျွန်မတို့အားဘေးက လူကွေ့ပဲ'

အဖြူထည်က မိုးမြင့်ထည်ကိုကြည့်လိုက်သည်။ မမကြီးစကားအသွားအလာအရ ဒီကိစ္စ အားလုံး လိုက်လျောချင်ပုံရသည်။

'ဖြူလည်းရှိပါတယ် တိုးကတော့ ကျောင်းသွားနေတယ်'

မမကြီး၏နာတ်ဆက်တွဲစကားကြောင့် အဖြူထည်မှာ လှုပ်ခတ်သွားရသည်။ သဝိုးနှင့်မတ်သက်လာလျှင် အသိသူနှင့်မှ မသက်ဆိုင်၊ မိမိနှင့်သာအသက်ဆိုင်ဆုံး အကြော်သတ်ချိုး



www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆလိုက်သောအခါ ယောက္ခမများကို မတွေ့ချင်အောင် ဖြစ်သွားရသည်။ လူမှုရေးနယ်ပယ်သည် ဤမျှလောက် ရှုပ်ထွေးလိမ့်မည်ဟု သူကြိုတင်မသိခဲ့ပါချေ။

'ဒါပဲနော် ကျွန်မဖုန်းပိတ်လိုက်ပြီ'

မမကြီးက ပြောပြောဆိုဆို ဖုန်းစက်ကို ပိတ်လိုက်လေသည်။ ပြီးသည်နှင့်အကြည့်က သူ့ထံသို့ဆိုက်ရောက်လာပြီး

'ရေသွားချိုးတော့လေ ဖြူ'

'သူတို့လာတော့မှာလား'

'ဟုတ်တယ် နေ့လည်စာ ဒီမှာစားဖို့ မမကြီးခေါ်ထားတယ် ခေါင်းအေးအေးထားပြီး စကားပြောနော်'

'အင်းလေ ဒါက သူတို့ရဲ့စကားအသွားအလာပေါ် မူတည်ပါတယ်'

ဝါအတွက် ခံစားခဲ့ရသောဝေဒနာကတော့ ကြွင်းကျန်နေသေးသည်။

သားသမီးအပေါ် ပစ်ထားရက်သောမိဘတွေ။ မိဘဆိုတာလည်း တစ်ခါတုန်းက သားသမီးပါပဲ၊ သားသမီးရဲ့ခံစားချက်ကို စာနာယ်ချင်းစာသင့်သည်ထင်ပါသည်။ မမကြီး မည်သို့မှထပ်မပြောနိုင်ခင် အဖြူထည် အိမ်ထဲသို့ အလျင်စလိုဝင်ခဲ့လိုက်လေသည်။





မိုးမြင့်ထည်သည် သိုးငယ်ကလေးလို အပြစ်ကင်းစင်ခဲ့သောညီမ၏ မာန်တက်လာမှုကို အံ့ဩသွားရသည်။

သို့သော် ချက်ချင်းပင်နားလည်လိုက်သည်။ မိခင်တစ်ဦး၏သားရှိန်တက်သော မာန်ဖြစ်ပေလိမ့်မည်ဟု။

မိုးမြင့်ထည် ပင့်သက်မောကို ရှိုက်လိုက်မိလေသည်။

လောကကြီး၌ လူတိုင်းလူတိုင်း ပြဿနာကိုယ်စီတော့ ရှိတတ်ပါကလားဟုလည်း. . ။

*



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၉)

'ဘယ်က ဘယ်လိုတွေ့လာတာလဲ'

မိုးမြင့်ထည် ကားပေါ်မှပထမဦးဆုံးဆင်းလာသူကို တွေ့လိုက်ရသည်နှင့် အံ့အားသင့်သွားရသည်။

နီဝင့်ထည်ဖြစ်နေသည်။

နီဝင့်ထည်က သူ့အမေးကို မဖြေသေးဘဲ နောက်ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

မိမိ၏မိခင်ကဲ့သို့ပင် ချောမောကာ ကျက်သရေရှိသော အမျိုးသမီးကြီးတစ်ဦး ဆင်းလာသည်။ ထို့အတူ ကား၏အခြားတစ်ဘက်မှလည်း ဒေါက်တာဝေယံလွှန်ဆင်းလိုက်ပြီး နောက်ခန်းတံခါး ဖွင့်ပေးလိုက်သောအခါ ခန့်ငြားပြီး လူကြီးလူကောင်းပုံပေါက်နေသည့်အမျိုးသားကြီးတစ်ဦးဆင်းလာသည်။

'လေယာဉ်ပေါ်မှာဆုံတာလေ မမကြီး'



www.burmeseclassic.com

www.burmeseclassic.com



နီက လှမ်းဖြေလိုက်ရင်း အမျိုးသမီးကြီးကို နေရာပေးကာ

'ကျွန်တော့်အစ်မကြီးပါ'

'ဟုတ်ကဲ့ မိုးမြင့်ထည်ပါ အန်တီ'

'သမီးကြည့်ရတာ ကျက်သရေရှိလိုက်တာ အန်တီ့ရင်ထဲကို အေးသွားတာပဲကွယ် သမီးလေးဖြူကော'

မိုးမြင့်ထည်က တွဲခေါ်လိုက်ရင်း

'ဖြူ ရေချိုးနေပါတယ်'

ဟုပြောလိုက်သည်။ စိတ်ထဲမှာတော့ အလှာကောင်းပေမယ့် အခါနှောင်းသွားခဲ့လေပြီ။ မိသားစုလေးတစ်ခုသည် တည်ဆောက်နေဆဲကာလမှာပင် ပြိုပျက်သွားခဲ့လေပြီဟုတွေးမိလိုက်သည်နှင့်ရင်မှာနာကျင်သွားရသည်။

ထိုစဉ်

'မိုး ဒါ ကို့ဖေဖေလေ'

ဟွန်း ပိုင်စိုးပိုင်နင်း၊ လူကြီးတွေရှေ့မှာ သုံးစွဲပုံက သိပ်ရင်းနှီးနေတဲ့ပုံစံမျိုး မိုးတဲ့ ကိုတဲ့။ သို့သော်

'ဟုတ်ကဲ့ အန်ကယ်ကြွပါရှင်'

လူ့ယဉ်ကျေးမှုနယ်ပယ်အရ မကျေနပ်မှုများကို မြိုသိပ်ကာ ချည့်ဝတ်ကျော့ွန်လိုက်ရလေသည်။





ချည့်ခုန်းၚ္ဌ ထိုင်မိကြသည်နှင့် ရေမိုးချိုးခြင်းကို တခင်အချိန်ဆွဲနေခဲ့သော အဖြူထည်သည် လှေကားမှဆင်းလာခဲ့လေသည်။

သူ့သဏ္ဌာန်က အောင်ပွဲရထားသော ဘုရင်မတစ်ဦးနှယ် ဖြစ်နေသည်။ မိုးမြင့်ထည် ရင်တမမနှင့်ဖြစ်နေသည်။ နီဝင့်ထည်က

'မမဖြူ လာ တိုး ကျောင်းဘယ်အချိန်ဆင်းမှာလဲ တိုးမှာလိုက်တဲ့ ရိမ်းအခွေသစ်ပါလာပြီ'

'တိုး ကျောင်းဆင်းချိန်က ညနေ ၃နာရီမှ အဲဒီတော့မှ တွေ့ရမယ် နီ'

တည်ငြိမ်စွာပင် ပြောလိုက်ပြီး သူတို့ထံလျှောက်လာသောအဖြူထည့်မျက်နှာက အေးတိအေးစက်နိုင်နေလေသည်။

နူးညံ့သိမ်မွေ့လွန်းသော ဖြူ့ယခင်ဟန့်ပန်များ ပျောက်ဆုံးနေသဖြင့် မိုးမြင့်ထည်စိုးထိတ်ကာ ညီမမျက်နှာပြင်ကိုအလစ်မပေးဘဲစောင့်ကြည့်နေလိုက်သည်။

'ဖြူ ရေချိုးနောက်ကျသွားလို့ ဒေါက်တာ ကြိုတောင်မကြိုလိုက်ရဘူး အားနာလိုက်တာ'

ဖြူက ဒေါက်တာ့ကိုတော့ သူ့အတိတ်မေ့ရောဂါကို ကုသပေးသူအဖြစ် ကျေးဇူးတင်ကာ ကျေးဇူးရှင်စာရင်းသွင်းထား



www.burmeseclassic.com

www.burmeseclassic.com



ပုံ ရသည်။ ပြေပြေလည်လည်ပင် ဒေါက်တာကို ဦးတည်မြော လိုက်သဖြင့် မိုးမြင့်ထည် ယခုမှ အသက်ဝဝတစ်ချက် ရှူလိုက် နိုင်တော့သည်။

'ရပါတယ် ညီမ ဒါလေ ညီမရဲ့ဖေဖေနဲ့မေမေ'

'ဟုတ်ကဲ့ ကျွန်မအဖြူထည်ပါ'

အဖြူထည်၏နှုတ်ဆက်ပုံကြောင့် မိုးမြင့်ထည်ရင်မောလာရပြန်သည်။ ဖြူ့လေသံက မကျေနပ်မှုကို ဦးတည်နေသောလေသံမျိုးဖြစ်သည်။

'သမီးဟာ ဓာတ်ပုံထဲထက် အပြင်မှာချောတာကိုး သိပ်လှတဲ့ မိန်းမတွေဟာ ကံဆိုးတတ်တယ်ဆိုတဲ့စကားကို သမီးကို သာမကထားပြီး ဖေဖေလက်ခံရမလိုဖြစ်နေပြီ'

ဒေါက်တာဖခင် ဦးအောင်ထက်ဆီကသာ အသံထွက်လာပြီး မိခင်ဒေါ်မြင့်မြင့်သန်းထံမှ အသံထွက်မလာသဖြင့် မိုးမြင့်ထည်စူးစမ်းသောအကြည့်နှင့်ငုံ့စောင်းကြည့်လိုက်သောအခါ၌ ဒေါ်မြင့်မြင့်သန်းမှာ မျက်ရည်များကို အသာအယာသုတ်နေသည်ကိုတွေ့လိုက်ရလေသည်။

ဪ မိခင်တစ်ဦး၏ သားသမီးအတွက် ဖြေမဆည်နိုင်သောသောကကို အဖြူထည်စာနာနိုင်ပါစေဟုသာ မိုးမြင့်ထည် ရင်ထဲကြိတ်ဆုတောင်းပေးရင်း





'ဖြူ့ မိဘတွေနဲ့ အေးအေးဆေးဆေးစကားပြော မကြီး ထမင်းပွဲပြင်လိုက်ဦးမယ် ကျွန်မကို ခွင့်ပြုပါဦးနော် အန်ကယ်နှင့် အန်တီ'

'အေးအေး ရပါတယ်သမီး အန်ကယ်တို့လည်း စားနိုင်မယ်တောင် မထင်ပါဘူး'

ဦးအောင်ထက်ဆီမှသာ အသံထွက်လာလေသည်။

အဖြူထည်ကတော့ ကျောက်ဆစ်ရုပ်လေးနှယ်ထိုင်နေသည်။ ဒေါက်တာဝေယံထွန်းက

'ကိုင်း ဖြူ ဖြစ်ပြီးသမျှ ကိစ္စအဝဝကို ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ပြီးထားလိုက်ကြရအောင် ရှေ့လျှောက် ဘယ်လိုကြမ္မာဆိုးမျိုးမှမဝင်ရအောင် အစ်ကိုတို့ဘာလုပ်ကြမလဲဆိုတာသာ ညှိနှိုင်းကြရအောင်'

ဟူသောစကားကို နောက်ဆုံးကြားလိုက်ရသည်။ ထမင်းစားခန်းသို့ ရောက်သည်နှင့် အိမ်ရှေ့ဧည့်ခန်း၌ ပြောဆိုနေကြသော အသံဗလံများလုံးဝမကြားရတော့ချေ။

အန်တီစိန်က သူ့အားတွေ့လိုက်သည်နှင့်

'ပြောလို့ဆိုလို့ပြီးကြပြီလား ထမင်းပွဲခူးလိုက်ရတော့မလား'

'ခုမှပြောကြမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် မမိုးကဘာလို့ဝင်လာရတာလဲ ဖြူ့စိတ်က သိပ်မှန်သေးတာမှ မဟုတ်တာ အနားကနေ ဖေးဖေးမမလုပ်ပေးမှပေါ့'

'မိသားစုအရေးမှာ ကျွန်မတို့မပါတာ အကောင်းဆုံးပါပဲ ဖြူတို့က တရားဝင်လက်ထပ်ထားပြီးသားမဲ သူ့ယောက်ျားမိသားစုဟာ သူနဲ့ပဲအသက်ဆိုင်ဆုံးပဲ သူဖြေရှင်းနိုင်မှာပါ ဒေါက်တာလည်းရှိနေတာပဲ'

'အင်း လွယ်တဲ့ကိစ္စရှုပ်နေတယ် တစ်ချက်ခုတ်နှစ်ချက်ပြတ် သားရွှေအိုးထမ်းတာကိုမြင်လိုတဲ့သဘောမျိုး ဖြစ်အောင် ဖြူနဲ့ဒေါက်တာကိုပေးစားလိုက်ရင် ကိစ္စက တစ်ခါတည်းပြတ်ရော မဟုတ်ဘူးလား မမိုးရယ်'

'မိုးမြင့်ထည်ရင်ထဲ၌ နင့်ကနဲဖြစ်သွားရသော်လည်း နှုတ်မှတော့...'

'အင်းလေ ကျွန်မလည်း အဲဒီလိုပဲတွေးမိလို့ ဒေါက်တာကိုတောင်ပြောထားသေးတယ်'

'ဒေါ်ဟ်တာကဘာပြောသလဲ'

'သူ့ခဝ်းစားမယ်တဲ့'

'အံမယ်. . ကောက်ညင်းက မစေး ဆန်ကြမ်းက စေးရတယ်လို့ ဩော်. . အဟင်းဟင်း မေ့လို့ ကိုယ့်ကောက်ညင်းက





တစ်ပတ်နွှမ်းသွားပြီကိုး'

အတိတ်ကို တဒင်္ဂမေ့လျော့ပြီးပြောလိုက်မိသော အန်တီစိန်က ပြောရင်းပင် သတိဝင်လာကာ နောက်ဆက်တွဲ ညည်းညူလိုက်သံနှင့်ဆုံးလိုက်လေသည်။

'အင်း. . မိန်းကလေးဆိုတာ တကယ့်ဖက်ပါပဲလေ ဖက်ပေါက်တော့ တန်ဖိုးကျသွားရတယ် ဒေါက်တာ့ဘက်က စဉ်းစားရမယ့်ကိစ္စပေပဲ'

အန်တီစိန့်စကားကြောင့် မိုးမြင့်ထည် အများကြီးစဉ်းစားလိုက်ရလေပြီ။

မိမိဘက်က အဖြူထည်အတွက်ဖွင့်ဟတောင်းဆိုလိုက်မိတာ စောသွားခဲ့လေပြီလား။ အဖြူထည့်တန်ဖိုးကိုများ ချလိုက်သလို ဖြစ်သွားပြီလားဟု။ အများကြီး စဉ်းစားဖို့လိုသေးသည်။ ဒေါက်တာ့မိဘများ၏ဆန္ဒကကော။

*



www.burmeseclassic.com

www.burmeseclassic.com







အခန်း(၃၀)

မိုးမြင့်ထည် ဖခင်ကို ခရီးဦးကြိုပြုလိုက်သည်။

'ကိစ္စတွေ အပြီးအပြတ်ဖြတ်ခဲ့တယ် သမီး'

ဖခင်အားအမောပြေစေရန် သံပုရာရည်အေးအေးက လေးတစ်ခွက်ကို တိုက်လိုက်သည်။

ဖခင်က တစ်ချိုက်နှစ်ချိုက်ယူသောက်အပြီးတွင် စကားစလာသည်။ မိုးမြင့်ထည် အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့လဲ ဖေဖေ'

'ကြည့် နိုင်ငံဝန်ထမ်းဘဝဆိုရင်လည်း အသက်၆၀ဆိုရင် အငြိမ်းစားယူခွင့်ရပြီမှတ်လား ဖေဖေလည်း ခြောက်ဆယ်ပြည့်တော့မှာပဲ အငြိမ်းစားယူ သက်တူရွယ်တူတွေနဲ့ ဂေါက်ရိုက်လိုက် လမ်းလျှောက်လိုက်လုပ်ပြီး မြေးကျောင်းကြိုကျောင်းပို့လုပ်ပေးရမယ့်အလုပ်မျိုးလောက်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေချင်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထည်အားတက်သွားသည်။ ဖခင်သည် တကယ်ဝဲ စီးပွားရေးလောက၏မွန်းကြပ်နေမှုကို ရုန်းထွက်သွားချင်ပြီလား လူမှုရေးလောက၏မွန်းကြပ်မှုကိုကော။

'ဖေဖေ အနားယူလိုက်ဦးမလား'

'နားစရာဘာလိုလို့လဲ သမီးရယ် ၄၅မိနစ်လောက်လေးလေယာဉ်စီးလာရတာပင်ပန်းစရာလား။ ဒီမှာကော အဆင်ပြေရဲ့လား ဖေဖေ့ကို ဘာပြောစရာရှိနေလို့လဲ ပြောလေ ဖြူနဲ့တိုးကော'

'တစားကွင်းသွားကြတယ် နီလည်းရောက်နေတယ် ဖေဖေ'

ပြောထားသည့်ရက်ထက် တစ်ရက်ကြိုတင်ကာရောက်လာသောဖခင်ကြောင့် တိုင်မင်တွေလွဲသွားရသည်။

'ဟုတ်လား'

'လှမ်းခေါ်လိုက်ဦးမယ် ဖေဖေ'

'နေပါစေသမီး ရောက်တုန်းရောက်ခိုက် မောင်နှမတွေလွတ်လွတ်လပ်လပ်ပျော်ပါစေ'

'ဖေဖေ ပရက်ရှာတွေဘာတွေကော တက်သေးလား'

'အဲဒါပြောမလို့ သမီး ဖေဖေ မက်ဒီကယ်ချက်ကပ်လုပ်ကြည့်ပြီးပြီ စိုးရိမ်စရာဆိုးဆိုးရွားရွားအနေအထား ဘာမှမရှိဘူး





တဲ့။ စိတ်အပန်းဖြေအနားယူ ကိုယ်လက်လှုပ်ရှားမှုသာ များများလုပ်ပေးဆိုလို့ ဖေဖေလည်း သောကတွေ မောဟတွေ လောဘတွေကို ပယ်ရှားလိုက်ချင်တယ်'

'ကောင်းတာပေါ့ ဖေဖေ ခေါင်းထဲကို ဘာသောကမှ အဝင်မခံတာ အကောင်းဆုံးပဲ သားသမီးတွေလည်း အရွယ်ရောက်လာပြီပဲ ကိုယ့်လမ်း ကိုယ်လျှောက်ကြမှာပေါ့ သမီးပဲ ဖေဖေ့အနားမှာရှိနေရင်'

'နိုး နိုး သမီးလည်း ဖေဖေ့အနားမှာ တစ်ကိုယ်တည်းရှိနေရင် ဖေဖေ့နောက်ကြောင်းအေးနိုင်မှာမဟုတ်ဘူး ဒါဆို ဖေဖေ မှတရားရာ ကျသွားလိမ့်မယ် သမီးလည်း အိမ်ထောင်ပြုမယ် ဒါမှဖေဖေ နောက်ကြောင်းအေးနိုင်မှာ

ရှင်

ဖခင်က ထူးထူးဆန်းဆန်းစကားတွေ စပြောလာသဖြင့် မိုးမြင့်ထည်အတွက် အခွင့်အလမ်းတွေပိုရလာလေပြီ။

ဟုတ်တယ် ဖေဖေ့အတွက်က နာရင် ပြုစုမည့်သားသမီး သုံးယောက်တောင်ရှိတယ်'

'တိုးကကော'

'တိုးကိုထည်ညီမတွက်ပါဘူး အသက်အရွယ်ရောက်တာကို ကွာဟနေတာပဲ နောက်ပြီး အိမ်မှုကိစ္စရေးတို့ ဘယ်လော



www.burmeseclassic.com

www.burmeseclassic.com



အဘိုင်းအတာအထိ အံကုလာနိုင်မှာဖို့လဲလို့ ဖေဖေစဉ်းစားမိတယ်'

'ဟာ ဖေဖေ ဖေဖေ့စကားတွေကြားရတာ သမီးအရမ်းဝမ်းသာကာပဲ'

မိုးမြင့်ထည်မှာ ဝမ်းသာလုံးဆို့လာသဖြင့် မျက်ရည်များပင် စို့တက်လာရလေသည်။

'သမီးမှာပြောစရာ စကားတွေရှိနေတယ်မှတ်လား ပြောတော့သမီး'

'သမီးပြောဖို့အားယူနေတာပါ ဖေဖေက သမီးမှာပြောစရာစကားတွေရှိနေမှန်း ဘယ်လိုလုပ်သိသလဲ'

'သိတာပေါ့ သမီးမျက်လုံးကိုကြည့်တာနဲ့ကို သိတယ်ကိုင်း . . ပြော၊ ဖေဖေ့ကိုဘာမှမငဲ့နဲ့ ဖေဖေကျန်းမာရေးကောင်းနေပြီ သားသမီးဇောဆိုတဲ့အတ္တအမှောင်လည်း မဖုံးလွှမ်းတော့ဘူး သားသမီးပေါ်မှာထားတဲ့မေတ္တာရောင်အေးအေးလေးပဲ ရှိတော့တယ်'

မိုးမြင့်ထည်အားတက်သွားပြီး

'ဒီလိုပါဖေဖေ . . .'

ဟု အစချီကာ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။ ပြောရင်း ဖခင်မျက်နှာကိုလည်း ကြည့်နေရသေးသည်။





တော်သေးသည်။

ဖခင်က လက်ကျန်သံပုရာရည်ကို သောက်လိုက် သူ့စကားကိုဝင်ထောက်ကာ မေးခွန်းထုတ်လိုက်နှင့်ဘည်ငြိမ်စွာသင်မှီနေသည်။

'ဒီတော့ သမီးက ဓားကို သူတို့နဲ့ ပေးမတွေ့သေးဘူးပေါ့'

'မြေးအနေနဲ့ မတွေ့သေးတာပါ မြစ်ဖူးတွေ့မှုအောင်တော့ ပြထားပေးပြီးပါပြီ ဖေဖေ့သဘောမသိရသေးဘဲ သမီးတို့ဘာကိုမှမလုပ်ပါဘူး'

ဖခင်သည် တဒင်္ဂတွေဝေသွားသည်။

တအောင့်လောက် ငြိမ်သက်နေပြီးမှ

'ကံကြမ္မာက ဖေဖေတို့ကို မျက်နှာသာပေးပြီ ထင်တယ်သမီး'

'ဘာဖြစ်လို့လဲ ဖေဖေ'

'ဖေဖေလည်း မြေးကိုသားလုပ်ထားပြီး ကိုယ့်သမီးအစိုကို အပျိုပြန်လုပ်ထားရတဲ့ အရိပ်မည်းကြီးရဲ့ခြောက်လှန့်မှုဝေဒနာကိုပိုတိုးစေခဲ့တာပါ လိပ်ပြာမသန့်သလိုခံစားနေရတာ ခုလွှတ်ကင်းတော့မယ်ပေါ့ တိုက်ဆိုင်လိုက်တာ မေးငဲ့ဝေယံအမြူကိုပန်ရိုဝို့စ်လုပ်ရင်တောင် ဖေဖေက နားမလည်ဘိတ် မရှုပ်ချင်

www.burmeseclassic.com



လို့ဖွင့်ပြောရကောင်းမလားစဉ်းစားနေခဲ့တာ'

'သမီးလည်း အခုမှပဲ သက်ပြင်းချနိုင်တော့တယ်'

'ကိုင်း အဲဒါမှတွေ့ပေမဲ့နေနဲ့ သမီး မောင်ဝေယံမိဘတွေကို ဒီမှာပဲတည်းဖို့ပြော'

'မေမေကလဲ ကိုဝေယံအိမ်ကလည်း အကြီးကြီးပဲဟာ ထမင်းစားခေါ်တာတောင် မနေ့ကနေ့လည်စာပဲလာ စားတယ် ညစာနေတော့ ကော်ဖီလေးတောင် မသောက်ဘူး ဖေဖေပြန်လာမှ လာမယ်တဲ့'

'ဟ ဖေဖေပြန်လာပြီပဲ သမီးကိုယ်တိုင်သွားခေါ်တော့ မစိန်ကို နေ့လည်စာဖွယ်ဖွယ်ရာရာပြင်ခိုင်းလိုက်တော့'

ဖခင်က ကြည်ကြည်နူးနူးဖြင့် မိုးမြင့်ထည်ဝမ်းသာသွားရ မလေသည်။ စိုးရိမ်ကြောင့်ကျနေမှုလည်း ပျောက်ကင်းသွားသဖြင့် လူမှာပေါ့လပ်ပေါ့ပါးသွားလေသည်။

'ဟုတ်ကဲ့ ဖေဖေ'

'မောင်ဝေယံကိုကော အိမ်ငှားချင့်ကိစ္စမှန်မှန်စီစဉ်ပေးရဲ့လား လက်ကြောထိုးရဲ့လား'

'လက်တော့ ခံမှာမျှပါ'

'အေး ဒါဆို ကောင်းတယ် ကိုင်း ဖေဖေ ရေမိုးချိုးခဲ့ရဦးမယ် ရေချိုးလိုက်ဦးမယ် မောင်ဝေယံမိဘတွေဆီကို





ကိုယ်တိုင်သွားဖိတ်ခေါ်ခဲ့နော်'

'ပွဲရုံသွား'

'ထားလိုက်စမ်းပါသမီးရာ ဖေဖေတို့မှာလျှံနေတာပဲဟာ လောဘတကြီး ဘာကိုမှကုန်းရုန်းမရှာနဲ့ သေရင်ကိုယ့်နောက်ပါမှာတွေမဟုတ်ဘူး သမီးအမေကော ဘာယူသွားရလို့လဲ'

ဖခင်တရား သဘောကို နားလည်လာပါလေ့ဟု တွေးမိကာ မိုးမြင့်ထည်စိတ်လွတ်လပ်ပေါ့ပါးသွားလေသည်။ စိုးရိမ်စိတ်လွင့်ပြယ်သွားတော့ မြူမှောင်ကင်းသောလမင်းနှယ် မိုးမြင့်ထည်ရင်မှာလည်း ရှင်းသန့်ကြည်လင်သွားလေတော့သည်။

'ဒါဖြင့် သမီးသွားလိုက်ဦးမယ် ရေအကြာကြီးစိမ်မချိုးနဲ့နော်ဖေဖေ'

'အေးပါ သွားသွား'

မိုးမြင့်ထည်သည် အန်တီစိန်ကိုညှိသည်တွေကျွေးမွေးမည့်အကြောင်းပြောပြီး ထွက်ခဲ့လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၁)

မိုးမြင့်ထည်က တိတ်တိတ်ဆိတ်ဆိတ်ဖြစ်နေသော ဆရာဝန်ကြီး၏အိမ်ထဲသို့ ရဲတင်းစွာပင် ဝင်ခဲ့လိုက်သည်။

ဒေါက်တာဝေယံ၌န်ကို ယခုအချိန်မှာ မမှုတော့။ သူ့မိဘနှစ်ပါးရှိနေပြီ။

ထို့ကြောင့် မိမိအတွက် အနမ်းချုံခိုတိုက်မှုအားမှလွတ်ကင်းနိုင်မည်ဟုယုံကြည်စိတ်ချမိသဖြင့် ရဲတင်းစွာဝင်ခဲ့ခြင်းဖြစ်သည်။

'ဒေါက်တာ'

ထူးသံမကြားရ။

'အန်တီ အန်ကယ်'

ဒါလည်း ထူးသံမကြားရ။

မိုးမြင့်ထည် ခြေလှမ်းက ဧည့်ခန်းဆီမှ ထမင်းစားခန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီသို့ ရွေ့လျားလိုက်သည်။ အသံလည်း ထပ်မံ လှမ်းပြု လိုက်သည်။

'ကိုဝေယံ အို့ အမေ့'

ထမင်းစားခန်းအဝသို့ရောက်သည်နှင့် နောက်ဖက်ဆီမှ ရုတ်တရက်သိုင်းဖက်ကာ အနမ်းမုန်တိုင်းမွှေနှောက်ခြင်းကို ခံလိုက်ရလေတော့သည်။

'ရှင် ရှင် လွှတ်(ညှတ်)စမ်း'ဗ

'ချစ်တာမပြောရင် လွှတ်မယ်ရှေ'

'ရှင့် ကိုယ့်ရုက်သိက္ခာကိုမှ မထောက်။ ဖယ်စမ်း ရှင့် ဟျှန်မှုကို စိတ်ကျဉ်းကြပ်အောင်မလုပ်စမ်းပါနဲ'

မိုးမြင့်ထည်ရင်မှာလည်း ကြေကြေကွဲကွဲကလေးခံစား လိုက်ရသည့်မို့ မြေချင်းနှသံက ဟုန်ပါလာသည်ဖြစ်ရာ ပေါ်ခြင်း 'ဟင် မိုး'

ဒေါက်တာဝေယံဇွန်လည်း အံ့သြသွားပြီး လွှတ်ပေးလိုက်လေတော့သည်။ မိုးမြင့်ထည်လည်း ထောင်ချောက်မှလွတ်သောသမင်ငယ်နှယ်ပြေးထွက်ကာ ဧည့်ခန်းဝ၌ရပ်လိုက်သည်။ တုန်လှုပ်မှုကြေကွဲမှုတို့ကြောင့်ရစ်ဝဲလာသော မျက်ရည်စများကို သုတ်ပစ်လိုက်ပြီး

'အနန်တာယ်နဲ့ အနန်တီတော'





'တိုးနောက်ကို နောင်ယောင်ခံလိုက်သွားကြတယ်'

'ရှင့်ကား ရှိနေတော့ အနန်တီတို့ရှိမယ်ထင်လို့ ဝင်လာတာ'

'ကားငှားသွားတယ် ကိုမှလိုက်မပို့နိုင်တာ'

'ဖေဖေ ပြန်ရောက်ပြီ'

'ဟင် ဟုတ်လား ထိုင်ပါဦး မိုးရယ် ကို မိုးကို ထိုက်မအားပါဘူး'

မိုးမြင့်ထည်မဲ့လိုက်လေသည်။

ကိုက်စားတာထက်တောင် ဆိုးသေးတယ်ဟုရင်ထဲမှာပြောလိုက်သည်။

'မထိုင်တော့ဘူး ဖေဖေက အိမ်မှာပဲ မသွားမချင်း ညနေကစာ စားဖို့နဲ့ တည်းချင်တယ်ဆိုရင်လည်းတည်းပါလို့ ဖိတ်ခေါ်ခိုင်းလိုက်လို့ပါ'

သူ့စကားအဆုံးတွင် ဒေါက်တာဝေယံဇွန် အံ့အားသင့်သွားပြီး မေးခွန်းများဆက်တိုက်ထုတ်လိုက်လေသည်။

'ဖေဖေက ဘာပြောသလဲ'

'ဖေဖေ့ကို အကျိုးအကြောင်းတွေပြောပြလိုက်ပြီလား'

'ကျန်းမာရေးအခြေအနေကကော'

မိုးမြင့်ထည်လက်ကာတော သူ့အားလှမ်းကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် မျက်နှာလွှဲကာ

'ဖေဖေ ဖေဖေလို့မခေါ်နဲ့ ရှင့်အဖေမဟုတ်ဘူး'

'အဟင်း ဟင်းဟင်း'

အဲဒီမခိုးမခန့်ရယ်သံကိုပဲ အသည်းယားမိတာ။ မိုးမြင့်ထည်မျက်စောင်းထိုးလိုက်မိလေသည်။ ဒေါက်တာဝေယံ့ထွန်းကကလေးဆန်သောအပြုအမူလေးတွေ ပေါ်ပေါက်လာသည့် မိုးမြင့်ထည်ကို မချိုမချဉ်မျက်နှာနှင့်စွေကြည့်လိုက်ပြီး

'ယောက္ခမတော်ရမဲ့သူမို့လို့ အခုကတည်းက ကြိုတင်ပြီး ဖေဖေခေါ်ထားရတာလေ နှုတ်ကျိုးနေတော့ မကောင်းဘူးလား'

'ဟင်း'

အနှောင့်အသွားမလွတ်သော စကားကြောင့် မိုးမြင့်ထည်ရင်ဝယ် ဘဝင်မကျနိုင်။ ငါးရံ့နှစ်ကောင်ဖမ်းချင်တာလား အို. . ကိုယ်က အရွေးချယ်ခံမိန်းမသားဖြစ်ရအောင် ခပ်ညံ့ညံ့မိန်းမမှ မဟုတ်တာ။ ကိုယ်ကသာ ရွေးချယ်သူမိန်းမဖြစ်ရမည်ဟုသောမာနကတော့ သူ့ဦးနှောက်၌အပြည့်အဝနေရာယူထားလေသည်မို့။

'ဖြူက လက်ခံပြီလား'

'ခင်ဗျားညီမ ခင်ဗျားမေးကြည့်ပေါ့ ကျုပ်တူ့ကို အခြား





သူ့စိမ်းကိုတော့ အဖေမခေါ်စေချင်ဘူးလေ ဒါတော့ ကို့စေတနာအမှန်ပဲ ဒီအတွက် ကျုပ် အများကြီးစဉ်းစားခဲ့ပြီ တစ်ညလုံးလည်း အိပ်မပျော်ဘူး'

ကြည့်စမ်း။ မျက်နှာပြောင်တိုက်ရဲတဲ့လူပဲ၊ ခုနကပဲ လူကို ပိုင်စိုးပိုင်နင်းချုပ်နှောင်ကာ အနမ်းမိုးရွာသွားခဲ့သူက ယခုတော့ သူနှင့်မဆိုင်သလိုလို သူဘာမှမလုပ်ခဲ့သလိုလိုနှင့်ပြောင်ကျရဲလွန်းသည်။ ဆက်လက်၍

'မေဖေနဲ့မေမေကလည်း ဥမကွဲသိုက်မပျက်ဖြစ်အောင်ဖြူတို့သားအမိရဲ့ဘဝကိုပေးဆပ်တဲ့အနေနဲ့ကော၊ သူတို့ပါ မခွဲနိုင်လို့ ကို့ကိုလက်ထပ်ဖို့တိုက်တွန်းတယ်'

'ဖြစ်သင့်ပါတယ်'

ထိုစကားကို အပြုံးမပျက်ပြောလိုက်သည်။ ရင်ထဲမှာတော့ နာကျင်နေသည်။ ရယ်နေသောမျက်နှာပြင်ပေါ်မှာ ကွယ်နေသောမျက်ရည်စတွေရှိနေလိမ့်မည်ဟု မိုးမြင့်ထည်လုံးဝတွေးထင်မထားခဲ့ပါချေ။ ယခုတော့ ထိုအတွေးကို ကိုယ်တိုင်ခံစားချက်နှင့်မွေးဖွားလိုက်မိလေသည်။

'မိုးဖေဖေလည်း အဲဒီလိုစိတ်ကူးမျိုး ရှိလိမ့်မယ်ထင်ပါတယ် အဟင်းဟင်း ကိုယ်လည်းစဉ်းစားပါတယ် ဖြစ်သင့်တာနဲ့ဖြစ်သင့်တာ ဘယ်ဟာကိုဦးစားပေးရမလဲလို့'



www.burmeseclassic.com

www.burmeseclassic.com



ယခုနေ ပြန်ချသွားလို့လည်း သူ့အပေါ်စိတ်ဝင်စားလို့ သူ၏စကားတွေ နားမထောင်ရဲတာဟု ထင်သွားကောင်းထင် သွားပြီး နားထင်သွေးရောက်မှာစိုး၍ မျက်နှာကို ပုံမှန်အနေအထားဖြင့်ပင် နားထောင်နေလိုက်သည်။

'နှလုံးသားနဲ့ဦးနှောက်လွန်ဆွဲနေတယ်'

ဆရာဝန်ကြီးက ကဗျာဆန်ပြနေသည်။

'ကို့နှလုံးသားက မိုး ကို့ဦးနှောက်က ဖြူနဲ့တိုး အင်း.. ဒီလွန်ဆွဲပွဲမှာ ဘယ်သူ့ဘက်အသာပေးရမလဲလို့'

'အပိုတွေပြောမနေနဲ့ ရှင်ဖြူ့ကိုသာလက်ထပ်လိုက် ရှင့်ညီတာဝန်မကျေခဲ့တာတွေအတွက် ရှင်က အတိုးနဲ့ဆပ်လိုက်ပေါ့ ဟုတ်ပြီလား ကျွန်မသွားမယ် အန်တီနဲ့အန်ကယ်ကို ရှင်ပဲလိုက်တွေ့ပြီးပြောလိုက်တော့'

'ကျေးဇူးပြုပြီး ကစားကွင်းမှာရှိလိမ့်မယ် လိုက်သွားပြီးပြောပေးပါလား'

'ရှင်ပဲပြောလိုက်တော့လေ ကျွန်မ အိမ်တိုင်ရာရောက်လာဖိတ်ပြီးပြီပဲ'

'ကျွန်တော် ခုပဲ ခွဲခန်းဝင်တော့မှာမို့လို့ပါ'

မိုးမြင့်ထည်စိတ်ထဲ ကလိကလိဖြစ်သွားရလေသည်။

'ရှင်ကတော့လေ အန်တီအန်ကယ့်မျက်နှာ ဖြူ့မျက်နှာ





တိုးမျက်နှာကြောင့် ကျွန်မလိုက်သွားလိုက်မယ် လိုရမယ်ရ အန်ကယ်တို့မှာဟမ်းဖုန်းပါသွားရင် အဲဒီဖုန်းနံပါတ်ပါပေး'

'ဟုတ်ကဲ့ ကျေးဇူးပါပဲမိုး'

သူက ဖုန်းနံပါတ်တစ်ခုကိုကောက်ရေးပေးလိုက်သည်။ လှမ်းအယူ၌လက်ကိုဆုပ်ကိုင်ကာ

'မိုးကလွဲပြီး ကျွန်တော်ဘယ်သူ့ကိုမှမချစ်ဘူးဆိုတာယုံပါ'

'တော်စမ်းပါ အပိုတွေပြောမနေနဲ့ ရှင့်ကို ကျွန်မ လုံးဝမချစ်နိုင်ဘူး ဒါပဲ'

လက်ကို ဆောင့်ရုန်းခဲ့ပြီး ကားရှိရာသို့ ခပ်သွက်သွက်လျှောက်လှမ်းကာ ကားပေါ်တက်စက်နှိုးလိုက်သည်။ နောက်မကြည့်တမ်းထွက်ခဲ့သော်လည်း စက်နှိုးနေသည့်သော့ကိုင်လက်မှာတုန်ရီနေလေသည်ကို သတိပြုမိလိုက်တော့ ကိုယ့်ကိုယ်ကိုယ်မကျေမနပ်ဖြစ်သွားရလေသည်။ အချစ်အတွက် ဖြစ်သင့်သောကိစ္စတစ်ခုကိုကျောခိုင်းပစ်ရလောက်အောင် မမိုက်မဲနိုင်ချေ။

*



www.burmeseclassic.com

www.burmeseclassic.com



ညီ
ပေါ့
လိုက်ငေ
ပြော





အခန်း(၃၂)

မိုးမြင့်ထည် အိမ်ပြန်ရမည့်ကိစ္စကို ရှောင်ထိမ်းနေလေသည်။ ပွဲရုံကိစ္စကိုသာအကြောင်းပြရှောင်နေလိုက်သည်။

အဖြူထည်နှင့်နီဝင့်ထည်ထံမှ ဖုန်းတဂွီဂွီတဝွမ်ဝွမ်လာလေသည်။

'မမကြီး ညနေစာအမှီတော့ပြန်လာခဲ့ပါ မင်္ဂလာသတင်းစကားတွေကြားရမှာပါ နီလည်း မနက်ဖန်ပြန်တော့မှာ'

ဟု နီကတစ်မျိုး၊

'မမကြီး ဖြူ့ကို ဥမကွဲသိုက်မပျက်နေဖို့အတွက် ဒေါက်တာနဲ့လက်ထပ်ခိုင်းနေတယ် ဖြူဘာလုပ်ရ မလဲဟင်'

ဟု ဖြူက တစ်ဖုံ။

မိုးမြင့်ထည် စိတ်ရှုပ်လာသဖြင့်

'ဖြူသဘောကကော'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူ့ရဲ့နှလုံးသားထဲက တစ်ခုတည်းသောအချစ်ကတော့ ဝါနဲ့အတူပါသွားပြီမကြီး သားအတွက်ပဲစဉ်းစားမယ်ဆိုရင်တော့ နှစ်ဘက်မိဘတွေရဲ့ဆန္ဒအတိုင်းလက်ခံလိုက်မလား့လို့ပါ ဒါပေမဲ့ မကြီးသဘောကို သိချင်သေးတယ်'

မိုးမြင့်ထည် ပင့်သက်ရှိုက်လိုက်သည်။ ပြီးမှ

'ဖြူနဲ့တိုးတို့အနာဂတ်အတွက် လုံခြုံနွေးထွေးတဲ့နေရာ တစ်ခုပါပဲ မကြီးလည်း သဘောတူပါတယ် ဒါပေမဲ့ ဒေါက်တာ့ ကိုတော့ ညီမ ထိန်းထိန်းသိမ်းသိမ်းနဲ့ ကြီးကိုင်နိုင်ရဖို့ကို ကြိုး စားရလိမ့်မယ်နော် လွှတ်ထားလို့ရမှာမဟုတ်ဘူး'

'ရှင် မမကြီးဆိုလိုတာက'

'မြာပွေမှာစိုးလို့ပါ'

'ဟင် နီပြောတော့ ဒေါက်တာက မိန်းမကိစ္စ အရှုပ် အရှင်းသိပ်ကင်းတာပဲတဲ့ နီကတော့ သူ့ဆရာခြောက်နေသလား လို့တောင် ထင်ခဲ့သေးတာတဲ့လေ ဟင်းဟင်းဟင်း'

အဖြူထည်ထံမှရယ်သံသဲ့သဲ့လေးကြားလိုက်ရသဖြင့် မိုး မြင့်ထည်အားတက်သွားမိသည်။ အဖြူထည်နှင့်တိုးဘဝအတွက် အကောင်းဆုံးသောရွေးချယ်မှုကို သူကျေနပ်သင့်သည်။ အနည်း ငယ် ထိခိုက်ဒဏ်ရာရသောနှလုံးသားကတော့ အခြေအနေနဲ့ အချိန်အခါက ကုစားသွားမှာပါ။





'ကောင်းပါတယ် ငါ ကိစ္စတွေပြတ်မှပဲပြန်လာတော့မယ် ညီမပဲ ညီမယောက်ျားတွေကို ကောင်းကောင်းဧည့်ဝတ်ကျေပွန် အောင် ပြုစုလိုက်ပါ ကြော် ဖြူ'

'ပြောပါ မမကြီး'

'ဖေဖေကော အခြေအနေကောင်းပါတယ်နော်'

'ကောင်းပါတယ် မမကြီး နှစ်ပူအတွက် သက်သာသွားပြီ လို့ပြောပါတယ်'

'ဟုတ်ပြီ ဟုတ်ပြီ ဒါဆို ဒါပဲ နော်'

'မမကြီးကို အားလုံးက တမေးတည်းမေးနေကြတာ'

'အေးလေ မြီအောင်ပြန်လာခဲ့မယ် ဒါပဲ'

ဖုန်းစက်ခလုပ်ကိုပိတ်ထားလိုက်လေသည်။ ထမင်းစား ပြီးချိန်လောက်မှ မှန်းပြီးပြန်တော့မည်ဟုလည်း ဆုံးဖြတ်လိုက် လေသည်။ သိပ်ရှောင်နေလို့လည်း မကောင်းဘူးထင်ပါသည်။ ညီမနှစ်ယောက်ကြား၌ သူလိုလိုကိုယ့်လိုလိုနှင့်မာယာများသော ယောက်ျားတစ်ဦးအတွက် ဘာမှတမ်းတလွမ်းမောနေစရာမလို ဟုလည်း မိုးမြင့်ထည်ကိုယ့်ကိုယ်ကိုယ်အားပေးလိုက်လေသည်။ အလုပ်ထဲ၌ အာရုံကိုနှစ်ထားလိုက်သည်။ ပွဲရုံပိတ်ပြီးလျှင် စား သောက်ဆိုင်ဘက် ခဏသွားလိုက်မည်။ အိမ်မှာ စားသောက် ပြီးချိန်မှန်းပြီးမှပြန်လိုက်မည်ဟုတွက်ကိန်းနှင့်အလုပ်လုပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



'မမိုး အားလုံးပြန်ကုန်ပြီ မမိုးကော'

လုံခြုံရေးဝန်ထမ်းက တံခါးတွေ မီးတွေပိတ်ပြီးနောက် သူ့ရုံးခန်းဝသို့ရပ်ကာ လှမ်းပြောလိုက်သည်။

'ဒါလေးပြီးမှပြန်မယ် မင်းပြန်တော့လေ'

'ဟုတ်ကဲ့ ကလေးကိုယ်နွေးနေလို့ ဆေးခန်းသွားမှာမို့လို့ ပြန်တော့မယ်နော်'

'အေးအေး ပြန်ပြန်'

မိုးမြင့်ထည်က လှမ်းပြောလိုက်ပြီး အဝင်စာရင်းကိုချုပ်လိုက်လေသည်။ ထိုစဉ် ဖျတ်ကနဲမီးငြိမ်းသွားလေသည်။

'ဟင်'

မိုးမြင့်ထည် တုန်လှုပ်သွားသည်။ နေတောင် ဝင်သွားလေပြီကော။ အတွင်းပိုင်းကျသောအခန်းဖြစ်၍မှောင်နေသည်။ မီးကြက်လှမရှိသောမြို့ ဖြစ်၍ မိုးမြင့်ထည်မှာ ဓာတ်မီးပင် မဆောင်ထား။

'ဟင်း'

သက်ပြင်းချကာ စာအုပ်ကိုပိတ်လိုက်ပြီး အံဆွဲထဲထည့်လိုက်သည်။ မှန်းဆကာ ပိုက်ဆံအိတ်ကောက်ကိုင်ကာ ရပ်လိုက်သည်။ ရုတ်တရက် အရိပ်မည်းတစ်ခုက မိမိထံသို့ချဉ်းကပ်လာသောအခါ မိုးမြင့်ထည်ကြောက်လန့်သွားသည်။ စားပွဲပေါ်ကို





လက်လှမ်းလိုက်သည်။ ခုခံကာကွယ်ရန် စားပွဲပေါ်၌ ဘာပစ္စည်းများရှိလေမလဲဟုအပြေးအလွှားလည်းစဉ်းစားတော့ စားပွဲတင်နာရီ၊ စာရွက်စာတမ်းဖိသော ဖန်လုံး။ လက်က စားပွဲပေါ် လှမ်းလိုက်သည်။ လူရိပ်မည်းကိုလည်း မျက်ခြေအပြတ်မခံဘဲ စောင့်ကြည့်ရင်း သတိနှင့်

'ဘယ်သူလဲ ထွက်သွားစမ်း'

မိန်းမသားတစ်ဦးအတွက် အန္တရာယ်ဆိုသည်မှာလက်တစ်လှမ်းအကွာတွင် အမြဲရှိနေတတ်သည်။ အရဲအားကိုး၍မရ။

'အဟင်းဟင်း'

ခပ်အုပ်အုပ် ရယ်သံနှင့်အတူ အရိပ်မည်းက သူ့ထံသို့ ဝုန်းကနဲရောက်လာပြီး သူ၏စားပွဲပေါ် လှမ်းနေသောလက်ကို အရင်ချုပ်ကိုင်ပြီးနောက် ရင်ခွင်ထဲသို့ ဆွဲသွင်းကာ အငမ်းမရ အနမ်းရှည်တစ်ချက်ကိုကျူးကျော်လိုက်ပြီးနောက်လွှတ်ကာ မီးခလုတ်ဆီသို့လျှောက်သွားပြီး မီးဖွင့်လိုက်လေသည်။

မိုးမြင့်ထည်မှာ အစော်ကားခံရလေခြင်းဟူသောသူကြီးမရစိတ်နှင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ကာ မျက်ရည်များက အလိုအလျောက်ကျဆင်းလာလေသည်။

'မိုး'

အလင်းရောင်က ရုတ်တရက် ပြန်လင်းလာတာလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်း၊ ဒေါသနှင့် ယူကြုံးမရစိတ်ကြောင့် လျှံဝေကျနေသော မျက်ရည်များကြောင့်လည်း တစ်ကြောင်း လူကို မမြင်ရသော်လည်း အသံကြောင့် သိလိုက်ရသည်။

ဒေါက်တာဝေယံဇွန်။

သူသည် မိမိအား ဘယ်အတိုင်းအတာအထိများ လူကိုရော စိတ်နှလုံးကိုပါဒုက္ခပေးနေဦးမှာလဲ။

'ရှင် ရှင်'

'မိုးရယ်'

သူက အနားသို့ ချဉ်းကပ်လာပြန်တော့ မိုးမြင့်ထည်နောက်သို့ဆုတ်ကာ

'ရှင် ကျွန်မအနားမလာပါနဲ့ ရှင် လူယုတ်မာပဲ'

'ဗျာ ချစ်တာကိုယုတ်မာတယ်လို့ ပြောသလား'

'ပြောတယ် ရှင်ဟာ ကျွန်မရဲ့မတ်ဖြစ်တော့မယ်သူလေ ကျွန်မဟာ ရှင်ရဲ့မရီး မရီးဆိုတာ အစ်မပဲ ဒါကို ရှင်က'

လူတစ်ယောက်ကို ချစ်မိခြင်း၌ တို့သူ၏ဂုဏ်သိက္ခာကို ပါမြင့်မားစေချင်သည်။ အပြစ်အနာအဆာကင်းသူ ဖြစ်စေချင်သည်။

'ရှင်ဒီလိုပုံမျိုးဆို ကျွန်မညီမအတွက် ဘယ်လိုလုပ်စိတ်ချရမလဲ ကဲ ပြန်ပါရှင် ရှင်ထွက်သွားပါ'





'မိန်းမသားတစ်ဦးရဲ့ဘဝဟာ ယောကျ်ားတစ်ဦးလိုစိတ်လွတ်ကိုယ်လွတ် မနေသင့်ဘူး။ ခုကြည့် လူယုတ်မာဆိုတာ ရှိပါတာမဟုတ်ဘူး ယောကျ်ားအားနဲ့မိန်းမအားဆိုတာ ဘယ်လိုမှယှဉ်လို့မရဘူးဆိုတာ မိုးသဘောပေါက်သင့်တယ်'

မိုးမြင့်ထည် မျက်ရည်များကိုသုတ်ကာ စိတ်ကိုတည်ငြိမ်အောင်ကြိုးစားလိုက်သည်။

'ခုနက မိုးကို ပညာပေးတာ'

'ဘာ ရှင့်'

'တံခွန်မရှိတဲ့ဘုရား အလံမရှိတဲ့ရထား လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူးဆိုတာကို မိုးသဘောပေါက်အောင်ပါ မိန်းမသားရဲ့ဘဝက ပန်းလေးတစ်ပွင့်လိုပဲ ထိလိုက်တာနဲ့ ကြွေလွင့်လွယ်တယ် ဒါကြောင့် ကိုက ပညာပေးလိုက်တာ ညကြီးအချိန်မတော်အထိ စိတ်ကိုအနားမပေးချင်လို့ တရစပ်အလုပ်လုပ်နေတာမျိုး မလုပ်ပါနဲ့ အန္တရာယ်ရှိတယ်ဆိုတာ တွေ့ပြီလား'

သူ့မျက်နှာကို မဝံ့မရဲခိုးကြည့်လိုက်သည်။ ဤအသက်အရွယ်ထိ ရည်းစားသနာမပြောနှင့် စိတ်လှုပ်ရှားစေခဲ့သူဝင်မရှိဖူးသောမိမိအား စိတ်ရှုပ်စေလောက်သောအထိအတွေ့များသို့ မူးမူးမေ့မေ့အကျွမ်းတဝင်ရှိဖူးသူအား မေ့ပစ်နိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှလုံးသားကို ဦးနှောက်နှင့်စည်းသပ်ကာ ကြိုးတိုင်လိုက်ရတော့မည်။

မတ်ဆိုတာ မောင်ပဲ။ မောင်တစ်ယောက်။ နီနှင့်တန်းတူသဘောထားနိုင်ရန် ကြိုးပမ်း၍ကြည့်လိုက်သည်။

'ဟုတ်ပါပြီ ကိုဝေယံရဲ့ ပညာပေးမှုကို ရယူလိုက်ပြီလို့ ကျွန်မ မှတ်ယူလိုက်ပါပြီ ကဲ ပြန်ပါ'

'အတူတူပြန်မယ်လေ ကျွန်တော့်ကိုဘာကြောင့်ရှောင်နေတာလဲ အားလုံးက မိုးကိုစောင့်နေကြတယ်'

'မရှောင်ပါဘူး ကျွန်မမှမအားတာ'

'ကဲ အခု မအားတာတွေအသာထား ပြန်ကြရအောင် ထမင်းစားစောင့်နေကြတယ်'

မိုးမြင့်ထည်နာရီကြည့်လိုက်သည်။ ခြောက်နာရီခွဲကျော်နေပြီ။

'ဒီအချိန်ထိအားနာစရာ'

တုန်လှုပ်ခဲ့မှုတို့သည်တည် ငြိမ်သွားစပြုပြီဖြစ်၍ ပုံမှန်လေသံနှင့် တုန့်ပြန်လိုက်နိုင်သည်။ တစ်ဆက်တည်း အနည်းငယ်မရှိမရှဲဖြစ်သွားသောအဝတ်အစားများကိုပြုပြင်လိုက်ပြီး မိမိအား မမှိတ်မသုန်စိုက်ကြည့်နေသည့်သူ့အား မျက်စောင်းချိတ်ကာ





'သွားလေ ပြန်မယ်ဆိုမှ'

တံခါးဝ၌ ကာဆီးသလိုဖြစ်နေသောသူ့အား နှင်ထုတ်လိုက်မိသည်။

'သိပ်ချစ်စရာကောင်းတယ်မိုးရာ စိတ်ကို မနည်းထိန်းချုပ်ထားရတယ် ဖျစ်ညှစ်လိုက်ရင် အရိုးတွေကျေပျက်သွားမယ်ထင်တယ်'

ဟုပြောပြီး ရှေ့မှထွက်သွားမှ မိုးမြင့်ထည်လည်း စိတ်ရှုပ်ထွေးစွာနှင့်နောက်မှလိုက်ခဲ့ရလေသည်။

သူကလည်း ပြောချင်ရာပြော၊ မိမိကလည်း ဆိုချင်ရာဆိုနှင့် ပြေလည်မှုကတော့ ဘယ်လိုမှမရသေး။ မိုးမြင့်ထည် ပင့်သက်ချလိုက်သည်။ အပြင်ရောက်တော့

'ဟင် ရှင်ဘာနဲ့လာတာလဲ ရှင့်ကားကော'

'ကိုလား မြေလျှိုးမိုးပျံလာတာ'

'ရှင်ရွှတ်နောက်နောက်မလုပ်ပါနဲ့ မေးနေတာ ကောင်းကောင်း ဖြေပါ'

'အဟင်း မိုးကိုချစ်လို့စတာပါ'

'လုပ်ပြန်ပြီ ဒီစကား ပါးစပ်စည်းမဲ့ကမ်းမဲ့သရော်နေရင် ရှင်နဲ့ကျွန်မ ရှေ့လျှောက်မျက်နှာချင်းဆိုင်ဖို့တောင်တော်တော်ခက်သွားပြီ'

www.burmeseclassic.com



'အလကားကျီစယ်နေတာပါ ကို့ကို နီကလိုက်ပို့ပေးပြီး ထားသွားခဲ့တာ မကြီးကနဲ့ပဲ အတူလိုက်ခဲ့ပါ ဒါမှခေတ်ဆီချွေ တာရာရတယ်တဲ့'

မိုးမြင့်ထည်သည် အလိုက်မသိတတ်သောနီ့ကိုလည်း ဒေါ်ကြန်မိသည်။ ဟင်း သူခိုးစားရိုးကမ်းတဲ့မောင်ပဲဟု။ မည်သို့မှ မတတ်သာတော့။ ဒေါက်တာ့အပေါ် မကျေနပ်သော်လည်း လူကြီးမိဘများကိုအားနာသဖြင့် ပြန်ရန်ဆုံးဖြတ်လိုက်ပြီး

'ဒါဖြင့်လည်း အတူပြန်ကြတာပေါ့'

'ဒီလိုလိမ်မှာမှပေါ့ မိုးရယ်'

မိုးမြင့်ထည်ဘာမှခွန်းတုန့်ပြန်မနေတော့။ လေကုန်ရုံသာ ရှိမည်။ အိမ်အမြန်ပြန်ရောက်ဖို့သာ အရေးကြီးသည်ဟု မှတ်ယူကာ ဒေါက်တာဝေယံဇွန်အား ကားနှင့်တင်ခေါ်ခဲ့လိုက်လေသည်။ တစ်လမ်းလုံး ကသိကအောင့်ဖြစ်အောင် ကလိသေးသည်။ 'တော်တော် စိတ်ပျက်ဖို့ကောင်းတဲ့လူ'ဟု ညည်းတွားလိုက်မိသော်လည်း ရင်ထဲမှာတော့ ခံရခက်နေသော ဝေဒနာဆိုးတစ်ခုက ကြီးစိုးနေသည်မှာ အမှန်ပင်။

*





## အခန်း(၃၃)

အဖြူထည် လည်တာဆန့်ဆန့်နှင့်ဖြစ်နေသည်။

ထို့အတူ ဖခင်နှင့်ယောက္ခမများကလည်း တမျှော်မျှော်နှင့်ရှိနေကြသည်ဖြစ်ရာ စကားပင်ဖြောင့်အောင် မပြောနိုင်ကြတော့။

'သမီးကြီးက မိသားစုတာဝန်တစ်ခုလုံးကို ဦးဆောင်ဦးရွက်ပြုလာရရှာတော့ သူ့စိတ်ဟာ မာကြောတယ်လို့ထင်ရပေမဲ့ တကယ်တမ်းတော့ စိတ်ပျော့ရှာပါတယ်'

မမကြီးနှင့် ပတ်သက်၍ သူ ဝေဖန်ပိုင်းခြားခြင်း မပြုလိုသော်လည်း ယခုတလော မမကြီးအမူအယာသည် ပြောင်းလဲလာသည်ကိုတော့ သတိပြုမိသည်။ ထောင်းတိမောင်းတိမှနေ၍ ပျောင်းနူးညံ့လာသည်။

ဒေါက်တာဝေယံဇွန်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးဟု သူ အခေါ်အဝေါ်ပြောင်းလဲလိုက်သည်။ ကိုကိုကြီးနှင့်မိဘတွေက သူ့အား သဘောတူသည်ဟုဆိုသော အခါ ကိုကိုကြီးက ပြုတ်သားစွာပင် သူ့အား နှစ်ဦးချင်း တွေ့ဆုံကာ စကားတွေတစ်သီကြီးပြောသွားခဲ့သည်။

'ဒီမှာ ညီမဖြူ'

'ဟုတ်ကဲ့ပြောပါ ကိုကိုကြီး'

'အဖြူထည်ဆိုတဲ့အမည်ဟာ ကိုကြီးဘဝမှာ ညီလေးဝါဆိုနဲ့ပတ်သက်ပြီး ခြောက်လှန့်ခံခဲ့ရတဲ့နာမည်ပဲ ဒါပေမဲ့ အဖြူထည်ကိုတွေ့ခဲ့ရတော့ ကိုကြီးအတွက် အဲဒီအိပ်မက်ဆိုးက လွင့်ပြယ်သွားခဲ့တယ်'

'xxxx'

'မင်းမှာအပြစ်မရှိပါဘူး မရှိတဲ့အပြင် မင်းဟာ ဝါအပေါ်မှာ တာဝန်ကျေခဲ့ ကောင်းခဲ့တဲ့ မိန်းမတစ်ယောက်ပဲ နာမည်နဲ့လိုက်အောင် ရောင်စဉ်ခုနစ်သွယ်အားနဲ့ဖွဲ့စည်းထားတဲ့ အင်ပါယာပိုင်ရှင် အဖြူထည်သက်သက်ပါ'

'xxx'

'ဒါကြောင့် ကိုကြီး ကျေနပ်သွားတယ် ဝါဆိုအတွက် ကျေနပ်ပြီးဖြေသိမ့်သွားနိုင်ပါပြီ'

'ညီမ'





'ရှင်'

'မင်း ကိုကြီးကိုလက်ထပ်နိုင်မလားလို့ ကိုကြီး မမေးတော့ဘူး ဘာဖြစ်လို့လဲဆိုတော့ မင်းကို ကိုကြီးက လက်မထပ်နိုင်ဘူး'

ကိုကြီးဝေယံလွန်သည် ဤကဲ့သို့ ပြုတ်သားသူမျိုး ဖြစ်သည်။

အဖြူထည်ကျေနပ်နိုင်ပါသည်။

မိမိနှလုံးသားကလည်း ဝါဆိုဦးနှင့်အတူ မြှုပ်နှံသင်္ဂြိုလ်ခြင်းခံလိုက်ရပြီကိုး။

'ဘာကြောင့်လဲဆိုတော့ ကိုကြီးဟာ ဒီအသက်အရွယ်အထိ အချစ်နဲ့ပတ်သက်ပြီး ဝါဆိုဦးရဲ့လွှမ်းမိုးမှုကြောင့် အချစ်ဆိုတာ တစ္ဆေတစ်ကောင်ပါပဲဆိုပြီး တွန့်ဆုတ်နေမိတာလည်း ပါတယ် ဒါပေမဲ့ အဲဒီအစွဲအလမ်းတွေဟာ မိန်းမတစ်ယောက်ကြောင့် လွင့်ပြယ်သွားခဲ့ပါပြီ'

'အဲဒါဘယ်သူလဲဟင်'

အဖြူထည်ရင်ထဲက သိသလိုလိုရှိသော်လည်း သေချာအောင် မေးလိုက်ခြင်းဖြစ်သည်။

'အဲဒါ ဖြူ့အစ်မပဲ'

'ဟာ တကယ် ဝမ်းသာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူ့အစ်မကိုလက်ထပ်ဖို့ ကိုကြီးမိဘတွေကိုတောင်းဆိုခိုင်းလိုက်တော့မယ် ညီမလည်း ဝိုင်းကူညီပေးပါ သူဟာ အစ်မကြီးပီသစွာနဲ့ တိုးရဲ့နောင်ရေးကိုပါကြည့်ပြီး ကိုကြီးကို ညီမနဲ့ရင်ကွဲခံ တိုက်တွန်းနေတယ်'

'စိတ်ချပါကိုကြီး ဖြူလည်း မကြီးကို ကိုကြီးနဲ့ဆိုသဘောတူပါတယ်'

'ဖြူ့ကို ဝါဆိုနဲ့ပတ်သက်ပြီးတော့တော မိုးနဲ့ပတ်သက်ပြီးတော့ပါ နှစ်ဆတိုးပြီး ညီမရင်းလေးတစ်ဦးလို စောင့်ရှောက်ပေးသွားမယ်ဆိုတာ ညီမလေးယုံကြည်ထားပါ'

'ဟုတ်ကဲ့ ဖြူလည်း ဒီတစ်သက် အိမ်ထောင်မပြုတော့ပါဘူး။ တိုးကိုလှူတော်လှူကောင်းတစ်ယောက်ဖြစ်အောင် မိခင်ကောင်းတစ်ဦးအနေနဲ့ ရပ်တည်သွားတော့မှာပါ'

'ကိုင်း တိုကြီးတို့မောင်နှမနားလည်မှုရှိပြီဆိုရင် ကိုယ့်နှလုံးသားကို ကိုယ်ဥပေက္ခာပြုပြီး တလွဲဆံပင်ကောင်းနေတဲ့ဖြူ့မကြီးကို နည်းနည်းပါးပါးတော့ ပညာပေးလိုက်ကြရအောင်'

ဟု ဆွေးနွေးကြပြီးနောက်ပိုင်း မိဘတွေကိုလည်း အသီးသီးအသိပေးလိုက်ကြလေသည်။ မိဘတွေကလည်း လျှောလျှောလျူလျူပင်လက်ခံလိုက်လေတော့သည်ကိုတွေးနေစဉ်

'မမဖြူ'





'ပြောလေနီ'

'မကြီးက အစ်ကိုကိုလက်ခံနိုင်ပါ့မလား'

'လက်ခံမှာပါ မြွေမြွေချင်းခြေမြင်ပါတယ်'

အဖြူထည် ရဲရဲတင်းတင်းပင်အာမခံစကားပြောလိုက်လေသည်။

'လာလည်း မလာကြသေးဘူး'

'နင်ပဲ ကိုကြီးကိုပို့ထားခဲ့တာ မှတ်လား'

'အင်းလေ ဟော ဟောကားသံကြားတယ် လာပြီ သွားကြိုလိုက်ဦးမယ်'

နီက ထမင်းစားခန်းထဲမှပြေးထွက်သွားလေသည်။

'သွားလေဖြူ ထမင်းစားခန်းထဲသာ ဟန်းခေါ်ခဲ့တော့'

အန်တီစိန်က သူ့အားသတိပေးလိုက်သဖြင့် အဖြူထည်က ခွာလက်စပန်းသစ်တော်သီးကို သင်းသင်းလက်ယို့ လွှဲပြောင်းလိုက်ပြီး လက်ဆေးလက်သုတ်ကာ ဧည့်ခန်းဘက်သို့ထွက်လာလေသည်။

ဧည့်ခန်းရောက်တော့ ဝါဆိုဦး၏မိခင်ပေါင်ပေါ်၌ထိုင်နေသော သတိုးဝင့်ထည်ကို ဘွားအေဖြစ်သူဝါဆိုဦး၏မိခင်က ထမင်းကိုစိတ်ရှည်လက်ရှည်ခွံ့ကျွေးနေသောမြင်ကွင်းကြောင့်ရှင်ဝယ်ချမ်းမြေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုဦးအတွက် တမြေ့မြေ့ခံစားခဲ့ရသောဝေဒနာသည် ဝါဆိုဦးမိသားစု၏ပေးဆပ်မှုမေတ္တာကြွေးများကြောင့် တဖြည်းဖြည်းချင်းလွင့်ပြယ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ရင်း ဝိတိမျက်ရည်လေးများပင် စိမ့်ထွက်လာလေတော့သည်။

ကိုယ့်နှလုံးသားကိုလိမ်ညာဖို့ကြိုးစားနေသော မမကြီးကို နည်းနည်းတော့ စိတ်စနိုးစနောင့်ဖြစ်အောင်ကလိလိုက်ဦးမှဟုဆိုကာ မောင်နှမနှစ်ယောက်နှင့်ဒေါက်တာဝေယံဖွန့် တိုင်ပင်ကာ မမကြီးအား သတင်းအတိအကျမပေးဘဲ လျှို့ထားလိုက်ကြသည်။

တကယ့်တော့. . . ။

*





အခန်း(၃၄)

'မင်္ဂလာပွဲကိုတော့ ဒီမှာပဲ မိရိုးဖလာထုံးစံအတိုင်းကျင်းပပေးပြီး သားခွင့်ရတော့မှ ရန်ကုန်မှာ ဧည့်ခံပွဲထပ်လုပ်ပေးပါ့မယ်'

ဒေါက်တာဝေယံဖွန့်၏မိခင် ဒေါ်မြင့်မြင့်သန်းက သာရွှန်းရွှန်းဝေဦးဆောင်ပြောဆိုနေလေသည်။

'မြင့်ကလည်း ဦးဝင့်ထည်ဆန္ဒကို အရင်မေးပါဦး'

'ဩော် ဟုတ်သားပဲ ဆောရီး ဦးဝင့်ထည်ရေ. . ကျွန်မလည်း သမီးကောင်းကိုလက်လွှတ်ရမှာစိုးကြောက်ပြီး ဆန္ဒတွေစောသွားခဲ့တယ်။ ဦးဝင့်ထည်ဆန္ဒကိုပြောပါဦး'

မုန်တိုင်းနောက်က လေပြေညှင်းဆိုတာရှိစမြဲပင်။ ကံဆိုးခြင်းနောက်မှ ကံကောင်းခြင်းတို့စုပြုံဆိုက်ရောက်လာပြီဖြစ်သော ညီမအဖြူထည်အတွက် ဝမ်းသာနေမိသော်လည်း နှလုံးသား၏ထောင့်တစ်နေရာကတော့ ဆူးနင့်နာကျင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ဆန္ဒထက် သမီးဆန္ဒက အရေးကြီးပါတယ် သမီးဆန္ဒကကော'

ထမင်းစားဝိုင်း၌ စားရင်းသောက်ရင်း ဆွေးနွေးပြောဆိုကြခြင်းသည်လည်း မင်္ဂလာစကားဆိုပါက အင်မတန်ကောင်းသည့်နည်းလမ်းတစ်ခုဖြစ်လေသည်။

'မကြီး'

'အင်'

အနားမှာကပ်ထိုင်နေသောအဖြူထည်က သူ့အား တံတောင်နှင့်လှမ်းတွက်လေသည်။

'ဘာလဲ'

'မေးနေတယ်လေ'

မိုးမြင့်ထည် အူကြောင်ကြောင်ဖြစ်သွားရသည်။

ဘယ်နှယ့် ဖြူ ကြောင်နေတာလား။ ထိုစဉ် ဖခင်က

'သမီးကြီး'

'ရှင်'

'သမီးကြီးဆန္ဒက ဘယ်လိုလဲလို့မေးနေတယ်'

'ရှင်'

တစ်ရှင်တည်းရှင်ကာနေသော သူ့ထံသို့ မျက်လုံးအစုံ (၆)စုံက ဆိုက်ရောက်လာသည်။





အားလုံး၏မျက်နှာပြင်ပေါ်တွင်လည်း ပြုံးရိပ်များသျှတ်သန်းနေလေသည်။

မိုးမြင့်ထည်နားမလည်။

'ဖြူကျေနပ်ရင်ပြီးတာပဲ သမီးက ဘာပြောစရာရှိမှာလဲ'

'အို ကာယကံရှင် သတို့သမီးရဲ့ဆန္ဒကသာ အရေးအကြီးဆုံးလေ သမီးမိုး'

ဒေါ်မြင့်မြင့်သန်း၏အပြောကြောင့် မိုးမြင့်ထည်အံ့အားသင့်ကာ သွေးလှည့်ပတ်မှုကလည်းရုတ်တရက်မြန်ဆန်လာလေတော့သည်။

အရှက်သိပ်သည်းသွားမှုကြောင့် တစ်ကိုယ်လုံး ထူထူပူပူဖြစ်သွားရလေသည်။

'ဟုတ်တယ်လေ မောင်ဝေယံကလည်း သမီးသဘောတစ်ခုပါပဲတဲ့'

ရှင်းရှင်းလင်းလင်းသိမှဖြစ်မည်မို့ မိုးမြင့်ထည် ဒေါက်တာဝေယံထံ့နံအားလှမ်းကြည့်လိုက်သည်။

ဟွန့်. . မုန်းစရာလူကြီး မျက်နှာက သကာရည်ဆမ်းထားသလိုချိုမြနေလိုက်တာ။

ပြီးတော့

'မိုးကို ကိုပြောပြီးပြီလေ ကိုလက်ထပ်မှာ မိုးပါပဲလို့'



www.burmeseclassic.com

www.burmeseclassic.com



'အို ဘယ်တုန်းကပြောလို့လဲ'

'မိုး ကိုယ့်အိမ်လာတုန်းကလေ'

ကြည့်စမ်း ဒီလူ။ လူကြီးတွေရှေ့မှာတောင် နှစ်ယောက်ထဲသာသိသော သူ၏အစမွှအနမ်းနှင့် ပရိုပို့စ်လုပ်ခြင်းကိုဆိုလိုကြောင်း မိုးမြင့်ထည်သဘောပေါက်လိုက်သည်။

တော်တော်အရှက်နည်းတဲ့လူ။

မိုးမြင့်ထည် မျက်လွှာချလိုက်သည်။

ပို၍သေချာအောင်

'ကျွန်မက ဖြူနဲ့ဒေါက်တာကိုသဘောတူနေတာ'

'ဖြူကို နှမလေးတစ်ယောက်လိုပဲ ချစ်ခင် စောင့်ရှောက်သွားမှာပါ။ မိုးကိုပဲမြတ်နိုးတဲ့အတွက် မိုးကိုပဲ လက်ထပ်ဖို့ နှစ်ဖက်မိဘမှာခွင့်တောင်းပြီးပါပြီ'

ဒေါက်တာဝေယံဇွန်ကတော့ ယောကျ်ားသားပီပီ ပွင့်လင်းစွာပင်ပြောလိုက်တော့မှ မိုးမြင့်ထည်လည်း မျက်နှာအထားရခက်ကာ မျက်လွှာချကာ ခေါင်းငုံ့လိုက်လေသည်။

'ဘယ့်နှယ်လဲသမီး'

ရင်ခုန်သံတဒိန်းဒိန်းကြားမှ ဆုံးဖြတ်ချက်ဝေစ်ခုကိုတော့ပေးရတော့မည်မို့ အပြေးအလွှားစဉ်းစားလိုက်သည်။

အသက်က(၃၀)။





အရွယ်တော်တလည်း တဆိတ်ဟိုင်းနေပြီ။ ရုန်းစရာကောင်းလောင်အောင် လက်ရဲဇက်ရဲနိုင်ကာ အပိုင်ချည်တတ်သောလူကြီးကို ပညာပေးချင်သော်လည်း နှစ်ဖက်မိဘတွေ၏မျက်နှာက ရှိသေးသည်။

သို့သော်

'သမီးကို စဉ်းစားခွင့်တော့ပေးပါဦး ဘဝတစ်သက်တာအရေးမို့ပါ'

'ဟင် သမီးတို့ချင်း ရည်ငံပြီးအားမဟုတ်ဘူးလား'

ဒေါ်မြင့်မြင့်သန်းအမေးကြောင့် မိုးမြင့်ထည်ခေါင်းမော်ကာ ဒေါက်တာဝေယံဇွန်အား မျက်စောင်းထိုးကြည့်လိုက်သည်။ ပြုံးဖြီးဖြီးနှင့်မြုံးမိသည့်ငါးနှယ်ဖြစ်နေသောရုပ်ကြီးက

'မိုးက ရှက်နေလို့ပါမေမေ လျှောက်မေးမနေပါနဲ့တော့ ရက်ကောင်းရက်မြတ်သာရွေးလိုက်ပါတော့'

'ရှင်နော် တစ်ဖက်သတ်မပြောနဲ့'

မိုးမြင့်ထည် သည်းခံနိုင်သောအတိုင်းအတာကုန်သွားသဖြင့် လှမ်းဟန့်လိုက်သည်။

'မကြီးကလည်း ဖေဖေရှိသေးတယ်လေ'

အဖြူထည်က သူ့အား လှမ်းဟန့်သည်။ ဖခင်က ရယ်ကာ...

www.burmeseclassic.com



'သမီးကြီးက စီးပွားရေးသာကျွမ်းကျင်တာ လူမှုရေးကိစ္စတော့ အရိုင်းသက်သက်ဖြစ်နေသေးတယ်။ လူငယ်ချင်းထပ်ညှိကြပါဦးဗျာ။ သူတို့ဆန္ဒအတိုင်းသာ လုပ်ပေးကြတာပေါ့ဗျာ'

ဟုနိဂုံးချုပ်ပေးလိုက်သဖြင့် မိုးမြင့်ထည်လည်း နေသာထိုင်သာ ရှိသွားရလေသည်။ ဘယ်လောက် မျက်နှာပြောင်တဲ့လူလဲ။

'မိုးကိုခွင့်ပြုပါ ခေါင်းနည်းနည်းမူးလာလို့ပါ'

မိုးမြင့်ထည် တုန်လှုပ်မှုကိုလူသိမှာစိုးသဖြင့် ထမင်းစားဝိုင်းမှ ခွင့်ပန်ကာ ထွက်ခဲ့သည်။ အိမ်ပေါ်သို့တောက်လျှောက်တက်ခဲ့ပြီး အိပ်ခန်းထဲဝင်ကာ လော့ချထားလိုက်သည်။

ထိုစဉ် လက်ကိုင်ဖုန်းကမြည်လာသဖြင့် ဖွင့်ကိုင်လိုက်သည်။

'မိုး'

'ရှင်'

'ကို ပန်းခြံထဲမှာ'

'ရှင်သိပ်လွန်တာပဲ ရှင့်ကို ဘယ်သူက ချစ်ပါတယ် လက်ထပ်ပါမယ်လို့ပြောသေးလို့လဲ ရှင့်ဘာသာ တစ်ဖက်သတ်ဗိုက်ဇာရိုက်နေ'

'ဟုတ်လား မပြောရသေးဘူးလား ကိုက ပြောပြီးပြီပဲ





ထင်နေတာ'

'ရှင်နော် အူကြောင်ကြောင် မလုပ်နဲ့ ဒီလောက်လက်ရဲဖက်ရဲနိုင်တဲ့လူက မိန်းမကျွမ်းကျင်နေလို့သာပဲနေမှာ ရှင့်ကိုအဲဒီအချက်တစ်ချက်တည်းနဲ့ လက်ထပ်ဖို့အတော်စဉ်းစားရဦးမှာ'

'ဟတ်ဟား မိန်းမကျွမ်းကျင်တယ်တဲ့လား မယုံရင်စမ်းကြည့်လိုက်လေ ငြိမ်းတဲ့မိုးဟာ မရွာတတ်ပါဘူးတဲ့ မိုးရယ် ကို့ဘဝမှာ မိန်းမတစ်ယောက်တည်းကိုသာ ရင်ခွင်ထဲထွေးပိုက်နမ်းရှိုက်ဖူးတာပါ အဲဒါ သိပ်ချစ်လွန်းလို့ နှလုံးသားကမနေသာလွန်းလို့အသည်းယားပြီးဖြစ်မိသွားတာပါ ဒီအတွက် မိုးပေးတဲ့ လက်ဝါးဒဏ်ကိုလည်း ကို့ပါးပြင်က ခံယူပြီးပါပြီ ကျေနပ်ပါတော့နော်'

'မကျေနပ်ဘူး'

'မကျေနပ်သေးရင် ကိုယ်တိုင် မိုးအခန်းကိုတက်လာပြီးချော့တော့မယ် ဖေဖေ့ဆီမှာသော့တောင်းလိုက်ရမလား'

'ရှင် မမိုက်ရိုင်းနဲ့နော်'

မိုးမြင့်ထည် နှုတ်မှသာ ဘုတောနေရသည်။ ရင်ထဲမှာတော့ အမျက်ဒေါသလုံးဝရှိမနေတော့ပါချေ။

'ဟာ ချစ်သူကို ကျေနပ်အောင်ချော့မယ်ဆိုတာ မိုက်ရိုင်းတဲ့စကားလားဗျာ မိုးရယ် မိုးကိုလည်း ဆောက်လုပ်ရတော့မယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'xxx'

'မိုး'

ဖုန်းခလုပ်ကို မပိတ်မိသေးပါချေ။ အုံ့ဩဖွယ်ကောင်းသည်က စောစောပိုင်းကနှလုံးသားထောင့်တစ်နေရာ၌ နာကျင်နေခဲ့သော အနာတရလေးမှာ လုံးဝ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားခဲ့လေပြီ။ ဘာကြောင့်နည်းဟု သူနားမလည်။

'မိုး'

'ဘာလဲ'

'မိုးကိုချစ်တယ် အမြန်ဆုံးလက်ထပ်ချင်တယ် မိုး မြင်းဆန်နေမယ်ဆိုရင် ကို့အကြောင်းသိတယ်နော် ဘာမှကြောက်မနေဘူး ဘစ်ခါတည်းခိုးပြေးလိုက်မှာ'

'လုပ်ရဲလုပ်ကြည့်ပါလား'

'စိန်ခေါ်တာလား ပြီးမှဘွာမခတ်စတမ်းနော်'

မိုးမြင့်ထည် ပြုံးမိလေသည်။ အချစ်သည် အံ့ဩဘွယ်ကောင်းလွန်းလှသည်။ အချစ်ကြောင့် အရွယ်ကိုလည်း မေ့လျော့စေတတ်သည်။ အချစ်ကြောင့် ဂုဏ်သိက္ခာကိုလည်းသကြီးလ်ပစ်ထားနိုင်စွမ်းရှိလေသည်။ ဒေါသလောက်ကိုလောက်တော့ အပရိကမျှပင်ဖြစ်ရာ မိုးမြင့်ထည်ကြည်ကြည်နူးနူးပင် ပြုံးနေမိသည်။ တယ်လီဖုန်းထဲကပဲ သူမြင်တာလိုက်လို့။





'မိုး မိုး ဟယ်လို မိုး'

'ဘယ်လိုဖြစ်နေတာလဲ နားမပင်းဘူး'

'ဘာလို့မထူးတာလဲ'

'မုန်းလို့'

'ဘာ ချစ်တယ်ဟုတ်လား'

'ရှင်နော်'

'မောင်နော် ဟုတ်လား ကို့ကိုအဖြေပေးပါတော့ကွာ'

'မပေးဘူး ဘယ်တော့မှမပေးဘူး'

'မိုးရယ် မညည်းဆဲပါနဲ့ကွာ တောင်းပန်ပါတယ်'

'ရှင် ကျွန်မကို ကိုယ်ထိလက်ရောက်ညည်းပမ်းနှိပ်စက်ထားတာနဲ့စာရင် ကျွန်မညည်းဆဲတာက အသေးအမွှားပါ'

'မိုးရယ် မိုးကိုတကယ်ချစ်တာပါ'

'မကြားချင်ဘူး ဒါပဲ စဉ်းစားဦးမယ်'

'ဘယ်နှရက်စဉ်းစားမှာလဲ'

'တစ်သက်လုံး'

'ဟာကွာ'

ပြောပြောဆိုဆို မိုးမြင့်ထည်ဖုန်းပိတ်လိုက်လေသည်။ ပြီးတော့ ပြတင်းပေါက်မှခန်းစည်းကိုလှပ်ကာ ပန်းခြံဆီချောင်းကြည့်လိုက်တော့ ဖုန်းကိုနှိပ်ကာ ဂဏှာမငြိမ် မျှော်မီးခဲကိုင်မိ



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေသောဒေါက်တာဝေယံမွန်ကိုကြည့်ရင်း အသံထွက်အောင်ရယ်မောလိုက်မိလေသည်။ တစ်သက်တာအရေးမို့ တစ်ရက်တာကလေးလောက်တော့ ဒဏ်ပေးခြင်းနဲ့ကျီစယ်ခြင်းဖြစ်ကြောင်းကို ဒေါက်တာဝေယံမွန် နောက်နေ့၌ သဘောပေါက်သွားပေလိမ့်မည်။ သူကိုယ်တိုင်ကလည်း မချစ်စဖူး အချစ်ထူးမို့ စွဲလမ်းသွားခဲ့သောသူ့ကို အကြာကြီးအချိန်ဆွဲကာ မမူရက်နိုင်ပါချေ။

ဩော်. . အချစ်သည် လူကို ရူးသွပ်စေလောက်အောင် ဆွဲငင်အားရှိသည်ထင့်။

မြပုလဲခင်
၁၂နာရီ ၃မိနစ်
၂၇-၃-၀၆

လှိုင်တင်ပေ

www.burmeseclassic.com